Myanmar Centre for Responsible Business

PWINT THIT SA PROJECT
Transparency in Myanmar Enterprises



# ပွင့်သစ်စ စီမံချက်

## Transparency in Myanmar Enterprises

တတိယအကြိမ် အစီရင်ခံစာ၊ ၂၀၁၆

+95 1 510069 | info@myanmar-responsiblebusiness.org | www.mcrb.org.mm

---

The Pwint Thit Sa/TiME report is intended to encourage increased transparency by Myanmar businesses.
It was inspired by Transparency International's Transparency in Corporate Reporting study.

Myanmar Centre for Responsible Business

**မူပိုင်ခွင့် - မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) စက်တင်ဘာ ၂၀၁၆။**

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) သည် ယူကေအခြေစိုက် Institute of Human Rights and Business, နှင့် ဒိန်းမတ်နိုင်ငံအခြေစိုက် Danish Institute for Human Rights. တို့၏ ပူးပေါင်းဆောက်ရွက်မှုဖြင့် ရန်ကုန်မြို့အခြေစိုက် ဖွင့်လှစ်ထားသောအဖွဲ့အစည်းပင်ဖြစ်ပါသည်။ ယူကေ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန် နှင့် အိုင်ယာလန်နိုင်ငံအစိုးရများထံမှ ရန်ပုံငွေအထောက်အပံ့ရရှိပါသည်။

MCRB စင်တာတည်ထောင်ရခြင်းမှာ မြန်မာနိုင်ငံတွင်း တာဝန်ယူမှုရှိသောစီးပွားရေးနှင့် ပတ်သက်သော အသိပညာ၊ စွမ်းရည်နှင့် စကားဝိုင်းများဖန်တီးရန်အတွက် ထိရောက်ပြီး တရားဝင် နည်းလမ်းကျသောလမ်းကြောင်း (platform) တစ်ခုပေါ်ထွန်းလာစေရန် ဖြစ်သည်။ ဒေသတွင်းလိုအပ်ချက်နှင့် နိုင်ငံတကာစံချိန်စံညွှန်းများပေါ်တွင် အခြေခံ၍ တာဝန်ယူမှုရှိသောစီးပွားရေးအလေ့အကျင့်ကောင်းများပေါ်ပေါက်လာစေရန်ဖြစ်သည်။ ၎င်းသည် စီပွားရေးလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရများအကြား ကြားနေကာအတူအကွလုပ်ဆောင်ရန်ဖြစ်သည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) သည် UN GLOBAL COMPACT ၏ ပါဝင်ပတ်သက်ဆက်နွယ်မှုနှင့် ပတ်သက်သည့် သတင်းပေးပို့ချက်အား ဩဂုတ်လ ၂၀၁၆ တွင် ထုတ်ပြန်ခဲ့ပြီး UNGC သို့ ၂၀၁၄ ခုနှစ် စတင်ဝင်ရောက်ခဲ့သည်မှစ၍ ချမှတ်ထားသောအခြေခံမူ ၁၀ ချက်နှင့်အညီ ဆောင်ရွက်လျှက်ရှိသော ၎င်း၏ လုပ်ဆောင်ချက်များအားလည်း ဖော်ပြထားပါသည်။ ဤတွင် ကြည့်ရှုနိုင်ပါသည်။ http://www.myanmar-responsiblebusiness.org/news/first-ungc-coe.html

**မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန**
အမှတ် (၁၅)၊ ရှမ်းရိပ်သာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။
အီးမေလ်း info@myanmar-responsiblebusiness.org
ဝက်ဆိုဒ်: www.myanmar-responsiblebusiness.org နှင့် www.mcrb.org.mm

MCRB မှ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ မူပိုင်ခွင့်ရှိသည်။ MCRB သည် ဤပုံနှိပ်တွင် ပါဝင်သည့် အကြောင်းအရာများအား လွတ်လပ်စွာပြန်လည်ကူးယူ ထုတ်ဝေခြင်းကို ခွင့်ပြုသည်။ ထိုသို့ ပြန်လည်ကူးယူ ထုတ်ဝေမည်ဆိုပါက MCRB ထံသို့ အကြောင်းကြားရန်နှင့် ထိုကူးယူထုတ်ဝေမည့် စာပုံနှိပ်ကော်ပီအား အထက်ပါလိပ်စာအတိုင်း MCRB ရုံးသို့ပေးပို့ရန် ဖြစ်သည်။ ထိုသို့ ပြန်လည်ကူးယူထုတ်ဝေမည့် ခွင့်ပြုချက်အား တောင်းခံရန်နှင့် ပုံနှိပ်ထုတ်ဝေမည့် ဘာသာပြန်ချက်အား MCRB လိပ်စာအတိုင်း လိပ်မူပြီး ပေးပို့ရမည်ဖြစ်သည်။

**အသိမှတ်ပြုကျေးဇူးတင်လွှာ**

MCRB အနေဖြင့် နိုင်ငံတကာပွင့်လင်းမြင်သာမှု (Transparency International) က မူပိုင်ခွင့်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု အစီရင်ခံခြင်းမှ မေးခွန်း ၁-၂၀ အား အသုံးချခွင့်ပြုမှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။ ထပ်မံသိရှိလိုပါက http://www.transparency.org တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

Pre-Collegiate Programme မှ Raj Gautam အားလည်း ၎င်း၏ အားသွန်ခွန်စိုက် သုတေသနပြုမှုအတွက် ကျေးဇူးတင်ပါသည်။ ဆက်လက်ဆည်းပူးရမည့် ပညာရေးခရီးတွင် ကောင်းမွန်ပါစေရန်လည်း ဆုတောင်းပေးပါသည်။ ထို့အပြင် ၂၀၁၆ခုနှစ်တွင် MCRB နှင့် တွဲဖက်လုပ်ကိုင်ပေးသည့် Fulbright-Clinton Fellow ဖြစ်သူ Jon Keesecker ကိုလည်း ကျေးဇူးတင်ပါသည်။ Nicolas Delange ကိုလည်း ၎င်း၏ ပါဝင်မှုအတွက်လည်းကောင်း။ အခြား ဖြည့်စွက်ပံပိုးပေးသူများ အားလုံးကိုလည်းကောင်း MCRB က အသိမှတ်ပြု ကျေးဇူးတင်အပ်ပါသည်။

# မာတိကာ

၄ အနှစ်ချုပ်
၄ ၂၀၁၅ အစီရင်ခံချက်မှ စ၍ တိုးတက်ပြောင်းလဲလာမှုများ
၆ အစိုးရ လုပ်ဆောင်မှုအတွက် လက်ရှိအခွင့်အလမ်းများ
ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ
ရန်ကုန်စတော့ အိတ်ချိန်း
အဂတိလိုက်စားမှု
ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်
၁၁ ကုမ္ပဏီ၏ ပွင့်လင်းမြင်သာမှု အပေါ်တွင် ပါဝင်ပတ်သက်ဆက်နွယ်သူများ၏ အမြင်များ
နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများမှ အမြင်များ
အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အမြင်များ
မြန်မာ့စီးပွားရေးလုပ်ငန်းများမှ အမြင်များ
၁၆ စီမံချက်ဆောင်ရွက်ရခြင်းနှင့် စနစ်တကျ ဆောင်ရွက်ပုံ အဆင့်ဆင့်
ကုမ္ပဏီရွေးချယ်ခြင်း
အုပ်စုများ
ဝဘ်ဆိုဒ်ရှိသည့် ကုမ္ပဏီခွဲများ
ကုမ္ပဏီများနှင့် ဆက်သွယ်ခြင်း
အရှိတရား စစ်ဆေးမှုများ
အမှတ်ပေးခြင်း
၂၁ ရလဒ်များ
ခြုံငုံသုံးသပ်ချက်
ရလဒ်ဇယား
ဝဘ်ဆိုဒ်မရှိသည့် ကုမ္ပဏီများ
၂၈ အပိုင်းလိုက် စွမ်းဆောင်ရည်
အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ် (ACP)
အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု
ကျန်းမာရေး၊ လုံခြုံစိတ်ချရမှု၊ ပတ်ဝန်းကျင် (HSE)၊ လူ့အခွင့်အရေးနှင့် မြေယာ
၃၄ အကြံပြုချက်များ
မြန်မာကုမ္ပဏီများသို့
မြန်မာအစိုးရသို့
လွှတ်တော်သို့
ရင်းနှီးမြှုပ်နှံသူ အသိုင်းအဝိုင်းသို့
မီဒီယာ အပါအဝင် မြန်မာအရပ်ဘက်အဖွဲ့အစည်းများသို့
၃၉ နောက်ဆက်တွဲ (၁)အမှတ်ပေးစည်းမျဉ်း
အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ် (ACP)
အဖွဲ့အစည်းဆိုင်ရာပွင့်လင်းမြင်သာမှု
ကျန်းမာရေး၊ လုံခြုံစိတ်ချရမှု၊ ပတ်ဝန်းကျင် (HSE)၊ လူ့အခွင့်အရေးနှင့်မြေယာ
၅၂ နောက်ဆက်တွဲ (၂) မီဒီယာဖော်ပြချက်များနှင့် အရပ်ဘက်အဖွဲ့အစည်း အကြံပြုချက်များ အနှစ်ချုပ်

Myanmar Centre for Responsible Business

## အနှစ်ချုပ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင် (HSE) တို့အတွက် မေးခွန်း ၃၅ ခုဖြင့် လုပ်ငန်း ပမာဏကြီးမားသော မြန်မာကုမ္ပဏီ ၁၀၀ ၏ ကော်ပိုရိတ်ဝဘ်ဆိုဒ်များကို ဆန်းစစ်လေ့လာသည့် တတိယ အကြိမ်မြောက် ပွင့်သစ်စ အစီရင်ခံစာကို မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန က ထုတ်ပြန်ခဲ့သည်။

၂၀၁၆ ခုနှစ် ၏ ပွင့်လင်းမြင်သာမှုအရှိဆုံး ကုမ္ပဏီ ၁၀ ခု၊ သို့မဟုတ် ၁၅ ခုမှာ ၂၀၁၅ တွင် ပွင့်လင်းမြင်သာမှု အရှိဆုံးကုမ္ပဏီအများစုနှင့် အမှတ်စဉ်များ အနည်းငယ် ပြောင်းလဲသွားသည်မှအပ အတူတူပင်ဖြစ်သည်။ ၂၀၁၆ တွင် အမှတ်အများဆုံးရရှိသည့် ကုမ္ပဏီများမှာ (SPA) မှ သီးခြားခွဲထုတ် အမှတ်ပေးခဲ့သည့် First Myanmar Investment (FMI) ၊Serge Pun and Associate (SPA)နှင့် မက်စ်မြန်မာတို့ ဖြစ်သည်။ ထိပ်ဆုံးတွင်ရှိနေသည့် ကုမ္ပဏီများသည် ဘဏ္ဍာရေးအချက်အလက်များ၊ နစ်နာမှုကုစားရေး ယန္တယားများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝသက်ရောက်မှု လေ့လာဆန်းစစ်မှု များ ထုတ်ပြန်ခြင်းစသည့် နယ်ပယ်များတွင် တိုးတက်မှုများရှိခဲ့သည်။ သို့သော်လည်း ကုမ္ပဏီ အတော်များများ (ဆန်းစစ်လေ့လာခဲ့သည့် ကုမ္ပဏီများ၏ ၃၄ ရာခိုင်နှုန်း) တွင် ဝဘ်ဆိုဒ်မရှိခြင်း သို့မဟုတ် (၄၅%) က စီးပွားရေး စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာအချက်အလက် အနည်းငယ်သာ ထုတ်ပြန်ခဲ့ကြသည်။

မြန်မာကုမ္ပဏီများ၊ အစိုးရ၊ လွှတ်တော်၊ အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် မီဒီယာများကို အကြံပြုချက်များ ပေးထားပါသည်။

## ၂၀၁၅ အစီရင်ခံချက်မှစ၍ တိုးတက် ပြောင်းလဲလာမှုများ

၂၀၁၄ ဇူလိုင်လတွင် ပထမဆုံးအကြိမ် ပွင့်သစ်စအစီရင်ခံစာကို MCRB က ထုတ်ပြန်ခဲ့သည်။[1] ရည်ရွယ်ချက်မှာ ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုအတွက် ၎င်းတို့အား အများပြည်သူရှေ့မှောက်တွင် အသိအမှတ်ပြုပေး ခြင်းဖြင့် မြန်မာကုမ္ပဏီများကို သတင်းအချက်အလက်ထုတ်ပြန်ပေးခြင်းအပိုင်းတွင် ပိုမိုလုပ်ကိုင် လိုစိတ်ဖြစ် ပေါ်လာစေရန် မက်လုံးပေး ဆွဲဆောင်ခြင်း ပင်ဖြစ်သည်။

နှစ်နှစ်ကြာလာသည့်အခါ ပွင်လင်းမြင်သာမှုကဏ္ဍတွင် သိသာသည့် တိုးတက်ပြောင်းလဲမှုအချို့အား မြန်မာကုမ္ပဏီများ ပြုလုပ်လာခဲ့သည်ကို တွေ့မြင်နိုင်မည် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ခရိုနီဝါဒနှင့် အဂတိလိုက်စားမှုတို့နှင့်ပတ်သက်ပြီး သံသယများ ရှိနေခြင်းကြောင့် မြန်မာ့စီးပွားရေးလုပ်ငန်းကဏ္ဍကို တိမ်သလ္လာဖုံးနေဆဲ ဖြစ်သည်။ ထိုသို့သော အခြေအနေများက ပြည်တွင်းသက်ဆိုင်ပတ်သက်သူများ၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်ရန်နှင့် မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းနေသည့် စီးပွားရေးလုပ်ငန်းများနှင့် အစိုးရများ၊ သို့မဟုတ် နိုင်ငံတကာဘဏ္ဍာရေး အဖွဲ့အစည်းများကဲ့သို့ နိုင်ငံတကာ သက်ဆိုင်ပတ်သက်သူများကိုပါ စိုးရိမ်ပူပင်မှုများ ဖြစ်စေခဲ့သည်။

ကမ္ဘာ့ဘဏ်က ပြုလုပ်သည့် ကုမ္ပဏီကြီးများ အချက်အလက်ဆန်းစစ်သုံးသပ်ချက် (၂၀၁၄ အချက်အလက်များအရ)[2] အချို့သောလုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ ဥပမာအားဖြင့် လုပ်ပိုင်ခွင့်လိုင်စင်၊ ပြည်တွင်းသို့ တင်သွင်းခွင့် လိုင်စင်ရယူခြင်း၊ လျှပ်စစ်ဆက်သွယ်မှုပိုင်းဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိရန်ဆောင်ရွက်ခြင်း သို့မဟုတ် အခွန်အရာရှိများနှင့် အစည်းအဝေးများ ပြုလုပ်ခြင်းကိစ္စရပ်များတွင် အဂတိလိုက်စားမှုများရှိနေပြီး မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုသည် အာရှပစိဖိတ်ဒေသ၏ ပျမ်းမျှထက်

1 www.myanmar-responsiblebusiness.org/news/first-pwint-thit-sa-time-report.html
2 http://www.enterprisesurveys.org/data/exploreeconomies/2014/myanmar

**ထိပ်ဆုံးတွင်ရှိနေသည့် ကုမ္ပဏီများသည် ဘဏ္ဍာရေးအချက်အလက်များ၊ နစ်နာမှုကုစားရေး ယန္တယားများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝသက်ရောက်မှု လေ့လာဆန်းစစ်မှုများ ထုတ်ပြန်ခြင်းစသည့် နယ်ပယ်များတွင် တိုးတက်မှုများရှိခဲ့သည်။**

သိသာစွာ မြင့်မားနေသည်။ ၎င်းသည် အဂတိလိုက်စားမှု ညွှန်းကိန်းနှင့် အတူတူပင် ဖြစ်သည်။ [3]

မြန်မာပြည်သူများ၏ အမြင်တွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသည်မှာ (ချဲ့ကားပြောဆိုရမည်ဆိုလျှင်) ၁၉၈၈ - ၂၀၁၀ အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့သည့် မည်သည့်ကုမ္ပဏီမဆို အဂတိလိုက်စားသည့် အလေ့အထများနှင့် ခရိုနီဝါဒတို့ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်ဟု ယုံကြည်နေကြသည်။ ၂၀၁၄ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး သယံဇာတတူးဖော်ထုတ်ယူရေး လုပ်ငန်းများအပေါ် ဦးတည်စောင့်ကြည့်သည့် အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သော Myanmar Alliance for Transparency and Accountablity (MATA) ၏ အဖွဲ့ဝင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများသည် အတိတ်က မှားယွင်းမှုများကိုကုစားရန်နှင့် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းအလေ့အထများကို ကျင့်သုံးဆောင်ရွက်ခြင်းမရှိသည့် ခရိုနီများနှင့် ၎င်းတို့၏ မိသားစုဝင်များစသည့် လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုသင့်ဟု ဆိုခဲ့ကြသည်။[4]

ယခင်အစီရင်ခံစာ ထုတ်ဝေပြီးချိန်နောက်ပိုင်း သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှုမှာ မြန်မာနိုင်ငံ၏ သမိုင်းဝင် ၂၀၁၅ ရွေးကောက်ပွဲမှစတင်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သော အစိုးရအဖွဲ့သစ် ဖွဲ့စည်းထူထောင်မှုပင်ဖြစ်သည်။ NLD ၏ အာဏာလွှဲပြောင်းရယူပြီး လုပ်ကိုင်ဆောင်ရွက်ရမည်များအနက် ဦးစားပေးမှာ လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုတို့အား ကိုင်တွယ်ဖြေရှင်းရန်ပင် ဖြစ်သည်။ အစိုးရဝန်ထမ်းများ၏ လက်ဆောင်ရယူလက်ခံရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ခြင်းမှာလည်း အပါအဝင်ပင် ဖြစ်သည်။[5] အဆိုပါ လမ်းညွှန်ချက်များတွင်-

အချို့သောကိစ္စရပ်များတွင် လက်ဆောင် ပေးကမ်းခြင်းမျိုးတွင် သတ်မှတ်အဆင့် (၂၅၀၀၀ ကျပ် သို့မဟုတ် ဒေါ်လာ ၂၀ ဝန်းကျင်၊ ယခင်အစိုးရလက်ထက် ၃၀၀,၀၀၀ ကျပ်မှ လျော့ဆင်းသွားခြင်း) အချို့သော ကိစ္စရပ်များတွင်မူ လုံးလုံးလျားလျား တားမြစ်ကန့်သတ်ထားခြင်းတို့ ပါဝင်သည်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၊ ဒေသတွင်း ပါဝင်ပတ်သက်ဆက်နွှယ်သူများ အားလုံး၏ ယုံကြည်ချက်အား ရရှိနိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် တန်းတူညီမျှတမှုရှိသော အခြေအနေကို ဖန်တီးပေးခြင်းအားဖြင့် မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ဆောင်ချက်များ ဖြစ်ပေါ်လာစေရန် တွန်းအားပေးသော အရေးပါအရာရောက်သော ခြေလှမ်းတစ်ရပ်ပင် ဖြစ်ပါသည်။

အထက်ပါ ပြုပြင်ပြောင်းလဲမှုပိုင်းဆိုင်ရာ အကြောင်းအရာအား ပိုမိုမြင်သာအောင်ထောက်ပြနိုင်သည့် အချက်မှာ အမည်မဖော်လိုသော မီဒီယာကုမ္ပဏီတစ်ခု (သတင်းမီဒီယာဌာနများ၏ ထင်မြင်ချက်များအရ ရွှေသံလွင်အဖွဲ့၏ တစ်စိတ်တစ်ဒေသဖြစ်သော စကိုင်းနက်) က ဧပြီ ၂၀၁၆ခုနှစ် သင်္ကြန်ရေကစားပွဲတော်တွင် သမ္မတရုံးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား လက်ဆောင်အနေဖြင့် ကျပ် ၅ သန်း ပေးအပ်ခဲ့ခြင်းကို သမ္မတရုံးမှ သတိပေးချက် ထုတ်ပြန်ခြင်းပင် ဖြစ်သည်။[6] မည်သို့ပင်ဆိုစေကာမူ ပြည်သူ့ဝန်ထမ်းများ လာဘ်စားခြင်းနှင့် ပတ်သက်၍ တိုက်ဖျက်ရန် NLD တွင် ဆန္ဒရှိသော်လည်း အစိုးရအနေဖြင့် ပြည်သူ့

3 လာဘ်ထိုးမှု တံစိုးလက်ဆောင်ပေးအပ်မှု ဖြစ်ပွားမှုပမာဏဆိုသည်မှာ လျှပ်စစ်ဓာတ်အား၊ ရေ စသည့် ဝန်ဆောင်မှုလုပ်ငန်းများ ရရှိရန်၊ ပါမစ်များရရှိရန်၊ လိုင်စင်များနှင့် အခွန်ကိစ္စရပ်များဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် ၆ ကြိမ်တွင် ၁ ကြိမ် တံစိုးလက်ဆောင် ပေးအပ်မှုများကို လုပ်ငန်းစုများအနေဖြင့် တွေ့ကြုံရသော အကြိမ်ရေပင်ဖြစ်သည်။ လာဘ်ပေးမှု အတိမ်အနက်ဆိုသည်မှာ ထိုသို့လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် လက်ဆောင် သို့မဟုတ် တရားမဝင်သော ငွေပေးအပ်မှုအား တောင်းဆိုမှုခံရသော ပမာဏပင်ဖြစ်သည်။

4 Myanmar Centre for Responsible Business, October 2014, Briefing paper on CSOs and extractives industries

5 'NLD cracks down on nepotism', Myanmar Times, 27 April 2016

6 President's Office Calls Out Media Company For Alleged Govt Bribe, Irrawaddy, 20 April 2016

ဝန်ထမ်းများအား လာဘ်ပေးသော ကုမ္ပဏီများအပေါ်တွင် အပြစ်ပေးအရေးယူနိုင်ရန်အတွက် ထပ်မံ၍ လုပ်ရမည့် ခြေလှမ်းများရှိနေသေးသည်။ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရန်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအား ပြုပြင်ပြောင်းလဲမှုပြုလုပ်ကာ ကုမ္ပဏီများက လာဘ်ပေးခြင်းအပေါ်တွင် ဥပဒေအရ တာဝန်ရှိစေရန် ပြုလုပ်ဖို့လိုအပ်ပေသည်။ ကုမ္ပဏီများဘက်ကရော NLD အပါအဝင် နိုင်ငံရေးပါတီများဘက်ကပါ စီးပွားရေးလုပ်ငန်းများမှ နိုင်ငံရေးပါတီများသို့ ပိုက်ဆံသော်လည်းကောင်း၊ ပစ္စည်းသော်လည်းကောင်း လှူဒါန်းလက်ခံရာတွင် ပွင့်လင်းမြင်သာမှုရှိရန် များစွာလိုအပ်ပေသည်။[7]

## အစိုးရလုပ်ဆောင်မှုအတွက် လက်ရှိအခွင့်အလမ်းများ

မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော သိသာထင်ရှားသည့် စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အောင်မြင်မှုများရရှိပြီး ပြည်သူလူထု ယုံကြည်မှုရရှိရေးတွင် စီးပွားရေးလုပ်ငန်း၏ အစိတ်အပိုင်းတွင် ပါဝင်သော ပွင့်လင်းမြင်သာမှုသည် မရှိမဖြစ် လိုအပ်သည်။ နိုင်ငံ့ခေါင်းဆောင်များကလည်း ပွင့်လင်းမြင်သာမှုနှင့် သက်ဆိုင်သော ကတိကဝတ်များကို ထုတ်ဖော်ပြောဆိုလာကြသည်။[8] စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု ပိုမိုမြှင့်တင်ရန် မြန်မာအစိုးရက ခိုင်မာသည့် ဆောင်ရွက်မှုအချို့ကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထိုသို့ဆောင်ရွက်မှုများတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ပေးဆောင်သူ ထိပ်တန်းအယောက် ၁၀၀၀ ကို ထုတ်ပြန်ခြင်းလည်းပါဝင်သည်။ ထိုစာရင်းသည် မြန်မာကုမ္ပဏီများအကြား အခွန်ထမ်းကောင်းများဖြစ်ကြောင်း ပြသရန် မှန်ကန်သည့် ယှဉ်ပြိုင်မှုတစ်ရပ် ဖြစ်စေခဲ့သည်။ ယခင် အစိုးရက ဆောင်ရွက်ခဲ့သော ပွင့်လင်းမြင်သာမှုဆိုင်ရာ အခြားဆောင်ရွက်မှုများမှာ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းနယ်ပယ်များ ပွင့်လင်းမြင်သာမှု အဖွဲ့၏ အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်း(လက်ရှိအစိုးရသစ်လက်ထက်တွင် အဖွဲ့ဝင်အဖြစ်သတ်မှတ်နိုင်ရန် စောင့်ဆိုင်းလျှက်ရှိသည်)။[9] ပွင့်လင်းအစိုးရမိတ်ဆက်(OGP)ကို စိတ်ဝင်တစားရှိခြင်း (အားလုံးမဟုတ်သည့်တိုင်)နှင့် အစိုးရတင်ဒါလုပ်ငန်းအချို့တို့ ဖြစ်သည်။[10]

## ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ

အချို့သော ဆောင်ရွက်ဆဲဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများသည်လည်း ကုမ္ပဏီများ၏ ပွင့်လင်း မြင်သာမှုကို မြှင့်တင်ရန် အသုံးပြုနိုင်မည်ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ကူညီထောက်ပံ့မှုဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)မှ ဆောင်ရွက်နေသည့် မြန်မာကုမ္ပဏီများ ဥပဒေပြုပြင်ပြောင်းလဲရေးသည် ကုမ္ပဏီ၏ ပွင့်လင်းမြင်သာမှုလိုအပ်ချက်များအတွက် အခွင့်အလမ်းတစ်ရပ်ကို ပေးနိုင်မည်ဟု မျှော်မှန်းသည်။ ဥပမာအားဖြင့် ဘဏ္ဍာရေးမဟုတ်သော ထုတ်ပြန်ခြင်းဖြစ်သည်။[11] ယင်းဘဏ္ဍာရေးမဟုတ်သော ထုတ်ပြန်ခြင်းသည်လည်း လိုအပ်ချက်ဖြစ်သလို စတော့အိတ်ချိန်းများ

7 ‘A fine line between FOC and Corruption’, Op-Ed by Vicky Bowman, Myanmar Times, 12 January 2016

8 ၂၀၁၃ တွင် သမ္မတသိန်းစိန်သည် ၎င်းတို့အစိုးရအနေဖြင့် ကတိကဝတ်ပြုသည်မှာ စီးပွားရေးလုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်းများတွင် ပွင့်လင်းမြင်သာမှုအားရှိအောင် ဆော်ဩသွားမည်။ ရင်းနှီးမြှုပ်နှံသူများထံမှ ယုံကြည်မှု တည်ဆောက်သွားမည်နှင့် မြန်မာနိုင်ငံတွင်း တာဝန်ယူမှု ရှိသော ရင်းနှီးမြှုပ်နှံမှုများ ပိုမို ဖြစ်ပေါ်လာစေရန် ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပွင့်လင်းမြင်သာမှု ရှိခြင်း၏ အရေးကြီးသောကဏ္ဍအား မီးမောင်းထိုး ပြောကြားခဲ့ပါသည်။ သူမ ပြောကြားခဲ့သည်မှာ “ ပွင့်လင်းမြင်သာမှု မရှိဘူးဆိုရင် တာဝန်ခံမှုဆိုတာလည်း ရှိမှာမဟုတ်ပါဘူး။ ပွင့်လင်းမြင်သာမှု မရှိသရွေ့ကတော့ အခု ဒီရင်းနှီးမြှုပ်နှံမှုတွေဟာ ပြည်သူလူထုကိုပဲ အကျိုးပြုမလား မပြုဘူးဆိုတာရယ် ဒါမှမဟုတ် အနည်းငယ်သော အခွင့်ထူးခံ လူတချို့သာ အကျိုးရှိမလားဆိုတာတွေကို ကျွန်မတို့ ဘယ်နည်းနဲ့မှ သိနိုင်မှာမဟုတ်ပါဘူး” ဟု ဖြစ်သည်။

9 www.myanmareiti.org

10 ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော ၂၀၁၃ မိုဘိုင်း၊ ဖုန်းလိုင်စင်တင်ဒါ ခေါ်ယူခြင်းသည် တင်ဒါခေါ်ယူခြင်း လုပ်ငန်းစဉ်များထဲတွင် အကောင်းဆုံးလုပ်ဆောင်မှု ပြုလုပ်ပြသနိုင်ခဲ့သော မကြာခဏ ကိုးကားမှုခံရသည့် မြန်မာနိုင်ငံ၏ ဥပမာတစ်ခုပင်ဖြစ်သည်။ အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအတွက် အစိုးရ၏ မြေယာခွဲဝေခြင်းသည် လုပ်ဆောင်မှုညံ့သော အလေ့အကျင့်အဖြစ် မကြာခဏ ကိုးကားခြင်းခံရပေသည်။ ရေကူး သတင်းလွှင့်ဌာန၏ တင်ဒါခေါ်ယူခြင်း ဖျက်သိမ်းခြင်းခံရမှုသည် သိပ်မကြာသေးမီက ဖြစ်ပွားခဲ့သော အဖြစ်အပျက်ပင်ဖြစ်သည်။ ဥပမာအားဖြင့် ဖတ်ရှုချင်ပါက “This is a huge ploy, Mr.President” Eleven, June 2015.

11 Asian Development Bank TA 47268-001: Strengthening Institutions for a Better Investment Climate.

အပါအဝင်များစွာသော ဥပဒေအရ ဆောင်ရွက်ရန် နည်းလမ်းများဖြင့် တိုက်တွန်းအားပေးလာခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဇွန်လတွင်ထုတ်ပြန်ခဲ့သော ကုမ္ပဏီဥပဒေမူကြမ်း အပိုဒ်-၂၆၁(ခ)အရ ဒါရိုက်တာ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းစဉ် ပြန်လည်သုံးသပ်ချက်တွင် ကုမ္ပဏီ၏ မူလ စီးပွားရေးလုပ်ငန်း ဖော်ပြချက်၊ ကုမ္ပဏီ၏ တစ်နှစ်စာလုပ်ဆောင်မှုများ သုံးသပ်ချက်၊ ရင်ဆိုင်နေရသည့် အန္တရာယ်ဖြစ်နိုင်ခြေများနှင့် မရေရာမှုများ၊ အခြားသော အကြောင်းကိစ္စတစ်ရပ်ရပ်တို့ကို ရှင်းလင်းဖော်ပြမှု တစ်ရပ်ပါရှိရမည်ဟု ထည့်သွင်းပြဌာန်းထားသည်။ အဆိုပါလုပ်ပိုင်ခွင့်သည် အစီရင်ခံစာပါ အချက်အလက်များကို တရားဥပဒေပိုင်းဆိုင်ရာတွင် လုပ်ဆောင်ခဲ့သည့်အတိုင်း ပိုမိုပြည့်စုံရှင်းလင်းစွာ ဖော်ပြနိုင်မည် ဖြစ်သည်။[12]

ခိုင်မာသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ရပ်ကို မူကြမ်းရေးဆွဲခြင်းသည်လည်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတိုးမြှင့်ရန် အခွင့်အလမ်းများ ရရှိစေသည်။ ဥပမာ-မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ထံမှ ပါမစ်တစ်ခုကို ကုမ္ပဏီက ရယူလိုပါက လုပ်ငန်းလည်ပတ်မှုဆိုင်ရာ နှစ်နာမှုကုစားရေးနည်းလမ်းများနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာတွင် ဤအကြောင်းအရာနှင့် တကွ အခြားသောဆက်စပ်အကြောင်းအရာများကို ကော်မရှင်အားတင်ပြရန်နှင့် လိုက်နာကျင့်သုံးရန် အတွက် လိုအပ်ချက်တစ်ခုအဖြစ် တောင်းဆိုရန် အစိုးရအား မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက် အကူပြုဌာနမှပြဌာန်းရန် အဆိုပြုခဲ့သည်။[13]

## ရန်ကုန် စတော့အိတ်ချိန်း

ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၆ ခုနှစ်၊ မတ်လမှစတင်၍ ဆောင်ရွက်ခဲ့ရာ ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုကို တွေ့မြင်နိုင်ရန် အခွင့်အလမ်းတစ်ခုပင် ဖြစ်သည်။ ရန်ကုန် စတော့အိတ်ချိန်းကို ဂျပန်ရင်းနှီးမြှုပ်နှံမှုဘဏ် Daiwa Securities Group နှင့် မကြာသေးမီက အမေရိကန်နိုင်ငံ၏ ပိတ်ဆို့တားဆီးမှုစာရင်းမှ ဖယ်ရှားခြင်းခံခဲ့ရသည့် မြန်မာ့စီးပွားရေးဘဏ်တို့ မိတ်ဖက်ပြုထားသည်။

မတ်လ ၂၅ ရက်နေ့တွင် ၂၀၁၆ ပွင့်သစ်စတွင် ထိပ်တန်းကုမ္ပဏီစာရင်းတွင် ပါဝင်လာသော FMI သည် စတော့အိတ်(စ်)ချိန်းတွင် ပထမဦးဆုံးစာရင်းသွင်းသော ကုမ္ပဏီဖြစ်ခဲ့ပါသည်။ မြန်မာ သီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီသည်လည်း မေလ ၂၀ ရက်နေ့တွင် စာရင်းဝင်ခဲ့ပြီး ၂၀၁၆ ပွင့်သစ်စ တွင် အဆင့် (၁၈) ရရှိပါသည်။ အခြားသော ကုမ္ပဏီများသည်လည်း စာရင်းဝင်မည်ဟု မျှော်လင့်ရပြီး Myanmar Citizens Bank ၊ First Private Bank ၊ Myanmar Agribusiness Corporation Limited (MAPCO) နှင့် Great Hor Kham တို့ ဖြစ်သည်။ ၎င်းတို့ အားလုံးသည်လည်း ယခုနှစ် ပွင့်သစ်စတွင်လည်း ပါဝင်ပါသည်။ မကြာမီထွက်ပေါ်လာမည့် မြန်မာကုမ္ပဏီများဥပဒေသည် အစုစပ်လုပ်ငန်းများအနေဖြင့် ရန်ကုန်စတော့ အိတ်(စ်)ချိန်းတွင် စာရင်းသွင်းခြင်းပြုလုပ်ရန်နှင့် အထောက်အကူပြုမည်ဟု မျှော်လင့်ရသည်။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများက အစုရှယ်ယာများ ဝယ်ယူနိုင်ခွင့်ရှိမည်ဟု မျှော်လင့်ရသည်။[14]

လက်ရှိ ရန်ကုန်စတော့အိတ်ချိန်း ဖော်ပြသော အချက်အလက်များမှာ အကန့်အသတ်ဖြင့်သာ ဖြစ်ပါသည်။ စာရင်းသွင်းခံရရန် လိုအပ်ချက်များအနက် ထုတ်ပြန်ကြေညာချက် ၂ / ၂၀၁၅ ပိုဒ်ခွဲ ၅ (က) အရ "(၅) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ချက်၊ စီးပွားရေးလုပ်ငန်း၏ ခြုံငုံသုံးသပ်ချက်၊ အခြေခံ

12 ဥပမာအနေဖြင့် ၂၀၁၄ အီးယူ၏ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံ ညွှန်ကြားချက်တွင် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စီမံခန့်ခွဲရေး အစီရင်ခံချက်အား ဖွင့်လှစ်ချပြရန် လိုအပ်ချက်၊ မူဝါဒများ၊ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော ဘေးအန္တရာယ်နှင့် ရလဒ်များ၊ လူမှုအသိုင်းအဝန်းနှင့် အလုပ်သမား ရှုထောင့်များ၊ လူ့အခွင့်အရေး လေးစားလိုက်နာမှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လာဘ်ပေးလာဘ်ယူမှု ကိစ္စရပ်များနှင့် ၎င်းတို့၏ ဒါရိုက်တာဘုတ်အဖွဲ့တွင် မတူညီကွဲပြားခြားနားချက်များ ရှိခြင်းတို့ လိုအပ်ပေသည်။

13 www.myanmar-responsiblebusiness.org/further-proposals-draft-myanmar-investment-law.html

14 Yangon stock exchange to open to foreign investors, Myanmar Times, 1 June 2016

ကျသော လုပ်ငန်းစဉ်များနှင့် စျေးကွက်များ၊ အခြေခံကျသောစွန့်စားမှုများနှင့် ကုမ္ပဏီ၏ ရင်ဆိုင်ရမည့် မသေချာ မရေရာမှုများ၊ အကောင်အထည်ဖော်ပြနိုင်သည့် စာချုပ်များ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု စသည်တို့ ဖြစ်သည်။ [15]

စာရင်းသွင်းရန် သတ်မှတ်ရက် ရရှိထားသော ကုမ္ပဏီသုံးခုအတွက် ကန့်သတ်ချက်များရှိပြီး ပါဝင်ပတ်သက် ဆက်နွယ်သူများ၏ စွန့်စားရမှုများကို တင်ပြမှုမရှိပါ။ ထူးခြားသည်မှာ သီလဝါ အထူးစီးပွား ရေးဇုန်တွင် အောင်မြင်သော မြေသိမ်းပိုက်မှု၊ လျော်ကြေးပေးအပ်ရမှုတို့ ရှိနေသော်လည်း ထိခိုက်ပျက်စီး မှုများနှင့် အမှုအခင်းဖြစ်မှုများရှိမှသာ စဉ်ဆက်မပြတ် ထုတ်ပြန်ပေးမှုများ ပြုလုပ်ရန်လိုအပ်သည်။[16]

စာရင်းဝင် အများပိုင်ကုမ္ပဏီများကို စာရင်းစစ်ခြင်းနှင့် စီပွားရေး လုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုတို့ တွင် ဒေသတွင်းနှင့် နိုင်ငံတကာ စံချိန်မီအောင် လုပ်ဆောင်ပေးနိုင်ရန်အတွက် Securities and Exchange Commission of Myanmar (SECM) ကို စတင် ဖွဲ့စည်းခဲ့ပါဖြစ်သည်။ လက်ရှိစာရင်းသွင်းရန် စီစဉ်ထားသော မြန်မာကုမ္ပဏီများအတွက်လည်း အစီရင်ခံစာများ ပေးမှုများတွင် ပိုမိုတိုးတက်နေပြီ ဖြစ် သည်။ ရန်ကုန် စတော့အိပ်ချိန်းအတွက် ရေရှည်တည်တံ့ဖွံ့ဖြိုးရေး လမ်းညွှန်များလည်း လာမည့်နှစ်များ တွင် ပိုမိုချမှတ်ပေးနိုင်မည် ဖြစ်သည်။ စာရင်းသွင်းပြီး သောကုမ္ပဏီများကို Singapore Exchange (SGX) က ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အစီရင်ခံစာတင်သွင်းမှုအား ဇွန်လတွင် မိတ်ဆက်ခဲ့သည်။ ၎င်းတွင် စာရင်းဝင်ကုမ္ပဏီများက သဘာဝပတ်ဝန်းကျင်၊ လူမှုဘဝနှင့် စီးပွားရေး လုပ်ငန်းများ၏ စီမံအုပ်ချုပ်မှု(ESG) အချက်များ၊ ရည်ရှည် တည်တံ့ဖွံ့ဖြိုးရေး ဦးတည်ချက်များနှင့်သက်ဆိုင်သော အချက်များကို နှစ်စဉ်ထုတ် ပြန်ပေးရန်နှင့် အောင်မြင်ရန်အတွက်လုပ်ဆောင်မည့် ရည်မှန်းချက်များနှင့် ၎င်းကို အကောင်အထည် ဖော်နိုင်ရန်အတွက် လိုအပ်သော မူဝါဒများချမှတ်ရန် လိုအပ်သည်ဟု ပါရှိသည်။

## အဂတိလိုက်စားမှု

ပါလီမန်အသစ်နေဖြင့် အဂတိလိုက်စားမှု ပြဿနာအားကိုင်တွယ်ဖြေရှင်းရန် မီးမောင်းထိုးပြခဲ့ပါ သည်။ အမှန်တကယ်အရေးကြီးသည့် အရာမှာ အထက်ဖော်ပြခဲ့သည့်အတိုင်း အစိုးရသစ်၏ ဦးဆောင် လုပ်ကိုင်မှုများ ရှိရန်လိုအပ်ပေသည်။ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ လက်ရှိ မြန်မာနိုင်ငံအစိုးရ၏ ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်မှုသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမ္မဂ္ဂ သဘော စာချုပ် (The UN Convention Against Corruption-UNCAC) မှ ချမှတ်ထားသော ပုဂ္ဂလိကကဏ္ဍ၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ကိုင်တွယ်ဖြေရှင်းရာတွင် မြန်မာနိုင်ငံအနေဖြင့် လိုက်နာရမည့် အချက် များ ကိုက်ညီမှု မရှိသေးကြောင်း တွေ့ရှိရသည်။

သတ်မှတ်ရက် ကျော်လွန်နေပြီဖြစ်သည့် UNCAC အကောင်အထည်ဖော်ခြင်း ပထမဦးဆုံး သုံးသပ်ချက်အစီရင်ခံစာ ထွက်နိုင်ရန်အတွက် မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ကုလသမဂရုံး (UNODC) သည် မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (Anti Corruption Commission – ACC) အားများစွာ ထောက်ပံ့အားပေး လျှက်ရှိပါသည်။[17]

---

15 https://ysx-mm.com/wp-content/uploads/2016/03/n_en_092015_01.pdf (English) and https://ysx-mm.com/wp-content/uploads/2015/12/n_mm_092015_01.pdf (Myanmar)

16 https://ysx-mm.com/wp-content/uploads/2016/03/n_en_022016_01.pdf

17 http://frontiermyanmar.net/en/features/cleaning-up-corruption-nlds-battle

UNCAC ပြဋ္ဌာန်းချက်များနှင့် ယင်းတို့ကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ကို နှိုင်းယှဉ်လေ့လာရာတွင် ၎င်း၏ဥပဒေနှင့် အသက်ဝင်ဖော်ဆောင်မှုကြားရှိ အသေးစိတ်ကျသော ကွာဟချက်များကို ရှာဖွေ၍ ဖော်ထုတ်ရန် မျှော်မှန်းထားပါသည်။

ရာဇသတ်ကြီးပုဒ်မနှင့် မြန်မာနိုင်ငံ စီးပွားရေးဥပဒေ (၁၉၁၄) တို့အရ မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသော ပြည်တွင်း၊ သို့မဟုတ် ပြည်ပလုပ်ငန်းများ အနေဖြင့်အဂတိလိုက်စားမှုတွင် ပါဝင်ခြင်းအတွက် အရေးယူခံခြင်းမရှိစေရဟု ဆိုသဖြင့် အထူးသဖြင့် UNCAC ၏ ပုဒ်မ ၂၆ အရ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုပြစ်မှုများတွင် ပါဝင်ခြင်းအတွက်  ဥပဒေအရ တာဝန်ခံမည့်ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့ကို ထားရှိရမည် ဖြစ်သည်။

အဂတိလိုက်စားမှုတွင် ပါဝင်ပတ်သက်နေသည့် စီးပွားရေးလုပ်ငန်းစုများအား ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် တားမြစ်ပိတ်ဆို့ခြင်း  (ဥပမာအားဖြင့် - ဖျက်သိမ်းခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော စာချုပ်ချုပ်ဆိုမှုများမှ ဥပဒေအရ တားမြစ်ပိတ်ပင်ခြင်း၊ ဥပဒေရေးရာ သက်ဆိုင်ရာ လူပုဂ္ဂိုလ်အား သိသာထင်ရှားစွာ ငွေကြေးအားဖြင့် ဒဏ်တပ်ခြင်း)တို့ မရှိပါ။ အနာဂတ်တွင် တရားဥပဒေပိုင်းဆိုင်ရာ မူဝါဒများ ပြောင်းလဲမှုများမရှိပါက အဂတိလိုက်စားမှု ကျူးလွန်နေသည့် ကုမ္ပဏီများအား တားဆီးနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ထိရောက်သော အစီအစဉ်များ စတင်မိတ်ဆက်ရမည် ဖြစ်သည်။

### ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်

၂၉ ဒီဇင်ဘာ ၂၀၁၅ တွင် အစိုးရသည် "ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း" ကို ထုတ်ပြန်ခဲ့ပါသည်။ ၎င်းတွင် ပြည်သူလူထု နှင့်စည်းဝေးပွဲများပြုလုပ်ကာ ဆွေးနွေးအကြံပြုချက်ရယူခြင်းနှင့် (လူမှုအသိုင်းအဝိုင်းပေါ် သက်ရောက်ချက်အပါအဝင်) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်ကို အများသိအောင် ထုတ်ပြန်ခြင်းတို့ အချိန်မီလုပ်ရန်လည်း ပါဝင်ပေသည်။ လုပ်ငန်းဆောင်ရွက်ရန် အဆင့်တွင် လေ့လာဆန်းစစ်ချက်များအား ဝန်ကြီးဌာနသို့ ပေးပို့ပြီးပါက ၁၅ ရက်ထက် နောက်မကျစေဘဲ လူမှုအဖွဲ့အစည်းများ၊ ဒေသခံရပ်ရွာအဖွဲ့အစည်းနှင့် အခြားသော ပါဝင်ပတ်သက်ဆက်နွယ်သူများထံသို့ ပေးပို့ပြီး ဆန်းစစ်ချက်များအား အများပြည်သူသိရှိအောင် ဆောင်ရွက်ရန်ဆိုသည့် အချက် (ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ပုဒ်မ ၆၅ နှင့် ကနဦးပတ်ဝန်းကျင် လေ့လာဆန်းစစ်ချက် ပုဒ်မ ၃၈) တို့ ပါဝင်ပေသည်။ အစိုးရအနေဖြင့် အများပြည်သူလူထု ပူးပေါင်းပါဝင်မှုရှိလာစေရန် မြန်မာနိုင်ငံအတွက် လိုက်နာရန် လမ်းညွှန်ချက်များအား စတင်အကောင်အထည်ဖော်ရန် ရေးဆွဲနေပြီ ဖြစ်သည်။ ထိုအခြင်းအရာသည် ဒေသလိုက် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်အဖြစ် ဖြစ်ပေါ်လာစေရန် အတွက် Mekong Partnership for the Environment မှ ဦးဆောင်လုပ်ကိုင်လျက်ရှိသည်။[18]

မည်သို့ပင်ဖြစ်စေကာမူ ကောင်းမွန်စွာ အကောင်အထည်ဖော်မှုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို လိုက်နာကျင့်သုံးအောင်ပြုလုပ်ရန်မှာ အဓိကကျလှပေသည်။ ၂၀၁၆ မတ်လ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ကုမ္ပဏီများ အပေါ်တွင်MCRB က စစ်တမ်းကောက်ယူ ခဲ့ရာ တစ်ဝက်နီးပါးသော ကုမ္ပဏီများမှာ ကနဦး သဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်ချက်များ (Initial Environmental Examinations – IEEs) သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIAs)

18 ဖေဖော်ဝါရီလ ၂၀၁၆ တွင် MCRB နှင့် MPE တို့ အတူတကွ ဦးဆောင်ကာ EIA လုပ်ငန်းစဉ်တွင် အများပြည်သူလူထု ပူးပေါင်းပါဝင်မှု လုပ်ငန်းစဉ်တွင် ရရှိခဲ့သော သင်ခန်းများအား ဆွေးနွေးပွဲတစ်ရပ်အား ကျင်းပခဲ့ပါသည်။ http://www.myanmar-responsiblebusiness.org/news/pointers-for-public-participation-environmental-impact-assessment.html

တို့အား ထုတ်ဝေထားခြင်းမရှိသည်ကို တွေ့ရသည်။ သို့သော်လည်း ဤကဏ္ဍသည် ထုတ်ပြန်ကြေညာမှု အပိုင်းတွင် ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နေသည်ဟု ဆိုနိုင်သည်။[19]

၂၀၁၆ ပွင့်သစ်စအစီရင်ခံစာအတွက် လေ့လာသုံးသပ်ခြင်းခံရသော ကုမ္ပဏီများအနက် အနည်းငယ်သာလျှင် EIAs အား ထုတ်ပြန်ထားခြင်း ရှိပါသည်။ (သို့သော် အချို့မှာ ပြုလုပ်ဆောင်ရွက်ထားခြင်း ရှိမည့်ပုံ မပေါ်လွင်ပေ။)

အစိုးရပိုင်းဆိုင်ရာ အနေဖြင့် ပွင့်လင်းမြင်သာမှု ပိုမိုတိုးတက်လာအောင် လုပ်ဆောင်နိုင်သည့် အခြားသော စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ အခွင့်အလမ်းမှာ ဝယ်ယူရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန်ဖြစ်သည်။ (အထက်တွင် ရှုပါ။) သို့မဟုတ် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်နှင့်ဆိုင်သော စာချုပ်များအား ထုတ်ပြန်ခြင်း (အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ) အခြားရွေးချယ်စရာအချက်မှာ ၎င်းကဏ္ဍတို့ကိုလည်း မြန်မာနိုင်ငံ EITI ၏ အစိတ်ပိုင်းအဖြစ် ပါဝင်အောင် လုပ်ဆောင်ရန်ဖြစ်သည်။

19 www.myanmar-responsiblebusiness.org/news/mixed-picture-disclosure-environmental-impact-assessments.html

## ကုမ္ပဏီ၏ ပွင့်လင်းမြင်သာမှု အပေါ်တွင် ပါဝင်ပတ်သက် ဆက်နွှယ်သူများ၏ အမြင်များ

### နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများမှ အမြင်များ

ယခင် ပွင့်သစ်စ အစီရင်ခံစာများသည် မြန်မာကုမ္ပဏီများနှင့် ပတ်သက်ပြီး ပိုမိုသိလိုကြသည့် နိုင်ငံတကာ စီးပွားရေးစီးပွားရေး အသိုင်းအဝိုင်းနှင့် အစိုးရအသိုင်းအဝိုင်း နှစ်ရပ်စလုံး၏ စိတ်ဝင်စားမှုကို ရရှိခဲ့သည်။[20]

အနောက်တိုင်းမှသာမက MCRB နှင့်တွေ့ဆုံခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ အတိုင်ပင်ခံများက အလွန်တရာ သိလိုကြသည်မှာ သူတို့ အမှန်တကယ် လက်တွဲမည့် သို့မဟုတ် လက်တွဲရန် အလားအလာရှိသည့် ပြည်တွင်းလုပ်ဖော်ကိုင်ဖက်များက ပွင့်လင်းမြင်သာမှုကို မည်သို့ဆောင်ရွက်ကြသည်၊ စီးပွားရေးလုပ်ငန်း ဂုဏ်သိက္ခာ၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်များကို ၎င်းတို့ မည်သို့ ဖြည့်ဆည်းဆောင်ရွက်သည်နှင့် လူ့အခွင့်အရေး လေးစားလိုက်နာမှု ရှိ၊ မရှိတို့ ဖြစ်သည်။

မြန်မာကုမ္ပဏီများသည် ယခင် အရေးယူပိတ်ဆို့မှုများနှင့် မြန်မာကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များ ပါဝင်နေသေးသည့် အမေရိကန်၏ Specially Designated Nationals (SDN)[21] အရေးယူ ပိတ်ဆို့မှု စာရင်းတို့၏ အကျိုးဆက်ကြောင့် အနည်းဆုံးမဟုတ်ဘဲ အလားအလာရှိသည့် စီးပွားရေးမိတ်ဖက် အစိတ်အပိုင်းအဖြစ် စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုကြောင့် လူ့အခွင့်အရေးဆိုင်ရာနှင့် လူမှု၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် ဥပဒေရေးရာ စိစစ်ခြင်းတွင် ပျှမ်းမျှအထက်တွင် ရှိရန်လိုအပ်မည် ဖြစ်သည်။

ယင်းစာရင်းများတွင် မပါဝင်သည့် ကုမ္ပဏီများသည်ပင် စစ်တပ်၊ သို့မဟုတ် နိုင်ငံရေးအရ ဆက်စပ်နေသည့် ပုဂ္ဂိုလ်များနှင့်[22] ၎င်းတို့ကြား အချိတ်အဆက်များ ရှိနေခြင်း၊ အဂတိလိုက်စားမှု အလေ့အထများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်များဖြင့် ပုံမှန်သက်ရောက်မှုများကို ကြိုတင်သိမြင်ရန်နှင့် ထိခိုက်စေသော အကြောင်းအရာများကို ကြိုတင်တားဆီးခြင်းလုပ်ငန်းများတွင် ပြစ်ချက်များ ရှိနေနိုင်ပေမည်။

ကုမ္ပဏီများအက်ဥပဒေအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA)ကို အာရှဖွံ့ဖြိုးရေးဘဏ်၏ ကူညီထောက်ပံ့မှုတွင်  အွန်လိုင်းမှ ကုမ္ပဏီစာရင်း တင်သွင်းခြင်းလည်း ပါဝင်သည်။ ယင်းကို ဆောင်ရွက်ရာတွင် DICA က လုပ်ငန်းဆောင်ရွက်လည်ပတ်မှု မရှိသော ကုမ္ပဏီများအား ထုတ်ပယ်ခြင်းလုပ်ငန်းစဉ်အား ပထမခြေလှမ်းအနေဖြင့် စတင်ဆောင်ရွက်ပြီ ဖြစ်သည်။ သို့သော်လည်း အချက်အလက်အကြောင်းအရာများသည် လုံးဝဥဿုံ မှန်မမှန်အား သံသယဖြစ်ဖွယ်ရာများ ရှိနေသေးပေသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ဝဘ်ဆိုဒ်အသစ်တွင် ကုမ္ပဏီများအား ရှာဖွေရန်နေရာတွင် ပိုမိုကောင်းမွန်လာကာ ဒါရိုက်တာများ၏ နာမည်နှင့်အတူ မှတ်ပုံတင်နံပါတ်များလည်း ပါရှိလာပါသည်။[23] www.opencorporates.comသည် DICA ၏ အချက်အလက်များကို ယူကာ hyperlinks များဖန်တီးပြီး ဒါရိုက်တာချင်းတူနေသော ကုမ္ပဏီများနှင့်လည်း ချိတ်ဆက်ကာ ဖော်ပြထားသည်။

---

20 2014 TiME/Pwint Thitsa report ၂၀၁၄ ပွင့်သစ်စ အစီရင်ခံစာသည် အကြိမ်ပေါင်း ၁၀၀၀ ဒေါင်းလုပ်ဆွဲခြင်းခံခဲ့ရပြီး စာအုပ်ပေါင်း ၂၀၀၀ ကျော် ဖြန့်ဝေခဲ့ပါသည်။

21 www.treasury.gov/resource-center/sanctions/Programs/pages/burma.aspx. ကုမ္ပဏီတစ်ခု/ လူပုဂ္ဂိုလ်တစ်ဦး ( ဒဂုံ/ဦးဝင်းအောင်) သည် ယခု အစီရင်ခံစာ ထုတ်ဝေသည့်အချိန်တွင် US SDN စာရင်းမှ ပယ်ဖျက်ပေးခြင်းခံခဲ့ရသည်။

22 The OECD ၏ Financial Action Task Force လမ်းညွှန်ချက်အရ နိုင်ငံရေးအရ ဖော်ထုတ်ခြင်းခံရသည့် လူပုဂ္ဂိုလ်ဆိုသည်မှာ ပြည်သူလူထုများ အကြားထင်ရှားသော ယုံကြည်ခြင်း အပ်နှံခံရသော လူပုဂ္ဂိုလ်ကို ဆိုလိုခြင်းဖြစ်သည်။

23 www.dica.gov.mm/en/company-search

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်နေသော မည်သည့်ကုမ္ပဏီမဆို အထူးသဖြင့် မြောက်အမေရိကနှင့် ဥရောပမှလာသောသူများသည် လာအို၊ ကမ္ဘောဒီးယား၊ သို့မဟုတ် ဗီယက်နမ်တို့တွင် ရင်းနှီးမြှုပ်နှံမှုတွင် မတွေ့ရနိုင်သော စေ့စေ့စပ်စပ် စိစစ်ဆေးခြင်းမျိုးကို ကြုံတွေ့ရလေ့ရှိပေသည်။

ဤအရာသည်လည်း ကုလသမဂ္ဂမှ ချမှတ်ထားသော စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်[24] အတိုင်း စီးပွားရေး လုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုကြောင့် လူ့အခွင့်အရေးဆိုင်ရာနှင့် လူမှု၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်း (due diligence)များအား လုပ်ဆောင်ရန် တွန်းအားတစ်ခုဖြစ်ကာ အများစုမှာလည်း လုပ်ဆောင်ကြပေသည်။

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖြစ်ပေါ်လာစေရန် အားပေးသည့်အနေဖြင့် အမေရိကန်အစိုးရက ၎င်းတို့၏ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေသော နိုင်ငံသားများအား အစီရင်ခံတင်ပို့ရမည့် လိုအပ်ချက်ကို စတင်မိတ်ဆက်ခဲ့ပါသည်။[25] ၂၀၁၆ တွင် ဒေါ်လာ ၅၀၀,၀၀၀ တန် မှ ဒေါ်လာ ၅ သန်းတန်ကြား ရင်းနှီးမြှုပ်နှံမှုနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင်မှ မည်သည့်ရင်းနှီးမြှုပ်နှံမှု ပမာဏမဆို ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာတင်ပို့ရန် သတ်မှတ်ခဲ့ပါသည်။ ဩဂုတ်လ ၂၀၁၆ ရောက်ရှိချိန်တွင်မှ ၄၉ ခုက အစီရင်ခံစာ ထုတ်ပြန်ပြီးဖြစ်ကာ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေသော အမေရိကန်ကုမ္ပဏီများက လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုကြောင့် လူ့အခွင့်အရေးဆိုင်ရာနှင့် လူမှု၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်း (due diligence) ခြေလှမ်းများအား တွေ့မြင်နိုင်သလို အသုံးဝင်သော အချက်အလက်များစွာလည်း ပါရှိပေသည်။[26]

ပွင့်သစ်စမေးခွန်းအပိုင်း(၃) အားခြုံငုံပြီးကြည့်ပါက MCRB သည် အမေရိကန်နိုင်ငံသို့ အစီရင်ခံစာ တင်ပို့ရာတွင် လိုအပ်ချက်များကိုလည်း ထည့်သွင်းပြုစုထားခြင်းဖြစ်သည်။ အမေရိကန်အစိုးရသည် မြန်မာနိုင်ငံရှိ ကုမ္ပဏီများအားလုံးနှင့် SDN စာရင်းတွင်ပါဝင်သော ကုမ္ပဏီများအပါအဝင် စာရင်းမှ ပယ်ဖျက်ခြင်းကို ခံလိုသောသူများအနေအားလည်း အလားတူနည်းအားဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများအား ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လုပ်ဆောင်ရန် တိုက်တွန်းအားပေးပေသည်။

အခြားသော ဥပဒေလမ်းကြောင်းအရ နိုင်ငံခြားကုမ္ပဏီများ၏ လုပ်ဆောင်ရန် လိုအပ်ချက်မှာ မိတ်ဖက်လုပ်ငန်းများ အပါအဝင် ၎င်းတို့၏ လုပ်ငန်းလှုပ်ရှားဆောင်ရွက်မှုများကြောင့် လူ့အခွင့်အရေးအပေါ် သက်ရောက်ချက်များနှင့် ပတ်သက်သည့် အချက်အလက်များအား ထုတ်ပြန်ရန်ပင်ဖြစ်သည်။ ဥပမာအားဖြင့် ဗြိတိန်၏ ခေတ်သစ်ကျွန်ပြုမှု အက်ဥပဒေ ၂၀၁၅ အရ စီးပွားရေးလုပ်ငန်းများသည် နှစ်စဉ်ကျွန်ပြုမှုနှင့် လူကုန်ကူးမှုစာတမ်းနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းနှင့် ကုန်သွယ်မှုကွင်းဆက်တွင် ကျွန်ပြုမှုနှင့် လူကုန်ကူးမှုများ ဖြစ်ပေါ်ခြင်းမရှိအောင် တာဝန်ယူလုပ်ဆောင်သော ခြေလှမ်းများအား

24 www.ohchr.org/Documents/Publications/GuidingPrinciplesBusinessHR_EN.pdf

25 အမေရိကန် အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များအရ " ယခင်တုန်းကဆိုလျှင် ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် အများပြည်သူလူထု အလွယ်တကူ ရရှိနိုင်သော သတင်းအချက်အလက် မရှိခြင်းသည် မြန်မာနိုင်ငံတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုပိုင်း လုပ်ငန်းဆောင်တာများအား ကြည့်ပါက အကျင့်ပျက်ခြစားမှုများနှင့် ပြည်သူ့ဘဏ္ဍာအား အလွဲသုံးစားလုပ်ခြင်းနှင့် အများပြည်သူ၏ ယုံကြည်အားထားမှု ယိုယွင်းပျက်စီးလာမှုနှင့် လူမှုရေးပဋိပက္ခ များ ဖြစ်ပေါ်လာရပေသည်။ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများနေထိုင်ရာ ဝန်းကျင်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အစိုးရနှင့် စစ်တပ်ထံမှ ဖိနှိပ်မှုများ ပိုမိုကြုံတွေ့နေပေသည်။ အများပြည်သူလူထုများထံသို့ သတင်းအချက်အလက် ဖွင့်လှစ်ချပြခြင်းသည် အမေရိကန်၏ အသစ်လာမည့် ရင်းနှီးမြှုပ်နှံမှုများကို ပွင်းလင်းမြင်သာမှုရှိရန် အားပေးရာလည်းရောက်ပြီး အစိုးရ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွင်လည်း အထောက်အပံ့ဖြစ်ရာရောက်ပါသည်။ ထိုအချက်သည် မြန်မာနိုင်ငံအပေါ် ထားရှိသော အမေရိကန်၏ အချက်အချာကျသော နိုင်ငံခြားရေး မူဝါဒလည်း ဖြစ်ပေသည်။

26 http://burma.usembassy.gov/reporting-requirements.html

နှစ်စဉ်ထုတ်ပြန်ရန် လိုအပ်ချက်ကို ပြဋ္ဌာန်းထားပါသည်။[27]

ဥပမာအားဖြင့် အလုပ်သမား ပွဲစားခများမှတစ်ဆင့် အကြွေးများတင်ခြင်းနှင့် အလုပ်သမား မှတ်ပုံတင်နှင့်ဆိုင်သော စာရွက်စာတမ်းများအား ထိန်းသိမ်းထားခြင်းတို့ပင် ဖြစ်သည်။ မြန်မာကုမ္ပဏီများသည် ယင်းကဲ့သို့ ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များကို အများသိအောင် တာဝန်ယူဖြေရှင်းနိုင်ကြောင်းအားသက်သေသာဓကနှင့်လက်တွေ့ပြနိုင်ပါကယှဉ်ပြိုင်ရာတွင်နိုင်ငံခြားစီးပွားမိတ်ဖက်များအား ဆွဲဆောင်ရာ၌ အားသာချက်ရရှိမည် ဖြစ်သည်။ နိုင်ငံခြား စီးပွားရေးလုပ်ငန်းများကလည်း ၎င်းတို့၏ မိခင်နိုင်ငံ၏ တောင်းဆိုချက်အရ ထိုသို့သောအချက်များနှင့် ပြည့်စုံမှသာလျှင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည် ဖြစ်သည်။

**အရပ်ဘက် လူ့အဖွဲ့အစည်းများမှ အမြင်များ**

အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် တွေ့ဆုံမှုများစွာတွင် ၂၀၁၅ ပွင့်သစ်စအစီရင်ခံစာနှင့် ပတ်သက်၍ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနက ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာကုမ္ပဏီများနှင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် အခြေအနေ တိုးတက်ပြောင်းလဲမှုများကို အရပ်ဘက်အဖွဲ့အစည်းများထံမှ တုံ့ပြန်အကြံပြုချက်များလည်း ရယူခဲ့သည်။

ကုမ္ပဏီ၏ တာဝန်ခံမှုရှိအောင် ဆောင်ရွက်ရာတွင် အဓိကစိန်ခေါ်မှုများအနက် တစ်ခုမှာ နစ်နာမှုများကိုလက်ခံပြီး ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ပတ်သက်သူများနှင့် ထိတွေ့ဆောင်ရွက်ခြင်းအတွက် တာဝန်ယူလိုသည့် ကုမ္ပဏီဝန်ထမ်းကို ရှာဖွေရခြင်းဖြစ်သည်ဟု MCRB အား အရပ်ဘက် လူ့အဖွဲ့အစည်းများက ထပ်မံပြောကြားသည်။ ယင်းသည် အထူးသဖြင့် ကုမ္ပဏီက ဝန်ကြီးဌာနအပေါ် လွှဲချရန် သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်များက ကုမ္ပဏီကိုပြန်လွှဲချရန် စသည်ဖြင့် အစိုးရနှင့် ပူးတွဲလုပ်ကိုင်သည့် လုပ်ငန်းများတွင် ဖြစ်တတ်သော ယင်းသို့ စိန်ခေါ်မှုများနှင့် ကြုံတွေ့ရတတ်သည်ဟု ဆိုသည်။

ထို့အပြင် မြန်မာကုမ္ပဏီအချို့ကသာ ပြင်ပသက်ဆိုင်သူများနှင့် ပတ်သက်ပြီး တုံ့ပြန်ဖြေရှင်းရေးကို တာဝန်ယူထားသည့် ဌာနကိုထားရှိကြသည်။ (ရှိမည်ဆိုလျှင် ရပ်ရွာ၊ ပြည်သူ၊ ပြင်ပ သို့မဟုတ် ကော်ပိုရိတ်ဆက်ဆံရေး၊ သို့မဟုတ် ရေရှည်တည်တံ့ရေးဌာနဟု ခေါ်ဆိုရပေမည်။) ယင်းလုပ်ငန်းများအတွက် လူအား၊ ငွေအားစိုက်ထုတ်သုံးစွဲသည့် ကုမ္ပဏီများသည် ပွင့်သစ်စအစီရင်ခံစာ၏ ပွင့်လင်းမြင်သာမှု ညွှန်းကိန်းတွင် စွမ်းဆောင်မှုအကောင်းဆုံးများ ဖြစ်ကြပေမည်။ ၎င်းတို့သည် ယင်းဌာနကို ထူထောင်ပြီး ကောင်းမွန်သော နိုင်ငံတကာအလေ့အထများ ရေးဆွဲနိုင်ရန် နိုင်ငံခြားအကြံပေးများကို ရံဖန်ရံခါခေါ်ထားလေ့လည်း ရှိကြသည်။

**မြန်မာ့စီးပွားရေး လုပ်ငန်းများမှ အမြင်များ**

မြန်မာကုမ္ပဏီများက စတင်အသိမှတ်ပြုလာကြသည့် မြန်မာကုမ္ပဏီပွင့်လင်းမြင်သာမှုအတွက် ရှင်းလင်းသော ကိစ္စရပ်တစ်ခုဖြစ်သည်။ ၂၀၁၆ ဩဂုတ်လရောက်ချိန်တွင် မြန်မာစီးပွားရေးလုပ်ငန်း ၃၅၄ ခုသည် UN Global Compact[28] အဖွဲ့ဝင်ဖြစ်ခဲ့ကြကာ ရွှေတောင်နှင့် ကေအမ်ဒီတို့ကဲ့သို့သော ကုမ္ပဏီများစွာသည် အရည်အသွေးပြည့်ဝသော နှစ်စဉ်ဆက်ဆံရေးတိုးတက်မှု Communication on Progress (COPs) ကို ထုတ်ပြန်ခဲ့ကြပြီးဖြစ်သည်။

27 www.legislation.gov.uk/ukpga/2015/30/section/54/enacted

28 www.unglobalcompact.org/what-is-gc/participants

ယင်းစီးပွားရေးလုပ်ငန်းများသည် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဖြစ်ရန်အတွက် (UN Global Compact ၏ အခြေခံမှု ၁၀ ချက်ကို လိုက်နာခြင်းဖြင့်) နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီအောင်ဆောင်ရွက်ရသည့် တန်ဖိုးကို အသိမှတ်ပြု လုပ်ဆောင်ခဲ့ကြသည်။ ယင်းအခြေခံမှု ၁၀ ချက် ဥပမာ - လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှု စသည်တို့နှင့်စပ်လျဉ်းပြီး ၎င်းတို့၏ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာလည်း ဆောင်ရွက်ရန်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်လာခြင်းသည် ပရဟိတလှူဒါန်းမှုများ၏ ဓာတ်ပုံများကို သာဖော်ပြသည့် မြန်မာကုမ္ပဏီများ၏ အစဉ်အလာ CSR ဆက်ဆံရေးမှသည် အဆင့်တစ်ခု ပြောင်းလာခြင်းဖြစ်သည်။

ပွင့်လင်းမြင်သာမှုအရှိဆုံး ဝဘ်ဆိုဒ်များရှိကြသည့် ယခင် ပွင့်သစ်စအစီရင်ခံစာတွင် အသိအမှတ်ပြုမှုရခဲ့သည့် ဦးဆောင်ကုမ္ပဏီအများစုသည် အမှတ်ပေးဇယားရှိ ၎င်းတို့၏အဆင့်ကို အများပြည်သူသိအောင် ထုတ်ပြန်လိုစိတ် ပြင်းပြင်းပြပြ ရှိကြသည်။ လက်တွေ့တွင် ပွင့်သစ်စ အစီရင်ခံစာတွင် မပါဝင်သော ပမာဏသေးငယ်သည့် ကုမ္ပဏီအချို့ကလည်း အမှတ်ပေးမှုတွင် ၎င်းတို့ပါဝင်နိုင်မည်လောဟု မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနသို့ မေးမြန်းခဲ့ခြင်းကလည်း ယင်းသို့သော အသိအမှတ်ပြုမျိုးသည် နိုင်ငံခြားလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများ (အထက်တွင် ရှုပါ)နှင့် လက်တွဲဆောင်ရွက်ခွင့်များ တိုးပွားစေသည့် အခွင့်လမ်းတစ်ရပ်ဟု ၎င်းတို့ ရှုမြင်ကြခြင်းကြောင့် ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင်လည်း  မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနသည် အလတ်စား ကုမ္ပဏီများအတွက် စံညွှန်းသတ်မှတ်တိုင်းတာချက်များ ပြုလုပ်နိုင်ရန်အတွက် မီနီပွင့်သစ်စစီမံချက်အား လုပ်ဆောင်ရန် ထုတ်ပြန်ခဲ့ပါသည်။[29]

၂၀၁၆ ခုနှစ်တွင် ရေရှည်တည်တံ့မှုပိုင်းဆိုင်ရာ အတိုင်ပင်ခံ Yever မှ Nicolas Delange သည် အလားတူလေ့လာမှုမျိုးကို မြန်မာကုမ္ပဏီများနှင့် UN Global Compact အဖွဲ့ဝင်များ အပေါ်တွင် ဆောင်ရွက်ခဲ့ရာ ရလဒ်မှာ ပွင့်သစ်စ ရှာဖွေတွေ့ရှိချက်များနှင့် ဆင်တူကြောင်းတွေ့ရှိရသည်။ ရှာဖွေတွေ့ရှိမှုများ၏ ကွဲပြားခြားနားချက်မှာ ယေဘုယျအားဖြင့် စီးပွားရေးစီမံအုပ်ချုပ်ပုံ အစီရင်ခံခြင်းနှင့်စီမံခန့်ခွဲမှုကို Yever လေ့လာချက်တွင် ပိုမိုအထူးပြုထားပြီး အုပ်စုများနှင့် အုပ်စုခွဲများအား လေ့လာချဉ်းကပ်ပုံခြင်းကွဲပြားခြားနားခြင်းသာ ဖြစ်သည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းအတွင်း လေ့လာဖွယ်ကိစ္စရပ်တစ်ခုလည်း ဖြစ်သည်။ ဝဘ်ဆိုဒ်တစ်ခုနှင့် ဖေ့စ်ဘွတ်စာမျက်နှာ တစ်ခုတို့သည်လည်း ကုမ္ပဏီတစ်ခုအတွက် မိမိ၏ဝန်ထမ်းများနှင့်ထိတွေ့ဆက်ဆံရန်၊ အသိပေးရန်နှင့် စိတ်ခွန်အားပေးဖွယ်ရာ ပဓာနကျသော နည်းလမ်းတစ်ရပ်လည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုဘိုင်းလ်ဖုန်းနှင့် အင်တာနက်ထိုးဖောက်မှုသည် ၂၀၁၂ ခုနှစ် နှစ်စတွင် ၇ ရာခိုင်နှုန်းရှိရာမှ ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ ဝဘ်ဆိုဒ်ပေါ်တွင် ကုမ္ပဏီ၏ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း နည်းလမ်းများနှင့် နောက်ဆုံးရ သတင်းအချက်အလက်များကို အလွယ်တကူ ရယူနိုင်သည့် ဝန်ထမ်းများသည် ၎င်းတို့၏အလုပ်ခွင်တွင် ၎င်းအချက်အလက်များကို ပိုမိုပြန်လည် အသုံးပြုနိုင်ကြသည်။

ထိုသူတို့သည် ပြင်ပသက်ဆိုင်ပတ်သက်သူများနှင့် ကုမ္ပဏီကြား ဆက်ဆံရေးအတွက် ပိုမိုကောင်းမွန်သည့် သံတမန်များလည်း ဖြစ်လာပေမည်။ ပွင့်လင်းမြင်သာသည်ဟု နာမည်ဂုဏ်သတင်းရှိသည့် ကုမ္ပဏီတွင်  လုပ်ကိုင်ရခြင်းသည် မြန်မာကုမ္ပဏီများစွာပြောကြသည့် အဖြစ်အများဆုံး ပြဿနာတစ်ခုဖြစ်သော ဝန်ထမ်းများခေါ်ယူခြင်းနှင့် လုပ်ငန်းခွင်မြဲစေခြင်း ပြဿနာအတွက်လည်း အားပေးမှု

29 www.myanmar-responsiblebusiness.org/pwint-thit-sa/mini.html

အဖြေတစ်ခု ဖြစ်သင့်သည်။ အကယ်၍ သတင်းအချက်အလက်များ အလွယ်တကူ ရရှိမည်ဆိုလျှင် ကုမ္ပဏီသည် မိမိ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပိုမိုတိကျသော မီဒီယာဖော်ပြချက်များကိုလည်း ရရှိနိုင်မည် ဖြစ်သည်။

ပထမဦးဆုံး ပွင့်သစ်စအစီရင်ခံစာ ၂၀၁၄ တွင် ထုတ်ပြန်ခဲ့ပြီး ကတည်းက ယခု အစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီ၁၀၀ ကိုသာမကပဲ ပွင့်သစ်စအစီရင်ခံစာတွင် ပါဝင်သည့် နယ်ပယ်များတွင် မိမိတို့၏ စွမ်းဆောင်ရည်တိုးတက်လိုသည့် မြန်မာကုမ္ပဏီများကို အထောက်အကူပေးရန် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနက ကြိုးပမ်းခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး (စက်တင်ဘာ ၂၀၁၄ နှင့် မတ်လ ၂၀၁၆)[30], လူ့အခွင့်အရေးမူဝါဒများ (အောက်တိုဘာ ၂၀၁၄ နှင့် စက်တင်ဘာ ၂၀၁၆)၊ လူ့အခွင့်အရေး အစီအရင်ခံခြင်း (နိုဝင်ဘာ ၂၀၁၄)[31] နှင့် မကျေနပ်မှုများကို တိုင်ကြားခြင်းနှင့် နစ်နာမှုများကို ဖြေရှင်းခြင်းဆိုင်ရာ ထိရောက်မှုရှိသော လုပ်ငန်းစဉ်ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ (ဇွန် ၂၀၁၅)[32] စသည့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲများ၏ ဆွေးနွေးတင်ပြချက်များ အားလုံးကို မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန ဝဘ်ဆိုဒ်တွင် ရယူနိုင်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ ဝဘ်ဆိုဒ်များအားမေခွန်း ၃၅ ခုဖြင့် လေ့လာအမှတ်ပေးခြင်းသည် ပြည်တွင်းကုမ္ပဏီများအတွက် မြင့်မားသည့် စံသတ်မှတ်ချက်တစ်ရပ် ဖြစ်ပေမည်။ ဒေသတွင်းရှိ သက်တမ်းရင့် အခြေခိုင်ပြီးသော ကုမ္ပဏီများစွာပင် ယင်းစံနှုန်းများကို အပြည့်အဝ မမီပေ။ ထို့ကြောင့် အမှတ်ချက်ပြုနိုင်သည့် အချက်မှာ ပမာဏသေးငယ်သော မြန်မာကုမ္ပဏီများသည် ပွင့်လင်းမြင်သာရန် ကြီးစွာသော အားထုတ်မှုကို ဆက်လက်ဆောင်ရွက်လာကြပြီ ဖြစ်သည်။

အထက်တွင်ဖော်ပြထားသကဲ့သို့ စီပွားရေးလုပ်ငန်း၏ ပွင့်လင်းမြင်သာမှု ပိုမိုရှိခြင်းသည် ကုမ္ပဏီ ဝဘ်ဆိုဒ်များ လွှင့်တင်ထားခြင်းထက် ပိုသည်။ ယင်းတွင် မီဒီယာအပါအဝင် အရပ်ဘက် အဖွဲ့အစည်း သက်ဆိုင်ပတ်သက်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရတို့က ဆောင်ရွက်သည့် လုပ်ငန်းများကို ဖော်ပြရန်လည်း လိုအပ်သည်။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနက ကုမ္ပဏီများ၊ အစိုးရ၊ ရင်းနှီးမြှုပ်နှံသူများ၊ မီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်းများသို့ အထက်ပါအကြောင်းအရာအား အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားရန် အကြံပြုချက်များ ပေးအပ်ထားပါသည်။

(အကြံပြုချက်များအား အောက်တွင်ကြည့်ရှုပါရန်)

30 www.myanmar-responsiblebusiness.org/news/workshop-anti-corruption-programmes.html. ဤ အလုပ်ရုံဆွေးနွေးပွဲတွင် Transparency International’s ‘Business Principles for Countering Bribery’ (SMEs edition) မြန်မာဘာသာပြန်စာအုပ် ဝေငှခြင်းကိုလည်း ပြုလုပ်ခဲ့ပါသည်။

31 www.myanmar-responsiblebusiness.org/news/pwint-thit-follow-up-mcrb-workshops.html

32 www.myanmar-responsiblebusiness.org/news/workshop-developing-effective-grievance-mechanism.html

## စီမံချက် ဆောင်ရွက်ခြင်းနှင့် စနစ်တကျ ဆောင်ရွက်ပုံ အဆင့်ဆင့်

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ကြီး၏ Transparency in Corporate Reporting (TRAC)-Assessing the World's Largest Companies TRAC report [33] ကို အတုယူပြီး ပထမဆုံးအကြိမ် ပွင့်သစ်စအစီရင်ခံစာက ပမာဏကြီးမားသော မြန်မာကုမ္ပဏီ ၆၀ ၏ ဝဘ်ဆိုဒ်များကို လေ့လာခဲ့သည်။

TRAC ၏ စနစ်တကျ လုပ်ဆောင်ပုံအဆင့်ဆင့်မှာ ကုမ္ပဏီများကို ၎င်းတို့၏ ဝဘ်ဆိုဒ်ပေါ်တွင် ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များကို လေ့လာဆန်းစစ်ခြင်းအပေါ် အားပြုသည်။ လေ့လာသုံးသပ်သည့် နယ်ပယ်သုံးရပ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် နိုင်ငံတစ်နိုင်ငံခြင်းအလိုက် အခွန်ပေးဆောင်မှု အပါအဝင် အရေးပါသော ဘဏ္ဍာရေး အချက်အလက်များ ဖော်ပြခြင်းတို့ ဖြစ်သည်။ အင်တာနက်ပေါ်တွင် သတင်းထုတ်ပြန်ပြီး ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်သည့် သတင်းအချက်အလက်များအပေါ်တွင်သာ အမှတ်ပေးခြင်းသည် အစီရင်ခံစာ၏ ရည်ရွယ်ချက်ဖြစ်သည်။

ယင်းကို မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအခြေအနေများနှင့် ကိုက်ညီအောင် MCRB မှပြုလုပ်ခဲ့သည်။ မြန်မာကုမ္ပဏီများသည် နိုင်ငံစုံကော်ပိုရေးရှင်းများ မဟုတ်သည့်အတွက် အမျိုးမျိုးသော တရားစီရင်ရေးများအောက်တွင် အခွန်ပေးဆောင်ရန် မလိုပေ။ မြန်မာနိုင်ငံနှင့် သက်ဆိုင်သူများသည် မြေယာ၊ လူ့အခွင့်အရေးနှင့် HSE များကို အထူးအာရုံစိုက်သည်။ ထို့ကြောင့် ရလဒ်အားဖြင့် ပွင့်သစ်စစီမံချက်တွင် အောက်ပါနယ်ပယ်သုံးရပ်ကို လေ့လာသည်။ ယင်းတို့မှာ-

**၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ်** - ၎င်းတို့၏ စီးပွားရေးလုပ်ငန်းနှင့် ကုန်စည်ဝန်ဆောင်မှုကွင်းဆက်အတွင်း အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် ကုမ္ပဏီက မည်သို့လုပ်ဆောင်သည်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီရင်ခံခြင်းက ပြသသည်။

**၂။ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု** - ၎င်းတို့၏ ပမာဏ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ကုမ္ပဏီတစ်ခုသည် မည်သို့ပွင့်လင်းမြင်သာမှုရှိသည်ကို ပြသသည့် အခြေခံအကျဆုံး ညွှန်းကိန်းတစ်ခု ဖြစ်သည်။

**၃။ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်** - ယင်းနယ်ပယ်များတွင် ကျင့်သုံးသည့် မူဝါဒများကိုထုတ်ဖော်ပြီး ၎င်းတို့၏ အကောင်အထည်ဖော်မှုများကို အစီရင်ခံခြင်းသည် စီးပွားရေးလုပ်ငန်းတစ်ခုက ၎င်း၏ အလုပ်သမားများ မည်သို့ကာကွယ်သည်နှင့် သဘာဝပတ်ဝန်းကျင်ကို မည်သို့ကာကွယ်သည်၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို မည်သို့ကြိုတင်ကာကွယ်သည်နှင့် ထိရောက်သော ကုစားမှုတစ်ခုရခွင့်အတွက် အထောက်အပံ့ ဖြစ်သလားဆိုသည်ကို ပြသသည်။

ယင်းဝဘ်ဆိုဒ်များကို အမှတ်ပေးရန် မေးခွန်း ၃၅ ခုကို MCRB က ပြင်ဆင်ခဲ့သည်။ ပထမ အမျိုးအစားနှစ်ခုဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုကဏ္ဍများအတွက် မေးခွန်းများကို TRAC ၏ စနစ်တကျ ဆောင်ရွက်ပုံအဆင့်ဆင့်မှ ယူထားသည်။ တတိယအမျိုးအစားအတွက်မူ မြန်မာနိုင်ငံအတွက် အမေရိကန်အစီရင်ခံစာ တင်သွင်းခြင်းလိုအပ်ချက်များ၊ ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံရေးအဖွဲ့(GRI)[34] နှင့် လူ့အခွင့်အရေးအစီအရင်ခံခြင်းနှင့် လိုက်နာဆောင်ရွက်ရေးမူဘောင်များအဖွဲ့ (RAFI) နှင့် [35] အခြားကျွမ်းကျင်သူ အကြံပေးချက်များမှ ကောက်နုတ်ပြုစုထားသည်။

33 http://gateway.transparency.org/tools/detail/310 © Transparency International. All Rights Reserved. For more information, visit www.transparency.org.

34 www.globalreporting.org

35 www.shiftproject.org/project/human-rights-reporting-and-assurance-frameworks-initiative-rafi

၂၀၁၅ခုနှစ်တွင် ဝဘ်ဆိုဒ်များကို အမှတ်ပေးရန် အသုံးပြုထားသည့် မေးခွန်း ၃၅ ခုကို ၂၀၁၆ တွင်လည်း များများစားစား ပြောင်းထားခြင်းမရှိပေ။ (နောက်ဆက်တွဲတွင် ရှုပါရန်)

မေးခွန်း နံပါတ် ၂၀ နှင့် ၂၁ နှစ်ခု ပေါင်းစပ်လိုက်ခြင်းမှာ (လုပ်ငန်းလည်ပတ်သည့် နိုင်ငံနှင့် မှတ်ပုံတင်ထားသည့် နိုင်ငံတို့) ကို မေးခွန်းတစ်ခုတည်းတွင် ပေါင်းစပ်လိုက်ပြီး ဆက်လက်၍ ဒါရိုက်တာနှင့် အကြီးတန်း စီမံခန့်ခွဲမှုပိုင်းဆိုင်ရာတို့အား ဖွင့်ဟထုတ်ဖော်ပြောကြားရန် စသည့် မေးခွန်းအသစ် ထည့်သွင်းထားမှုပင် ဖြစ်သည်။ အမှတ်ပေးခြင်းပိုင်းဆိုင်ရာနှင့်ပတ်သက်၍ အနည်းငယ် ပြုပြင်ပြောင်းလဲချက်များ ရှိပါသည် ၎င်းတို့ကို အမှတ်ပေးခြင်းဆိုင်ရာ ခေါင်းစဉ်အောက်တွင် ဖတ်ရှုနိုင်ပါသည်။

## ကုမ္ပဏီရွေးချယ်ခြင်း

ယခင်အစီရင်ခံစာ ကဲ့သို့ပင် မြန်မာကုမ္ပဏီ (၁၀၀)ကို ရွေးချယ်ထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ပေးဆောင်သူ ထိပ်တန်း (၁၀၀၀) စာရင်းကို အခြေခံပြီး ကုမ္ပဏီများကို MCRB က ရွေးချယ်ခဲ့သည်။ နှစ်စဉ် ထိပ်တန်းအခွန်ပေးဆောင်သူများစာရင်းမှာ အပြောင်းအလဲများ ရှိနေသော်လည်း အကြမ်းအားဖြင့် ဤအစီရင်ခံစာပါ ကုမ္ပဏီ ၁၀၀ အနက် သုံးပုံနှစ်ပုံမှာ ၂၀၁၅ ခုနှစ် အစီရင်ခံစာတွင် ပါဝင်သော ကုမ္ပဏီများသာဖြစ်သည်။ ထပ်မံဖြည့်စွက်ထားသည့် ကုမ္ပဏီခြောက်ခုမှာ အခွန်များဆုံး ပေးဆောင်သူများစာရင်းတွင် မပါဝင်သော်လည်း မြန်မာ့စီးပွားရေးကဏ္ဍတွင် အရေးပါသောအခန်းကဏ္ဍတွင် ရပ်တည်နေသည့် လုပ်ငန်းများဖြစ်သည်။ ဥပမာအားဖြင့် မြန်မာသီလဝါအထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီသည် ပထမဆုံးပေါ်ပေါက်လာသော ရန်ကုန်စတော့အိတ်ချိန်းတွင် ကနဦးစာရင်းဝင် ကုမ္ပဏီနှစ်ခုတွင် ပါဝင်သည်။

## အုပ်စုများ

မြန်မာနိုင်ငံတွင် အုပ်စုဟူသည့်စကားလုံးကို ရှေ့နောက်ညီညွတ်မှုမရှိဘဲ အသုံးပြုကြသည်။ အချို့သောအုပ်စုများသည် ရှင်းလင်းသော ဥပဒေအကြောင်းအရ ကုမ္ပဏီခွဲများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည်။ အချို့သော အုပ်စုများသည် အုပ်စုတစ်ခုအဖြစ် အများသိထားသော်လည်း လျော့ရဲရဲဖွဲ့စည်းမှုသာရှိကြပြီး ဥပဒေအကြောင်းအရ ခိုင်မာသည့်ဖွဲ့စည်းပုံ မရှိကြပေ။ ကုမ္ပဏီများတွင် အဓိကရှယ်ယာရှင်တစ်ဦးရှိပြီး ၄င်းသည် မတူကွဲပြားသော အခြားလုပ်ငန်းကဏ္ဍများတွင်လည်း လုပ်ကိုင်နေသည်။ ယင်းတို့ကို ကွဲပြားသောလုပ်ငန်းများအဖြစ် စီမံခန့်ခွဲပြီး ငွေစာရင်းလည်း သီးခြားထားရှိသည်။ အကြီးတန်းစီမံခန့်ခွဲမှုအဖွဲ့များ၏ တောင်းဆိုချက်အရ ယခုနှစ်လေ့လာမှုတွင် သီးခြားခွဲထုတ်ပြီး လေ့လာခဲ့သည်။[36] သို့သော်လည်း အုပ်စုများနှင့် ၎င်းတို့၏ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု မရှိသဖြင့် ကုမ္ပဏီ၏ အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် ပတ်သက်ပြီး ရှင်းလင်းမှုအတွက် ဆက်သွယ်မေးမြန်းသည့်အခါ အချို့ကုမ္ပဏီများက ပြန်လည်ဖြေကြားခြင်း မရှိသဖြင့် လေ့လာမှုအတွက် အုပ်စုတစ်ခုကို ရှာဖွေဖော်ထုတ်ရန် ယခုနှစ်အစီရင်ခံစာတွင် အသုံးပြုသည့်နည်းလမ်းသည် တစ်ထပ်တည်းကျမည်မဟုတ်ပေ။ ကုမ္ပဏီဖွဲ့စည်းတည်ဆောက်ပုံနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပိုမိုရရှိလာပါက အနာဂတ်ကာလ၌ ယင်းကို ပြန်လည်ပြင်ဆင်သွားရန် MCRB က ကြိုးပမ်းသွားမည်ဖြစ်သည်။

36 ကုမ္ပဏီများ သီးခြားခွဲ၍ လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့ရသည့် ကုမ္ပဏီများမှာ မက်(စ်)အုပ်စုနှင့် ရှေ့ဝတီဘဏ် (ဦးဇော်ဇော် ဘုံရှယ်ယာပိုင်ရှင်) နှင့် သိသာထင်ရှားသော ကုမ္ပဏီများ ပိုင်ဆိုင်သူ ဦးသိန်းထွန်း၊ မြန်မာဂိုးဒင်းစတားနှင့် Myanmar Consolidated media (မြန်မာ့တိုမ်း(စ်)) ကို ပိုင်ဆိုင်သည်။

## ဝဘ်ဆိုဒ်ရှိသည့် ကုမ္ပဏီခွဲများ

ကုမ္ပဏီခွဲများသည် ယေဘုယျအားဖြင့် ၎င်းတို့၏ မိခင်ကုမ္ပဏီ သို့မဟုတ် အုပ်စုအောက်တွင် အစုလိုက်ရှိကြသည်။ ၂၀၁၅ တွင် ဆောင်ရွက်ခဲ့သကဲ့သို့ပင် ဝဘ်ဆိုဒ်လေ့လာမှုအတွက် ပဓာနကျသော ရည်ညွှန်းချက်အဖြစ် အုပ်စု၏ဝဘ်ဆိုဒ်ကို အသုံးပြုခဲ့သည်။ ဥပမာအားဖြင့် ယခုနှစ်တွင်မူ အုပ်စုဝဘ်ဆိုဒ် မရှိသည့် ကုမ္ပဏီများအတွက်မူ ကုမ္ပဏီဝဘ်ဆိုဒ်ခွဲများကို ထည့်သွင်းလေ့လာ အမှတ်ပေးခဲ့သည်။ သက်ဆိုင်သည့် သတင်းအချက်အလက်များ တွေ့ရှိရသည့်အခါ အခြားကုမ္ပဏီခွဲများက ယင်းမူဝါဒများကို ကျင့်သုံးခြင်းမရှိဟူသော ယူဆချက်ဖြင့်မျှပြီး အမှတ်ပေးသည့်စနစ်ဖြင့် ယင်းဝဘ်ဆိုဒ်များကို အမှတ်ပေးသည်။ ၂၀၁၆ တွင်မူ ဤအချက်သည် ကုမ္ပဏီများအပေါ်အမှတ်ပေးရာတွင် အနည်းငယ်သာ သက်ရောက်မှုရှိခဲ့သည်။[37]

## ကုမ္ပဏီများနှင့် ဆက်သွယ်ခြင်း

ကုမ္ပဏီများကို အချို့အဆင့်များတွင် ဆက်သွယ်ခဲ့သည်။ မတ်လတွင် ကုမ္ပဏီအသီးသီး၏ ရုံးချုပ်များသို့ မိတ်ဆက်စာများ ပေးပို့ခဲ့ပြီး ဆက်သွယ်ရန် အီးမေးလ်လိပ်စာရှိသည့် သို့မဟုတ် MCRB နှင့် လူပုဂ္ဂိုလ်ချင်းသိသည့် ကုမ္ပဏီရှိ ပုဂ္ဂိုလ်များထံသို့ အီးမေးလ်လည်း ပို့ခဲ့သည်။ စာများသည် MCRBက သုတေသနကို စတင်ပြုစုနေပြီဖြစ်ကြောင်းနှင့် စီမံချက်၏အပိုင်းအသီးသီးအတွက် ဝဘ်ဆိုဒ်များနှင့် ပတ်သက်ပြီး ဆက်သွယ်ဆွေးနွေးလိုပါက ဆက်သွယ်နိုင်သည့် နောက်ဆုံးသတ်မှတ်ရက်များအား ကုမ္ပဏီများသို့အကြောင်းကြားခြင်းဖြစ်သည်။

ကုမ္ပဏီဝဘ်ဆိုဒ်များကို သုတေသနပြုလုပ်ပြီးနောက် ဖွန်လလယ်တွင် ကုမ္ပဏီများသို့ အမှတ်ပေးခြင်း လမ်းညွှန်နှင့်အတူ ကနဦးရမှတ်များ ပေးပို့ခဲ့သည်။ ရမှတ်များသည် ဇူလိုင်လကုန်တွင် ဝဘ်ဆိုဒ်၌ တွေ့ရှိသည့်အချက်များအပေါ် အခြေခံထားကြောင်း ကုမ္ပဏီများကို အကြောင်းကြားခဲ့သည်။ ကိစ္စရပ်များကိုရှင်းလင်းရန်၊ ဖော်ပြထားသည့် သီခြားအချက်အလက်များ ကျန်နေလျှင် အသိပေးရန်နှင့် ဝဘ်ဆိုဒ်များတွင် သတင်းအချက်အလက်များ ပိုမိုတင်ထားပါက အသိပေးနိုင်ရန်တို့အတွက် MCRB နှင့် ဆက်သွယ်ဆောင်ရွက်ရန် ၎င်းတို့အား တိုက်တွန်းခဲ့သည်။

၂၀၁၅ တွင် ဖြစ်သကဲ့သို့ပင် ဝဘ်ဆိုဒ်မရှိခြင်းကြောင့် အချို့သောကုမ္ပဏီများနှင့် မိမိတို့ ဆက်သွယ်နိုင်မှုတွင် အဟန့်အတားဖြစ်ခဲ့ရပြီး ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို သုံးကာ အဆက်အသွယ်ရှာဖွေပြီး ဆက်သွယ်ခဲ့ရသည်။ ကုမ္ပဏီများတွင် ဝဘ်ဆိုဒ်တစ်ခုရှိသည့်တိုင် ပွင့်သစ်စ စီမံချက်နှင့်ပတ်သက်သော သတင်းအချက်အလက်များသည် သက်ဆိုင်ရာ မန်နေဂျာများထံသို့ ရောက်ပုံမပေါ်ပေ။ အချို့ကုမ္ပဏီများတွင် ယင်းသို့သောစီမံချက်များကို ကိုင်တွယ်လုပ်ဆောင်ရန် ကော်ပိုရိတ်လုပ်ဆောင်မှုမရှိခြင်းကြောင့် ဖြစ်သည်။

သို့သော်လည်း အကြမ်းအားဖြင့် ကုမ္ပဏီ (၂၀) ကျော်အား MCRB ၏ ဝန်ထမ်းက လူကိုယ်တိုင်ဆက်သွယ်ခဲ့ပြီး အချို့ကလည်း စာလက်ခံရရှိကြောင်းကို MCRB သို့ ဆက်သွယ်လာခဲ့သည်။[38] ကုမ္ပဏီများစွာသည် တုံ့ပြန်မှုအဖြစ် ၎င်းတို့၏ဝဘ်ဆိုဒ်များတွင် သတင်းအချက်အလက်များကို တင်ခဲ့ကြသည်။

37 အုပ်စုခွဲများ၏ ဝဘ်ဆိုဒ်တည်ရှိခြင်းသည် ဒေင်၏ ခြုံငုံရရှိသော အမှတ်တွင် ထောက်ပံ့ကူညီရာ ရောက်ခဲ့ပါသည်။

38 AYA bank, City Mart Holdings Limited, Htoo, KBZ, Myanmar Awba, Max Myanmar, MPRL, Parami Energy, SPA, Shwe Taung, SMART, UPG, Zawgyi Premier, Dagon Group of Companies, Kayay Trading , Min Zar Ni Group of Companies, FMI, Myan Shwe Pyi Tractors, Great Hor Kham Public Co. Ltd., Ya Thar Cho Industries, Shwe Than Lwin Group of Companies, International Beverages Trading Co. Ltd. (IBTC), UMEHL.

**အရှိတရား စစ်ဆေးမှုများ**

ယခုသုတေသန၏ စနစ်တကျဆောက်ရွက်ပုံ အဆင့်ဆင့်ဆိုင်ရာ အဓိကအားနည်းချက်မှာ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင် (HSE)၊ လူ့အခွင့်အရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာများတွင် ကုမ္ပဏီ၏ လုပ်ဆောင်မှုများအား တိုင်းတာမှု မပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်။ ယခုနည်းတွင် ကုမ္ပဏီဝဘ်ဆိုဒ်အသီးသီးတွင် ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များ၏ ပမာဏ ကိုသာ တိုင်းတာနိုင်သည်။ ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များ၏ တိကျမှုကိုစစ်ဆေးခြင်း သို့မဟုတ် ဖော်ပြထားသည့် မူဝါဒများနှင့် စံချိန်စံညွှန်းများကို ကုမ္ပဏီပြင်ပ၌လည်းကောင်း၊ ကုမ္ပဏီအတွင်း ၌လည်းကောင်း ကုမ္ပဏီက မည်သို့အသုံးပြုနေသနည်းဆိုသည်ကို လေ့လာဆန်းစစ်ရန် MCRB က မပြုလုပ်နိုင်ခဲ့ပေ။ သို့သော်လည်း ၎င်းတို့၏ဝဘ်ဆိုဒ်များတွင် ယင်းကိစ္စရပ်များကို ဖော်ပြသည်ကို တွေ့ရခြင်းအားဖြင့် ကုမ္ပဏီက ကိုင်တွယ်ဖြေရှင်းနေပြီး ယင်းသို့သော မူဝါဒများသည် ၎င်းတို့အတွက် အရေးကြီးမှုကို အသိအမှတ်ပြုထားသည်ဟု မိမိတို့က ယူဆပါသည်။ ထို့ပြင် ယင်း၏လုပ်ငန်းများ၊ ကတိကဝတ်များနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာစွာ ဖော်ပြထားသည့် ကုမ္ပဏီသည် ယင်းပွင့်လင်းမြင်သာမှုအင်အားကြောင့် ပင်ကတိကဝတ်များ တာဝန်ယူမှုရှိမရှိကို ကုမ္ပဏီနှင့် သက်ဆိုင်ပတ်သက်သူများ အရပ်ဘက် လူ့အဖွဲ့အစည်းများက သတိပြုမိပြီး ထောက်ပြပေးနိုင်သောကြောင့် လက်တွေ့တွင် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်များ ရရှိမည်ဖြစ်သည်။

ဖြစ်နိုင်ချေရှိလောက် အထိလည်း လုပ်ဆောင်သွားမည်ဖြစ်ပြီး ထိုအချက်အလက်များအား ဇူလိုင်လတွင် ကုမ္ပဏီများထံသို့ ပေးပို့ကာ ၎င်းတို့ဝဘ်ဆိုဒ်နှင့် ပတ်သက်သော မေးမြန်းချက်များနှင့် ကုမ္ပဏီများအနေဖြင့် ပြန်လည်ဖြေရှင်းလိုသည်များအား ပြုလုပ်နိုင်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ဤအကြောင်းအရာအား နောက်ဆက်တွဲတွင် ထည့်သွင်းထားပါသည်။ ဒုတိယအချက်အနေဖြင့် အချို့သော မေးခွန်းများ၏ အမှတ်ပေးစည်းမျဉ်းအား မွမ်းမံထားပါသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ မူဝါဒပိုင်းဆိုင်ရာ အကောင်အထည်ဖော်မှုပိုင်း၏ အစီရင်ခံမှုအပိုင်းအား ပိုမိုအာရုံစိုက်လိုသောကြောင့် ဖြစ်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်သော အချက်အလက်များအား အောက်ပါအပိုင်းတွင် ဖော်ပြထားပါသည်။.

သို့တိုင် ရုံးချုပ်မှရေးဆွဲထားသော ဆွဲဆောင်မှုရှိသည့် မူဝါဒများကို ထုတ်ပြန်သော်လည်း လက်တွေ့ အကောင်အထည်ဖော်ခြင်းမရှိသည့် ကုမ္ပဏီများနှင့်ပတ်သက်သော စိုးရိမ်ပူပင်များကို ဖြေရှင်းရန်အတွက်  ယခုနှစ်အတွက် MCRB သည် ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းနှစ်လမ်း စဉ်းစားထားပါသည်။ ပထမတစ်နည်းမှာ ၂၀၁၅ လေ့လာချက်အတိုင်း ပြီးခဲ့သောနှစ်အတွင်း ကုမ္ပဏီအပေါ် အများပြည်သူလူထု၏ သုံးသပ်ချက်နှင့် သတင်းမီဒီယာများမှ ဖော်ပြချက်များကို ပြန်လည်သုံးသပ်ရန်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ကုမ္ပဏီ၏ လုပ်ငန်းဆောက်ရွက်ချက်များတွင် မူဝါဒများအား အခြားမှ ကူးယူဖော်ပြကာ အကြောင်းအရာများသည်လည်း အပ်စပ်မှုမရှိဘဲ အမှတ်ရချင်ယုံ သက်သက်ဖြင့်သော်လည်းကောင်း နည်းစနစ်အား အကွက်ဆင်ရန် သိသာထင်ရှားသော ကြံစည်အားထုတ်မှု တွေ့ရှိပါက ကျွန်ုပ်တို့၏ ဆန်းစစ်လေ့လာချက်တွင် ထုတ်ပယ်လိုက်ပါသည်။ ယခုကိစ္စရပ်နှင့် ပတ်သက်ပြီး ပြောရမည်ဆိုပါက ကျွန်ုပ်တို့၏ သုတေသနရှာဖွေချက်အရ www.yuzanagroup.com ဝဘ်ဆိုဒ်တွင် ကျင့်ဝတ်ပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များ၊ လူ့အခွင့်အရေးပိုင်းဆိုင်ရာ မူဝါဒနှင့် မြေယာတိုးတက်ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ မူဝါဒများ ဖော်ပြပါရှိသော်လည်း ကုမ္ပဏီနှင့် ၎င်း၏ လုပ်ရှားမှုပိုင်းဆိုင်ရာ အချက်အလက်များအား ဖော်ပြထားခြင်းမရှိပေ၊ ၎င်းတို့၏ ရုံးချုပ်ဌာနလိပ်စာအားပင် ဖော်ပြထားခြင်းမရှိပေ။ ယုဇနကုမ္ပဏီအဖွဲ့နှင့် ၎င်း၏ ဝဘ်ဆိုဒ်ပိုင်းဆိုင်ရာ ကိစ္စရပ်အား ဆွေးနွေးနိုင်ရန်အတွက် အဆက်အသွယ်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ MCRB ၏ လေ့လာဆန်းစစ်စစ်ဆေးခြင်း လုပ်ဆောင်လာသော နှစ် ၃ နှစ်

တောက်လျှောက်တွင် ကုမ္ပဏီနှင့် အဆက်အသွယ်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် ထိုဝဘ်ဆိုဒ်ပေါ်တွင်ရှိသော အချက်အလက်အကြောင်းအရာများအား ထည့်သွင်း စဉ်းစားခြင်း မရှိခဲ့ပါ။

**အမှတ်ပေးခြင်း**

အမှတ်ပေးခြင်း စနစ်တကျလုပ်ဆောင်ပုံ အဆင့်ဆင့်သည် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ TRAC အစီရင်ခံစာအပေါ်တွင် အခြေခံကာ သုံးထားခြင်းဖြစ်သည်။ မေးခွန်း ၃၅ ခုအတွင်း မေးခွန်း တစ်ခုစီလျှင် ဝဘ်ဆိုဒ်တွင်ဖော်ပြထားသည့် သတင်းအချက်အလက် ပမာဏပေါ်မူတည်ပြီး " ၁ "၊ ၀.၅၊ သို့မဟုတ် " ၀ " မှတ်ပေးပါသည်။ (နောက်ဆက်တွဲတွင် ရှုပါ)။ အကယ်၍ မေးခွန်းတစ်ခုသည် အဖွဲ့အစည်းနှင့် မဆီလျှော်လျှင် မသက်ဆိုင်ဟုပေးထားပြီး အမှတ်များရေတွက်ရာတွင်လည်း ထည့်သွင်း တွက်ချက်ခြင်း မပြုပါ။

အမှတ်ကို စံသတ်မှတ်ချက်အမှတ် အဖြစ် အများဆုံး ၁၀ ပေးရန် အပိုင်းအသီးသီးမှ ရရှိလာသည့် အမှတ်များ၏ ပျမ်းမျှကိုတွက်ချက်ခြင်းဖြင့် ပျမ်းမျှအမှတ်ရရှိလာသည့်အပေါ် ၀ မှ ၁၀ အထိ ပြန်ပေးခြင်း ဖြစ်သည်။ နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့၏ စနစ်တကျ လုပ်ဆောင်ပုံအဆင့်ဆင့်နှင့် အလားတူပင် ဖြစ်သည်။ အပိုင်းအသီးသီးအတွက် အမှတ်များများရရှိခြင်းသည် ကုမ္ပဏီ၏ တရားဝင်ဝဘ်ဆိုဒ်တွင် သက်ဆိုင်ရာ သတင်းအချက်အလက်များများ ထုတ်ပြန်ထားခြင်းကြောင့် ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် MCRB သည် အမှတ်ပေးစည်းမျဉ်းအား အနည်းငယ်ပြောင်းလဲ ခဲ့ပါသည်။ အကြောင်းမှာ ပွင့်လင်းမြင်သာမှုအရှိဆုံး ကုမ္ပဏီများအကြား မတူညီကွဲပြားခြားနားမှုများအား ခွင့်ပြုရန်နှင့် အနည်းငယ် အဆင့်မြှင့်တင်ထားခြင်းပင် ဖြစ်ပါသည်။ ယခုနှစ်တွင်မူ ကျွန်ုပ်တို့သည် အချို့သော မေးခွန်းများအတွက် အမှတ်ပေးခြင်း စံသတ်မှတ် နှိုင်းယှဉ်ချက်အား အနည်းငယ်ပြုပြင်ပြောင်းလဲထားပါသည်။ ထိုသို့ပြုလုပ်ရခြင်းမှာလည်း အချို့သော ကုမ္ပဏီများအနေဖြင့် ပိုမိုမြင့်မားသော စံသတ်မှတ်ချက် အတိုင်းလုပ်ဆောင်ရန် ဆန္ဒရှိသောကြောင့် ဖြစ်ပေသည်။ စီးပွားရေးစီမံအုပ်ချုပ်မှု အချက်အလက်များကို လည်း မြန်မာဘာသာဖြင့် ထုတ်ပြန်ခြင်းကို အားပေးလို၍လည်း ဖြစ်သည်။

မေးခွန်း ၃၅ ခုမှ ၁၀ ခုခန့်၏ အမှတ်ပေးစည်းမျဉ်းများကို ပြောင်းလဲခဲ့ပြီး တစ်ဝက်လောက်သည် လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် ပတ်ဝန်းကျင်နှင့် မြေယာတို့နှင့် ဆက်စပ်သက်ဆိုင်လျက်ရှိသည်။ မေးခွန်းများကို ပြန်လည်ပြင်ဆင်ရာတွင် ကုမ္ပဏီ၏ မူဝါဒများအား ၎င်းတို့၏ ပေးသွင်းသူများနှင့် ကန်ထရိုက်တာများပါ ပါဝင်အောင် လုပ်ဆောင်ရန် အာရုံစိုက်ခဲ့ပါသည်။ သို့မဟုတ်လျှင်လည်း ကုမ္ပဏီမှ လုပ်ကိုင်ဆောင်ရွက်မည့် အလေ့အကျင့်များနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များအား ဖော်ပြရန်ပင် ဖြစ်သည်။ ပြုပြင်ပြောင်းလဲချက်များသည် စီးပွားရေးလုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပြုလုပ်ခဲ့ပါသည်။ အထူးသဖြင့် ဂျီ-4 ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံခြင်း လမ်းညွှန်ချက်၏ ကမ္ဘာလုံးဆိုင်ရာအစီရင်ခံခြင်း ပဏာမခြေလှမ်းပေါ်တွင် အခြေခံခဲ့ပါသည်။ အခြားသော ကိစ္စရပ်(၆)ခုတွင်မူ ကုမ္ပဏီ၏မူဝါဒများအား မြန်မာဘာသာဖြင့်ပါ ဖတ်ရှုနိုင်ရန် လိုအပ်ချက်အား ထည့်သွင်းခဲ့ပါသည်။ အခြားကိစ္စရပ်များတွင်မူ အမှတ်အများဆုံး ၁ မှတ်၊ အမှတ် တစ်ဝက် ရရှိရန်တို့အတွက် အနည်းငယ် ပြောင်းလဲထားပါသည်။

အစီရင်ခံစာတွင်ပါဝင်သော မည်သည့်ကုမ္ပဏီအတွက်မဆို ၂၀၁၅ မှ ၂၀၁၆ တွင် အမှတ်တိုးခြင်း၊ လျော့ခြင်းသည် ကုမ္ပဏီ၏ပွင့်လင်းမြင်သာမှုနှင့် အမှတ်ပေးစည်းမျဉ်း ပြောင်းလဲမှုများကြောင့်သာဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ အတတ်ဆုံးအားဖြင့် ကုမ္ပဏီများအပေါ် သက်ရောက်မှုအား မျှတမှု ရှိစေရန် ဖြစ်နိုင်ချေရှိသည့် အရာများအားလုံးအား ပြန်လည်ဆန်းစစ်သုံးသပ်ချက်များ ပြုလုပ်ခဲ့ပါသည်။ ဥပမာအားဖြင့် ပြန်လည်ဆန်းစစ် သုံးသပ်ချက်များ ယခင်နှစ်တွင်း ကုမ္ပဏီများစွာ ကောင်းစွာလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သော မေးခွန်းများအပေါ်တွင် အာရုံစိုက်ခဲ့သည်။ နောက်ဆုံးတွင် အမှတ်များအား ပြန်လည်ဆန်းစစ် သုံးသပ်ချက်များသည် ယေဘုယျအားဖြင့် ခြုံငုံကြည့်လျှင် အမှတ်နည်းခြင်းအပေါ်တွင် သက်ရောက်မှုအနည်းငယ်သာရှိပြီး ကုမ္ပဏီများနှင့်သက်ဆိုင်သည့် အဆင့်သတ်မှတ်ခြင်းအပေါ်တွင်လည်း သက်ရောက်မှု အနည်းငယ်သာရှိသည်ဟု MCRB အနေနှင့် ယုံကြည်ပါသည်။

## ရလဒ်များ

### ခြုံငုံသုံးသပ်ချက်

ခြုံငုံကြည့်ပါက ၂၀၁၅ တွင် ပွင့်လင်းမြင်သာမှုအရှိဆုံးဟူသော ကုမ္ပဏီများသည် ၂၀၁၆ တွင်လည်း ထုတ်ဖော်ဖွင့်ဟချက်များ ပိုမိုပြုလုပ်လာကြသည်။ ထိုအချက်ကြောင့် ထိပ်တန်းကုမ္ပဏီများသည် မပြောင်းလဲပေ။ First Myanmar Investment (FMI) သာ မတ်လ ၂၀၁၆ တွင် ပွင့်သစ်စစာရင်းတွင် စတင်ပါဝင်လာကာ ယခုနှစ်မှ ပထမဦးဆုံး အမှတ်ပေးခြင်းခံရသော ကုမ္ပဏီဖြစ်သည်။

ခြုံငုံပြောရမည်ဆိုလျှင် အများအားဖြင့် ထိပ်တန်းစာရင်းဝင် ကုမ္ပဏီများသည် ၎င်းတို့၏ အဆင့်ကို တစ်ခုနှင့်တစ်ခု ယှဉ်၍ထိန်းထားနိုင်ကြပါသည်။ စီးတီးမတ် (City Mart)၊ ရွှေတောင်ကုမ္ပဏီ (Shwe Taung)နှင့် ပါရမီတို့သည် ၂၀၁၆ ခုနှစ်တွင် ၎င်းတို့၏အဆင့်များ လျော့ကျခဲ့သော်လည်း ၎င်းတို့၏ ပွင့်လင်းမြင်သာမှုမှာ လျော့ကျသွားခြင်း မရှိပေ။ အမှန်တကယ်တော့ ၎င်းတို့မှာ ပိုမို၍ပင် တိုးတက်မှု ရှိလာခဲ့ပါသည်။ SMART နှင့် AYA ဘဏ်တို့မှာမူ ပိုမိုအားစိုက်ထုတ်မှုများ ပြုလုပ်လာခဲ့ပြီး ၎င်းတို့အသီးသီး၏ အဆင့်မှာလည်း တိုးတက်လာခဲ့သည်။

၂၀၁၆ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် ပွင့်လင်းမြင်သာမှုအရှိဆုံး ကုမ္ပဏီများမှာ FMI ၊ Serge Pun and Associate (SPA)၊ မက်(စ်)မြန်မာ (Max Myanmar Group) တို့ပင်ဖြစ်သည်။ ထို ထိပ်တန်းလုပ်ဆောင်မှု အကောင်းဆုံးကုမ္ပဏီများဖြစ်သည့် SPA နှင့် Max တို့သည် ၂၀၁၅ ပွင့်သစ်စအစီရင်ခံစာ စာရင်းတွင် ထိပ်တန်းကုမ္ပဏီများ ဖြစ်ကြသည်။ အခြားသော မြန်မာကုမ္ပဏီကြီးများနှင့်ယှဉ်လျှင် ပွင့်လင်းမြင်သာမှု၏ မည့်သည့်အပိုင်းတွင်မဆို ၎င်းတို့၏ လုပ်ဆောင်ချက်မှာ ပိုမိုကောင်းမွန်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ထိပ်တန်းကုမ္ပဏီ ၁၀ တွင် SPA နှင့် Max Myanmar အနေဖြင့် အခြားသော ကုမ္ပဏီများ၏ရှေ့မှ ဝင်ရောက်ခဲ့ပြီး ၎င်းတို့၏ ပွင့်လင်းမြင်သာမှုအား ဆက်လက်၍ တိုးတက်အောင်ပြုလုပ်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ် ပွင့်သစ်စစီမံချက် အစီရင်ခံစာတွင် ယခင်နှစ်များကဲ့သို့ပင် ထိပ်ဆုံးတွင် ရှိနေသော ကုမ္ပဏီ ၁၅ ခုသည် အခြားသောကုမ္ပဏီများကြားမှ ထိုးထွက်နေခြင်းမှာ အခြားသူများထက် ပို၍ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် အားစိုက်ထုတ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ ဤကုမ္ပဏီများ အနေဖြင့် လေ့လာမှုပြုလုပ်ခဲ့သော အခြားသော မြန်မာကုမ္ပဏီများထက်စာလျှင် လုပ်ငန်းဆောင်ရွက်ချက်များမှာ ပိုမိုသာလွန်သောကြောင်း တွေ့ရှိရသည်။ သို့သော်လည်း ၎င်းတို့ထဲတွင်မူ များပြားကွဲပြားသောအမှတ်များ အသီးသီးရရှိကြသည်။ (FMI) က အမြင့်ဆုံး(၉.၃၂)မှတ်နှင့် ဇော်ဂျီပရီးမီးယားက (၂.၅၁)မှတ်ဖြင့် အနိမ့်ဆုံး ရရှိခဲ့ကြပါသည်။ အမှတ်မရရှိ

သလောက်နီးပါးနည်းသော ကုမ္ပဏီများနှင့် အမှတ်ရရှိမှုနည်းသော ကုမ္ပဏီများအကြား ကွဲပြားခြားနား ချက်မှာ အမှတ်ရရှိမှုနည်းသော ကုမ္ပဏီများအနေဖြင့် ၎င်းတို့တွင် အလုပ်ခန့်အပ်ထားခြင်းဆိုင်ရာနှင့် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် တစ်ခုထက်ပိုသော ကုမ္ပဏီမူဝါဒများအား ထုတ်ပြန်ထားခြင်း ကြောင့် ပင်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ၎င်းတို့သည် လုပ်ငန်း၏ အဖွဲ့အစည်းတည်ဆောက်မှုပိုင်း ဆိုင်ရာ အချက်အလက်များအား ဖော်ပြလေ့ရှိကြသည်။ ၎င်းတို့၏ အားသာချက်များကို နောက်ပိုင်းအခန်း တွင် ပိုမိုဖော်ပြပေးပါမည်။

ကုမ္ပဏီ ၄၀ ပါဝင်သော ဒုတိယအုပ်စုထဲတွင် ကုမ္ပဏီအုပ်စုကြီး အတော်များများပါဝင်ကာ ၎င်းတို့သည် ပြီးခဲ့သော ၁၂-လ အတွင်းတွင်မူ ပွင့်လင်းမြင်သာမှုရှိအောင် အနည်းငယ်သာ၊ သို့မဟုတ် မည်သည့်လုပ်ဆောင်ချက်မျိုးမျှ လုပ်ဆောင်ခြင်းမရှိသည်ကို တွေ့ရသည်။ ထိုကုမ္ပဏီ အတော်များများ သည် နိုင်ငံတကာမိတ်ဖက်လုပ်ငန်းစုများ၊ သို့မဟုတ် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများနှင့် ပတ် သက်မှုရှိကြသည်။ ဥပမာ IBTC (Heineken)၊ Myanmar Gold Star (Carlsberg)၊ Myanmar Distribution Group (Nestle)နှင့် စိန်ဝတ်မှုန် (BAT)၊ Myanmar Oriental Bank၊ မြန်မာ့သြဘာ (IFC) စသည်ဖြင့် ဖြစ်သည်။

၎င်းနိုင်ငံတကာကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှု ကြောင့် လူ့အခွင့်အရေးဆိုင်ရာနှင့် လူမှု၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ် ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း (due diligence)ကို ဖြတ်ကျော်နိုင်ရန် နှင့် မိတ်ဖက်လုပ်ငန်းစုအဖြစ် တည်ထောင်နိုင်ရန် မြန်မာကုမ္ပဏီအနေဖြင့် မဖြစ်မနေ ကတိကဝတ်များကို ဆောင်ရွက်ရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင်လည်း ပါဝင်ကာ အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပေသည်။ ထိုအရာများအားလည်း မည်သည့်အရာများ ဖြစ်သည် ဆို သည်ကိုလည်း ၎င်းတို့အနေဖြင့် ထုတ်ပြန်ရန်လိုအပ်သည်။ ကောင်းမွန်သော စီးပွားရေး စီမံအုပ်ချုပ်မှု ရှိကြောင်းပြသသည့် ယေျဘုယျဆန်သည့် အချက်များထက်ပို၍ လုပ်ဆောင်ရန် လိုအပ်ပေသည်။

ဆက်လက်၍ ဤအုပ်စုထဲတွင် MAPCO ၊ Great Hor Kham နှင့် First Private Bank တို့သည် ရန်ကုန်စတော့အိတ်ချိန်းတွင် မကြာမီတွင် စာရင်းသွင်းခြင်း ပြုလုပ်ရန် မျှော်လင့်ရပေသည်။ သို့သော် ၎င်းတို့၏ သက်ဆိုင်ရာဝဘ်ဆိုဒ်များတွင် အချက်အလက်အနည်းငယ်သာ ဖော်ပြထားခြင်းသာ ရှိပါသည်။ စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းစု မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းသည် ယခုနှစ်တွင်မှ ဝဘ်ဆိုဒ် စတင် တည်ထောင်မှုကြောင့် စာရင်းထဲ ပါဝင်လာခဲ့ပြီဖြစ်သည်။ ဝဘ်ဆိုဒ်ပေါ်တွင် ၎င်းတို့၏ ပိုင်ဆိုင်မှုများနှင့် ယခင်က ပုံနှိပ်ထုတ်ဝေထားသော စာအုပ်ထဲမှ အချက်အလက်များအား ပြန်လည်ကူးယူဖော်ပြထားခြင်း သာ ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေကာမူ ထိုဝဘ်ဆိုဒ်ထဲတွင် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အချက်အလက်များ မပါရှိပေ။ မြန်မာ၏ အခြားသော စစ်တပ်ပိုင်ကုမ္ပဏီဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် ယခုတစ်ခေါက်တွင်လည်း ၎င်း၏ မြဝတီကုန်သွယ်ရေး၏ ဝဘ်ဆိုဒ်ကြောင့် အမှတ်ခွဲဝေမှုမှ အမှတ်များ ရရှိလာသည်။ ၎င်းဝဘ်ဆိုဒ်သည် မပြောပလောက်သော ကော်ပိုရိတ် အုပ်ချုပ်မှုပိုင်းဆိုင်ရာ သတင်း အချက်အလက်များသာ ရှိပေသည်။

အချို့သော အဖွဲ့အစည်းများ အနေဖြင့် စီးပွားရေးလုပ်ငန်းများစွာကို ပူးပေါင်းတည်ထောင်ပြီး လုပ်ကိုင်လှုပ်ရှား လည်ပတ်နေသည်ဟု သိရှိရသော်လည်း အုပ်စုဝဘ်ဆိုဒ် တည်ရှိခြင်း မရှိပေ။ မြန်မာ အေပက်(စ်)ဘဏ်နှင့် ဒေင် အပန်းဖြေနေရာ၊ ဒေင်အုပ်စု၏ အစိတ်အပိုင်းဖြစ်ပြီး (ဟေးလ်တန်၏

မိတ်ဖက်ဖြစ်သည့်) ၎င်းတို့၏ ဆိုဒ်များသည် မားကတ်တင်းလုပ်ရန် ရည်ရွယ်ချက်ဖြင့်သာ တည်ရှိနေပြီး စီးပွားရေး စီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ အချက်အလက်များပါရှိခြင်း မရှိပေ။ ရွှေသံလွင် (စကိုင်းနက် သတင်း) မှာလည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။

အကြမ်းဖျင်းအားဖြင့် မီဒီယာကုမ္ပဏီများအနေဖြင့်လည်း သတင်းအချက်အလက်များ ထုတ်ပြန် ရာတွင် ရှေသို့ရောက်ရန် မျှော်လင့်ထားရသော်လည်း ပွင့်သစ်စအစီရင်ခံစာအတွက် ဆန်းစစ်ရာတွင် ၎င်းတို့၏ လုပ်ဆောင်ချက်များမှာ ဆက်လက်ပြီး အားနည်းနေသည်ကို တွေ့ရှိရပါသည်။ ရွှေသံလွင် အနေဖြင့် ဝဘ်ဆိုဒ်တူထောင်ရန် လိုအပ်ပေသည်။ တစ်ဖက်မှာတော့ Myanmar Consolidated Media and Eleven အနေဖြင့် ကော်ပိုရိတ်အချက်အလက် အနည်းငယ်သာ ထုတ်ပြန်ခြင်းရှိပေသည်။

တတိယအုပ်စုဖြစ်သော ကုမ္ပဏီများအနေဖြင့် ဝဘ်ဆိုဒ်ရှိသော်လည်း အဓိပ္ပာယ်ရှိသော သတင်း အချက်အလက်များ မရှိသောကြောင့် သုည အမှတ်ရရှိခြင်း ဖြစ်သည်။ ထိုထဲတွင် ယုဇနအုပ်စုလည်း ပါဝင်ပေသည်။ (အထက်တွင် ကြည့်ပါ) ဆိုဒ်များထဲတွင် ပြင်ဆင်မှု ပြုလုပ်နေဆဲဆိုဒ်များ (Ruby Dragon)၊ လည်ပတ်မှုမရှိသောဆိုဒ်များ (ဆင်ဖြူကျွန်း)၊ သို့မဟုတ် Ipsem Dolor စာသားသာ ပါရှိသောဆိုဒ်များ (မြတ်အိန္ဒြေ) များလည်း ရှိပေသည်။

၂၀၁၆ ခုနှစ်တွင် လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သော ကုမ္ပဏီ ၁၀၀ ထဲမှ ၃၄ ခုသည် အောက် ခြေအုပ်စုထဲတွင် ပါဝင်သည်။ ၎င်းတို့တွင် ဝဘ်ဆိုဒ်မရှိကြပေ။ ၂၀၁၅ တွင် ဝဘ်ဆိုဒ်မရှိသော ကုမ္ပဏီ ၃၉ ခုသည်လည်း အနည်းငယ်တိုးတက်မှု ရှိလာခဲ့သည်။ ထိုထဲတွင် ပါဝင်သော အများစုသောကုမ္ပဏီမှာ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ကုမ္ပဏီများပင်ဖြစ်သည်။ ၎င်းတို့သည် ထိပ်တန်း ၁၀၀ တွင် ပါဝင် ခြင်းမှာ ၎င်းတို့၏ အခွန်ထမ်းဆောင်သူများ စာရင်းတွင် ပါဝင်သောကြောင့် ဖြစ်သည်။ ထိုအုပ်စုထဲတွင် နိုင်ငံတကာ ကုမ္ပဏီများနှင့် မိတ်ဖက်လုပ်ကိုင်နေသော မြန်မာလုပ်ဖော်ကိုင်ဖက် အချို့လည်း ပါဝင်ပေ သည်။ ဥပမာအားဖြင့် Pinya Manufacturing (ကိုကာကိုလာ) နှင့် IGE (Petronas) တို့ဖြစ်သည်။

အချို့သော ကုမ္ပဏီများအတွက် ဝဘ်ဆိုဒ်များနှင့် စီးပွားရေးလုပ်ငန်းစီမံအုပ်ချုပ်ပုံ အချက် အလက်များအား အင်္ဂလိပ်ဘာသာဖြင့်သာ ထုတ်ပြန်ခြင်းရှိပေသည်။ မြန်မာဘာသာဖြင့် ဝဘ်ဆိုဒ်တွင် ထုတ်ပြန်ထားခြင်း မရှိသောကြောင့် ၎င်းတို့၏ အဓိက ပါဝင်ပတ်သက်ဆက်နွယ်နေသူများဖြင့် ဆက်သွယ် ရာတွင်လည်းကောင်း၊ ၎င်းတို့၏ အလုပ်သမားများအနေဖြင့်၎င်း ချမှတ်ထားသောမူဝါဒများအား နား လည်မှု ရှိ၊ မရှိဆိုသည်မှာ မေးခွန်းထုတ်စရာ ဖြစ်နေပေသည်။ အထက်ပါဖော်ပြထားသည့်အတိုင်း ကုမ္ပဏီ၏မူဝါဒနှင့် ပတ်သက်သည့် မေးခွန်းခြောက်ခုထဲတွင် မြန်မာဘာသာလိုအပ်ချက်အား ထည့်သွင်း ထားပေသည်။ ယခုနှစ်တွင် ပွင့်လင်းမြင်သာမှု အရှိဆုံးကုမ္ပဏီများသည် မူဝါဒများအား မြန်မာဘာသာဖြင့် ထုတ်ပြန်ရာတွင် တိုးတက်မှုအချို့ရှိပါသည်။[39]

39 အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒ သို့မဟုတ် ဝန်ထမ်းကျင့်ဝတ်ကို မြန်မာဘာသာဖြင့် ထုတ်ပြန်ထားသော ကုမ္ပဏီ ၁၅ ခုမှာ FMI, SPA Group, Max Myanmar, KBZ, SMART, MPRL E&P, AYA Bank, City Mart, Shwe Taung Group, Dagon Group of Companies, Great Hor Kham, Asia World, Parami, Htoo Group နှင့် United Paint Group တို့ဖြစ်သည်။

| Company Name | Website | 2016 Position | 2015 Position |
|---|---|---|---|
| FIRST MYANMAR INVESTMENT (FMI) | fmi.com.mm | 1 | NA |
| SERGE PUN & ASSOCIATES (SPA) | spa-myanmar.com | 2 | 1 |
| MAX MYANMAR GROUP | maxmyanmargroup.com | 3 | 2 |
| SMART TECHNICAL SERVICES | smartmyanmargroup.com | 4 | 5 |
| MPRL E&P GROUP | mprlexp.com | 5 | 8 |
| AYA BANK (FORMERLY AYAWADDY BANK) | ayabank.com | 6 | 9 |
| KBZ GROUP | kbzgroup.com.mm | 7 | 3 |
| CITY MART HOLDING COMPANY | cmhl.com.mm | 8 | 4 |
| PARAMI ENERGY GROUP | parami.com | 9 | 6 |
| DAGON GROUP | dagon-group.com | 10 | 10 |
| SHWE TAUNG GROUP | shwetaunggroup.com | 11 | 7 |
| ASIA WORLD | asiaworldcompany.com | 12 | 12 |
| GREAT HOR KHAM PUBLIC COMPANY | greathorkham.com | 13 | NA |
| HTOO GROUP | htoo.com | 14 | 41 |
| ZAWGYI PREMIER | zawgyipremier.com | 15 | 43 |
| UNITED PAINT GROUP (UPG) | upgpaint.com | 16 | 19 |
| MAPCO | mapco.com.mm | 17 | NA |
| MYANMAR THILAWA SEZ HOLDINGS | mtshmyanmar.com | 18 | NA |
| YOUNG INVESTMENT GROUP | yigmm.com | 19 | NA |
| UMG GROUP | umgmyanmar.com | 20 | NA |
| SEIN WUT HMON | swh.com.mm | 20 | 26 |
| A1 GROUP | a1companies.biz | 22 | 33 |
| SUPREME GROUP | supremegroupcompanies.com | 22 | NA |
| TAHMOENYE CHAN THAR GROUP | tahmoehnyechanthar-group.com | 22 | NA |
| CAPITAL DIAMOND STAR | cdsg.com.mm | 25 | 16 |
| MYANMAR CONSOLIDATED MEDIA HOLDINGS | mmtimes.com | 25 | 40 |
| MYANMAR CITIZEN BANK | mcb.com.mm | 27 | 14 |
| NEW DAY ENERGY | newdayenergymm.com | 27 | 32 |
| MYAN SHWE PYI LTD | mspcat.com.mm | 27 | 21 |
| APEX OIL & GAS PUBLIC COMPANY | apexgasnoil.com | 30 | 22 |
| T.Z.T.M GROUP | tztmgroup.com | 30 | 28 |
| DAWN (AH YONE OO) CONSTRUCTION | ahyoneoo.com | 30 | 20 |
| OK GROUP | ukyufamily.com | 30 | 47 |
| MYANMAR AWBA GROUP | awba-group.com | 34 | 37 |
| MYANMAR GOLDEN STAR (MGS) | mgsgroup.net | 34 | 18 |
| TAW WIN FAMILY | tawwinfamily.com | 34 | NW |

| Anti-Corruption | Organisational Transparency | Health, Safety, Environment and Human Rights | Total Score | UNGC Member | Media Report |
|---|---|---|---|---|---|
| 2.82 | 3.33 | 3.17 | 9.32 | √ | |
| 2.82 | 2.92 | 3.17 | 8.91 | √ | |
| 3.08 | 2.41 | 3 | 8.49 | "Max Energy, Max Myanmar Hotels, Max Highway Co, Shwe Yaung Pya Agriculture | √ |
| 2.95 | 2.78 | 1.83 | 7.56 | √ | |
| 2.44 | 1.67 | 2.83 | 6.94 | √ | |
| 2.56 | 2.33 | 2 | 6.89 | √ | |
| 2.56 | 2.64 | 1.67 | 6.87 | √ | |
| 2.56 | 1.85 | 2 | 6.41 | √ | |
| 2.31 | 2.04 | 1.67 | 6.02 | √ | |
| 2.18 | 1.48 | 0.83 | 4.49 | √ | |
| 2.5 | 1.11 | 0.83 | 3.99 | √ | |
| 2.44 | 0.37 | 0.67 | 3.48 | √ | |
| 1.92 | 1.39 | 0 | 3.31 | | |
| 0.9 | 1.3 | 0.67 | 2.87 | Htoo Foundation, AGD Bank | |
| 0.51 | 2 | 0 | 2.51 | | |
| 0.77 | 1 | 0.17 | 1.94 | √ | |
| 0.13 | 1.53 | 0 | 1.66 | | |
| 0.64 | 1 | 0 | 1.64 | √ | |
| 0 | 1.11 | 0.17 | 1.28 | | |
| 0 | 1.11 | 0 | 1.11 | | |
| 0 | 1.11 | 0 | 1.11 | | |
| 0 | 0.93 | 0 | 0.93 | | |
| 0 | 0.93 | 0 | 0.93 | | |
| 0 | 0.93 | 0 | 0.93 | | |
| 0 | 0.74 | 0 | 0.74 | | √ |
| 0 | 0.74 | 0 | 0.74 | | |
| 0 | 0.67 | 0 | 0.67 | | |
| 0 | 0.67 | 0 | 0.67 | | |
| 0 | 0.67 | 0 | 0.67 | | |
| 0 | 0.56 | 0 | 0.56 | | |
| 0 | 0.56 | 0 | 0.56 | | |
| 0 | 0.56 | 0 | 0.56 | | |
| 0 | 0.56 | 0 | 0.56 | | |
| 0 | 0.37 | 0 | 0.37 | √ | |
| 0 | 0.37 | 0 | 0.37 | | |
| 0 | 0.37 | 0 | 0.37 | | |

| Company Name | Website | 2016 Position | 2015 Position |
|---|---|---|---|
| EXCELLENT FORTUNE | efdgroup.com | 34 | NA |
| GOLDEN KEY (MIKKO GROUP) | mikkogroup.biz | 34 | 13 |
| FORTUNE INTERNATIONAL | fortune-myanmar.com | 34 | NA |
| INTERNATIONAL BEVERAGES TRADING (IBTC) | ibtcgroup.com | 34 | 45 |
| AA GROUP (PACIFIC AA GROUP ) | pacific-aa.com | 41 | 51 |
| NEW GOLDEN GATE (1991) | agribizmm.com | 41 | 60 |
| YATHAR CHO INDUSTRIES | yumyummyanmar.com | 41 | 50 |
| NAING GROUP | nainggroupcapital.com | 41 | 38 |
| KMA GROUP OF COMPANIES | kmagroup.net | 45 | 17 |
| ACE GROUP OF COMPANIES | acegroupmm.com | 46 | 25 |
| THIRAWMANI GROUP OF COMPANIES | thirawmani.com | 46 | NA |
| AYEYAR HINTHAR | ayeyarhinthar.com | 46 | NA |
| MYANMAR ECONOMIC CORPORATION | mecwebsite.com | 46 | NW |
| FIRST PRIVATE BANK | firstprivatebank.com.mm | 50 | NW |
| MYANMAR ORIENTAL BANK (MOB) | mobmyanmar.com | 50 | 31 |
| UNION OF MYANMAR ECONOMIC HOLDINGS (UMEHL) | myawaddytrade.com | 50 | 53 |
| MYANMAR DISTRIBUTION GROUP | myanmardistributiongroup.com | 50 | 23 |
| ELITE TECH | elitetech-group.com | 50 | NA |
| AUNG KAN BO TRADING | aungkanbo.com | 50 | 44 |
| EDEN GROUP | mabbank.com | 50 | 52 |
| EVER SUNNY INDUSTRIES (ESI) FOOD | esifood.com | 50 | 56 |
| RUBY DRAGON GROUP OF COMPANIES | rubydragongroup.com | 50 | NW |
| ELEVEN MEDIA GROUP | elevenmyanmar.com | 50 | 29 |
| MYAT EAINDRAY GROUP | democrystal.com/myateaindray | 50 | NA |
| GOOD BROTHERS | gbs.com.mm | 50 | NA |
| KHA YAY TRADING | khayaytrading.com | 50 | NA |
| MIN ZARNI | minzarnigroup.com | 50 | NA |
| SHWE THAN LWIN | skynetddh.com | 50 | NW |
| YUZANA | www.yuzanagroup.com | 50 | 55 |
| SIN PHYU KYUN | sinphyukyun.com | 50 | NA |

## Companies Surveyed Who Do Not Have a Website:


| | | |
|---|---|---|
| Asia Energy Trading | Ben Hur Trading | Bhome Yaung Chi |
| Global Myanmar Trading | Gold Uni Investment | Information Technology Central Services |
| LM Jewellery | Lin Htet Aung Gems | Mya Gae Trading |
| Pinya Manufacturing | Pyae Phyo Tun | Sein Ngwe Mya |
| Shwe Gaung Gaung Gems | Shwe Me | Six Winner Brothers |
| Win Lei Yadana | Win Pine Kyaw Trading Enterprise | Xie Family |

| Anti-Corruption | Organisational Transparency | Health, Safety, Environment and Human Rights | Total Score | UNGC Member | Media Report |
|---|---|---|---|---|---|
| 0 | 0.37 | 0 | 0.37 | | |
| 0 | 0.37 | 0 | 0.37 | | |
| 0 | 0.37 | 0 | 0.37 | | |
| 0 | 0.37 | 0 | 0.37 | | |
| 0 | 0.33 | 0 | 0.33 | | |
| 0 | 0.33 | 0 | 0.33 | | |
| 0 | 0.33 | 0 | 0.33 | √ | |
| 0 | 0.33 | 0 | 0.33 | Naing Group Construction | |
| 0 | 0.28 | 0 | 0.28 | CB bank | √ |
| 0 | 0.19 | 0 | 0.19 | | |
| 0 | 0.19 | 0 | 0.19 | | |
| 0 | 0.19 | 0 | 0.19 | | |
| 0 | 0.19 | 0 | 0.19 | | √ |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | √ |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | √ | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | |
| 0 | 0 | 0 | 0 | | √ |
| 0 | 0 | 0 | 0 | | |

| | | |
|---|---|---|
| Europe & Asia International | Ever Winner | Farmer Phoyazar |
| International Group of Enterpreneurs (IGE) | Kaung Wai Yan Gems | Kian Sein |
| Myat Myittar Mon Gems & Jewellery | Myint Mahar Trading Co | North East Gate Fruit |
| Shining Star Light Gems & Jewellery | Shu San Industry | Shwe Byain Phyu |
| Tin Win Tun International Trading | Tun Akaree | Wai Aung Gabar Gems |
| Zaykabar | | |

## အပိုင်းလိုက် စွမ်းဆောင်ရည်

### အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်ရေးဆွဲခြင်း




အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ် တွင် **ကုမ္ပဏီပေါင်း ၆၆ ခုထဲမှ ကုမ္ပဏီ ၁၈ ခု** လောက် သာ ပါဝင်ခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ ပါဝင်လာသောကုမ္ပဏီ အရေအတွက်သည် ၂၀၁၅ ထက်စာလျှင် နှစ်ဆနီးပါ တက်လာခြင်းသာဖြစ်သည်။ ထိပ်တွင်ဦးဆောင်သော ကုမ္ပဏီများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်ကဏ္ဍသည် တိုးတက်မှုအများဆုံးရှိသော ကဏ္ဍပင်ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်တွင် အမှတ်များတိုးတက်လာရခြင်းမှာ ကုမ္ပဏီအများစုက အမှတ်များ အနိမ့်ဆုံးမှ အမြင့်ဆုံးအထိ လုပ်ဆောင်ချက်ကောင်းများ ရှိနေခြင်းကြောင့်ဖြစ်သည်။ ၂၀၁၆ တွင် ကုမ္ပဏီများစွာကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအား လိုက်နာရန်ခြွင်းချက်မရှိ တိကျပြတ်သားစွာ ကတိကဝတ်ပြုလာကြ သည်။

မှတ်သားသင့်လောက်သော တိုးတက်မှုရှိသော အပိုင်းနှစ်ပိုင်း ရှိပေသည်။ပထမဆုံးအနေဖြင့် AYA ဘဏ် နှင့် MPRL တို့ကဲ့သို့ ကုမ္ပဏီများသည် ၎င်းတို့၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများအား အလုပ်သမားများအတွက် သာမက ဒါရိုက်တာများ၊ ထောက်ပံ့သူများနှင့် ကုမ္ပဏီအတွက် အလုပ်လုပ်နေသော အခြားသောအေးဂျင့်များ အားလုံးပါ ကျင့်သုံးရန် ဆောင်ရွက်လာသည်။ (မေးခွန်း ၄-၆) ။

ဒုတိယအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ကုမ္ပဏီအတော်များများသည် သတင်းပေးသူများ၊ အစဖော်သူများအား ကာကွယ်ရန်နှင့် မူဝါဒချိုးဖောက်မှုများအား တိုင်ကြားရာတွင် အမည်မဖော်လိုသူများအတွက် လုံခြုံစိတ်ချရသော တိုင်ကြားမှုပြုလုပ်နိုင်ရန် နည်းလမ်းများအား ပြုလုပ်ပေးမည့် ကတိကဝတ်အသစ်အား ပြုလုပ်ခဲ့ပါသည် (မေးခွန်း ၁၀)။ တစ်ဖက်မှာတော့ ကုမ္ပဏီတိုင်းက ထိရောက်မှုရှိသော လုပ်ငန်းစဉ်မရှိသေးပေ။ ထိပ်တန်းကုမ္ပဏီ ၁၅ခု နီးပါးတွင်မူ ထိုရည်မှန်းချက်အား ရအောင်ပြုလုပ်ရန် အများပြည်သူသိအောင် ကတိကဝတ် ပြုခဲ့ကြပါသည်။ ထိုထဲတွင် လက်တစ်ဆုပ်စာသော ကုမ္ပဏီများသည်လည်း လုပ်ငန်းအဆင်ပြေရန် ပေးအပ်ခြင်းနှင့် လက်ဆောင်လက်ခံရယူခြင်း စသည်တို့နှင့် ပတ်သက်သည့် ၎င်းတို့၏ အခြေအနေကို ဖော်ထုတ်ရှင်းပြခဲ့သည်။ (မေးခွန်း ၈ နှင့် ၉)

UN Global Compact ၏ အခြေခံမူ ၁၀ ချက်သည် ပွင့်သစ်စအစီရင်ခံစာ ပါဝင် ကတိကဝတ်ပြုသော ကုမ္ပဏီအရေအတွက်ကို ကြည့်ခြင်းအားဖြင့် "စီးပွားရေးလုပ်ငန်းများအနေဖြင့် မည်သည့်


နည်းအားဖြင့် မဆို အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် သာမက လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်ငွေညှစ်မှုများ အပါအဝင် အတူတကွပါဝင်လုပ်ဆောင်ရန်။” UNGC အနေဖြင့်လည်း ကုမ္ပဏီအဆင့်မှနေ တစ်ဆင့် အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုများမှ အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း အကြံပြုလိုက်ပါသည်။[40]

ဆက်လက်၍ နိုင်ငံတော်အဆင့်အနေဖြင့် စုပေါင်းအင်အားဖြင့် ကဏ္ဍမျိုးစုံမှ ပါဝင်ပတ်သက်ဆက်နွယ်သူများနှင့် ဆွေးနွေးပွဲကျင်းပရန်နှင့် စက်မှုလုပ်ငန်းရှင်များနှင့် သဘောတူလိုက်နာရန် စာချုပ်ချုပ်ဆိုခြင်းအားဖြင့် ပူးပေါင်းလုပ်ကိုင်ခြင်းအား မြှင့်တင်ရန်ပင်ဖြစ်သည်။

အတိတ်အား ပြန်လည်ကြည့်မည်ဆိုပါကလည်း မြန်မာနိုင်ငံတွင် ထိုသို့သော စုပေါင်းပူးပေါင်းလုပ်ကိုင်မှုမျိုး မရှိသေးပေ။ စာရင်းပါ ကုမ္ပဏီများအနေဖြင့် ဤနည်းကို အစပြုသုံးခြင်းအားဖြင့် ၎င်းတို့၏ ကတိကဝတ်နှင့် ဦး ဆောင်မှုပိုင်းဆိုင်ရာအား ပိုမိုအားကောင်းအောင် အားဖြည့်နိုင်ပါသည်။ ကနဦးစွာမည်သည့်ကဏ္ဍများတွင် အာရုံစိုက်ရမည့်အရာမှာ ကုမ္ပဏီတင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်သော ပွင့်လင်းမြင်သာမှုများ ရှိလာစေရန်၊ အခွန်ကောက်ခံခြင်းနှင့် အကောက်ခွန်ရှင်းလင်းရေး ပိုင်းဆိုင်ရာတို့တွင် ဖြစ်သည်။

## အဖွဲ့အစည်းပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှု

အမှတ်ပေးခြင်းခံရသော ကုမ္ပဏီဝဘ်ဆိုဒ် ၆၆ ခုထဲမှ ၄၉ ခုသော ကုမ္ပဏီများသည် အဖွဲ့အစည်းပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုတွင် အစီရင်ခံခဲ့ကြပေသည်။ ဤကဏ္ဍသည် မြန်မာကုမ္ပဏီများ အနေဖြင့် အချက်အလက်များစွာပေးသော အပိုင်းပင်ဖြစ်သည်။ ထိပ်တန်း လုပ်ဆောင်မှုကောင်းသော ကုမ္ပဏီများမှာ အောက်ပါ ဇယားအတိုင်းပင် ဖြစ်သည်။




40 UN Global Compact ၏ အခြေခံမှု ၁၀ ချက်အရ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စီးပွားရေးနည်းဗျူဟာများနှင့် လုပ်ငန်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒထားရေးနှင့် လေးစားလိုက်နာခြင်း တိုင်းတာချက်များလည်း ထည့်သွင်းပေါင်းစပ်ထားရမည်ဖြစ်သည်။ ၎င်းတို့၏ ကိုယ်ပိုင် လုပ်ငန်းဆောင်ရွက်ရာတွင် ပြုမူဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ အဂတိလိုက်စားမှု ကိုလုံးဝလက်မခံသည့် မူဝါဒနှင့် လက်ဆောင်ကိစ္စနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံရေးတွင် ပါဝင်မှုများ၊ လှူဒါန်းမှုများနှင့် ခရီးသွားလာရေးစသည်တို့ ပါဝင်ရမည် ဖြစ်သည်။ ထိုမူဝါဒများကိုလည်း လက်တွေ့အသုံးချရမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်မှုမျိုး အကောင်အထည်ဖော်ရန် လိုအပ်ပေသည်။ ဆက်လက်၍ အမည်မဖော်တိုင်ကြားမှုမျိုး ပြုလုပ်နိုင်ရန် ဆက်သွယ်နိုင်သည့် လိုင်းထားရှိရန်၊ အလုပ်သမား စွမ်းရည်မြှင့် သင်တန်းများ၊ ကုန်သွယ်မှုကွင်းဆက် စီမံခန့်ခွဲမှုများ၊ ဘေးအန္တရာယ်ဆန်းစစ်မှုများနှင့် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ တိုင်းတာချက်များ စသည်ဖြင့်လည်း ပါဝင်ရမည် ဖြစ်သည်။ အချက်အလက်များ ထပ်မံရယူလိုပါက ဤတွင် ကြည့်ရှုနိုင်ပါသည်။
https://www.unglobalcompact.org/take-action/action/anti-corruption-in-business

၂၀၁၆ ခုနှစ်တွင် ဦးဆောင်ကုမ္ပဏီများအနေဖြင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုပိုင်းတွင် ကောင်းမွန်သောတိုးတက်မှုများအား လက်တွေ့ပြသခဲ့ပါသည်။ တိုးတက်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အုပ်ချုပ်စီမံခန့်ခွဲမှုပိုင်းတွင် မေးခွန်းအသစ်အား ထည့်သွင်းလာခဲ့သောကြောင့်ပင်ဖြစ်သည်။ (မေးခွန်း ၂၁)။ များသောအားဖြင့် ကုမ္ပဏီများမှာ အနည်းငယ်သော အချက်အလက်ကိုပင်ထောက်ပံ့ခြင်းမရှိပေ။ အချို့သော ကုမ္ပဏီများမှာ ငွေစာရင်းဇယားပိုင်းဆိုင်ရာ အစီရင်ခံခြင်း၊ အခွန်ငွေပေးဆောင်မှုများနှင့် အုပ်စုခွဲများ၏ အခြေအနေများ၏ အချက်အလက်များအား ဖော်ပြခဲ့ကြပါသည်။ မည်သို့ဆိုစေကာမူ အဖွဲ့အစည်းပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုတွင် ခြုံငုံပြီးကြည့်မည်ဆိုလျှင် တိုးတက်မှုများ ရှိလာစေခြင်းမှာ ကုမ္ပဏီများအနေဖြင့် သင့်တင့်ကောင်းမွန်သော အမှတ်များရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ ဤအပိုင်းတွင်ပါဝင်သော အမှတ်များသည် အမှတ်ပေးစည်းမျဉ်း ပြောင်းလဲမှုများကြောင့် တစ်စုံတစ်ရာ အကျိုးသက်ရောက်ခြင်း မရှိခဲ့ပေ။ (ဤအမှတ်ပေးစည်းမျဉ်းသည် ဆက်လက်ပြီး လိင်ပိုင်းဆိုင်ရာအလိုက် အလုပ်ခန့်ထားမှုအပိုင်းတွင် အချက်အလက်များ ထပ်မံ ဖော်ထုတ်ထားခဲ့ပါသည်။)

သီးသန့်အရင်းအမြစ်များမှ လုံးဝသေချာ ခိုင်မာစေသော အချက်အလက်များမရှိသည့် ကြားမှကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းစုများနှင့် အုပ်စုခွဲများအား ဖွင့်ဟချပြခြင်းအား ဆုံးဖြတ်ခြင်းသည် စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည်။ MCRB အနေဖြင့် သံသယဖြစ်သည်မှာ ကဏ္ဍစုံတွင် လုပ်ကိုင်နေသည့် လုပ်ငန်းကြီးများက ၎င်းတို့၏ဝဘ်ဆိုဒ်အား ရှင်းထုတ်ဖြစ်ခြင်းပင်ဖြစ်သည်။ ၎င်းတို့၏ အငြင်းပွားဖွယ်ရာ ဥပဒေပိုင်းဆိုင်ရာကဏ္ဍ၌ ဆက်လက်ပတ်သက်မှုများအား ၎င်းတို့အနေဖြင့် ဖော်ထုတ်ချပြခြင်းမရှိပေ။ အထူးသဖြင့် ကျောက်စိမ်းနှင့် အခြားသောသတ္တုတူးဖော်မှု အပိုင်းများနှင့် သစ်တောနှင့် လယ်ယာစိုက်ပျိုးမှု လုပ်ငန်းပိုင်းဆိုင်ရာ ဥပမာအားဖြင့် ဆီအုန်းတို့ဖြစ်သည်။

ထုတ်ပြန်ပြီးသော သတင်းအချက်အလက်များအရ တချို့သော ကုမ္ပဏီများအနေဖြင့် စစ်တပ်အုပ်ချုပ်မှုလက်အောက် ရှိဆဲကာလတွင် ကျောက်စိမ်းတူးဖော်မှုနှင့် အုန်းဆီ လုပ်ကိုင်ခွင့်ရခဲ့ပြီး ဆက်လက် လုပ်ကိုင်ဆောင်ရွက်မှု ရှိ၊ မရှိမှာတော့ သေချာစွာ မသိရှိရပေ။

ကျောက်စိမ်းရောင်းဝယ်သည့် လုပ်ငန်း၊ သို့မဟုတ် ကျောက်တူးဖော်သည့် လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် အတော်များများသော ကုမ္ပဏီများသည် ဝဘ်ဆိုဒ်မရှိကြပေ။ ထိုထဲတွင် UMEHL အပါအဝင်ဖြစ်သည်။ ဝဘ်ဆိုဒ်များရှိပြီး ကျောက်စိမ်းကဏ္ဍတွင် လုပ်ငန်းများအား ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်နေကြသည်ဟု သိရှိရသောသူများမှာ အေးရှားဝေါလ်၊ ထူး ၊ Myanmar Economic Corporation တို့ဖြစ်ပြီး သတင်းထုတ်ပြန်ခြင်း မရှိပေ။ ကမ္ဘောဇကိစ္စရပ်တွင်တော့ ၎င်းတို့၏ ကျောက်စိမ်းလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်တာ အချက်အလက် သတင်းအနည်းငယ်သာ ဖော်ပြထားသည်။[41]

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီတွင် အေးရှားဝေါလ်က ရတနာတောင်တန်းကုမ္ပဏီနှင့် ခွဲထွက်ထားပြီဟုဆိုသော်လည်း ၎င်းကုမ္ပဏီဒါရိုက်တာများမှာ ရတနာတောင်တန်းတွင် ပါဝင်နေသည်။[42]

မည်မျှပင် ပြဿနာများနှင့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာတွင် အားနည်းမှုတစ်စုံတစ်ရာ ရှိသော်လည်း ကျောက်စိမ်းစီးပွားရေးတွင် လုပ်ကိုင်နေသော၊ ထို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ကျန်းမာရေး၊ လုံခြုံစိတ်ချရမှု၊ ပတ်ဝန်းကျင်ပိုင်းဆိုင်ရာတွင် ကတိကဝတ်ပြုပြီးသော ကုမ္ပဏီများအနေဖြင့် ထို

41 Jade: Myanmars Big State Secret’, Global Witness October 2015. မက်(စ်) မြန်မာ ပြောဆိုချက်မှာ ၎င်းသည် ဤကဏ္ဍမှ ထွက်သွားခဲ့ပြီဟု ဆိုသည်။ See http://www.maxmyanmargroup.com/index.php/news-room/news-release/189-max-myanmar-group-ceased-jade-mining-activities-since-2012

42 http://www.asiaworldcompany.com/pdf/2016jan27-awc-press-release-restructuring.pdf

ကဏ္ဍတွင် ကတိကဝတ်များအတိုင်း မည်သို့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း လုပ်ကိုင်ဆောင်ရွက်ပြရန် လိုအပ်ပါသည်။

၎င်းတို့အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် လုပ်ကိုင်ဆောင်ရွက်ပြနိုင်သည့် နည်းလမ်းများထဲမှ နည်းလမ်းတစ်ခုမှာ ၎င်းတို့ဖွင့်လှစ်ချပြသော အချက်အလက်များသည် EITI ၏ စံချိန်စံညွှန်းနှင့်အညီ ဖွင့်လှစ်ချပြခြင်း ဥပမာအားဖြင့် ၎င်းတို့လက်ကိုင်ရရှိထားသော သတ္တုတူးဖော်ခွင့် လိုင်စင်များ၊ အစိုးရအားပေးဆောင်သော အခွန်ငွေပမာဏနှင့် အခြားသော ပေးဆောင်ရသည့် အရာများ၊ ၎င်းတို့၏ ထုတ်လုပ်မှုအဆင့် ပမာဏများ၊ ၎င်းတို့၏စာချုပ်တွင် ပါဝင်သော အချက်အလက်များနှင့် ၎င်းတို့၏ အဓိက အကြီးမားဆုံးပိုင်ရှင်များမှာ မည်သူမည်ဝါဖြစ်ကြောင်း စသည်ဖြင့်ဖြစ်သည်။ ကျောက်စိမ်းကဏ္ဍမှ ဆက်လက်လုပ်ကိုင်မှုမရှိ နုတ်ထွက်သွားသော သူများအနေဖြင့်လည်း ၎င်းတို့၏ မလုပ်ကိုင်ရ တော့သည့် အကြောင်းအရာ အပြည့်အစုံအား ဖော်ပြသင့်ပါသည်။


၂၀၁၅ ခုနှစ်တွင် ရရှိထားသော အစိုးရ သတင်းအရင်းအမြစ်များကို ကိုးကားပြီး ဖော်ပြထားသည့် Flora and Fauna International (FFI) ၏ စားအုန်းဆီ အစီရင်ခံစာအရ ၂၀၁၆ ခုနှစ် ပွင့်သစ်စ အစီရင်ခံစာတွင်ပါဝင်သော အချို့သောကုမ္ပဏီများသည် တနင်္သာရီဒေသတွင် စားအုန်းဆီလုပ်ကွက်များ အားရရှိထားပြီး ဖြစ်သည်။ အချို့သည် ဤအကြောင်းအရာအား ၎င်းတို့၏ ဝဘ်ဆိုဒ်ပေါ်တွင် ဖော်ပြထားခြင်းမရှိပေ။[43]

အထူးသဖြင့် စားအုန်းဆီ ကြိတ်ခွဲစက်ရုံနှင့် စိုက်ပျိုးရေးလုပ်ကွက်ရှိသော Asia World ၊ Myanmar Economic Corporation နှင့် ထူးအုပ်စုအနေဖြင့် ၎င်းတို့၏ဝဘ်ဆိုဒ်တွင် စားအုန်းဆီ စိုက်ပျိုးမှုအကြောင်း ဖော်ပြထားခြင်း မရှိပေ။ FFI ၏ စာရင်းဇယားအရ လုပ်ကွက်ရှိသော ရွှေသံလွင်၊ သို့မဟုတ် ယုဇနတို့အနေဖြင့်လည်း ဝဘ်ဆိုဒ်မရှိပေ။ Dagon Timber မှာမူ စားအုန်းဆီ လုပ်ကွက်ရှိကြောင်းအား ၎င်းတို့၏ဝဘ်ဆိုဒ်တွင် ဖော်ပြထားပေသည်။

43 Myanmar Oil Palm Plantations: A Productivity and Sustainability Review, Flora and Fauna International, 2016

## ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် မြေယာ

ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် မြေယာ




ဤအပိုင်းသည် MCRB ၏ အဓိကကျသော လုပ်ဆောင်မှုအပိုင်းဖြစ်ပြီး စိတ်ဝင်စားမှု အများဆုံးရှိသော အပိုင်းလည်းဖြစ်သည်။ ဤကဏ္ဍတွင်လည်း သိသာသော တိုးတက်ပြောင်းလဲမှုများ တွေ့ခဲ့ရပါသည်။ ကုမ္ပဏီ ၆၆ ခုများထဲမှ ၁၅ ခုမှာ ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် (HSE) နှင့် လူ့အခွင့်အရေးပိုင်းဆိုင်ရာတို့တွင် အစီရင်ခံခဲ့ကြပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်တွင် ပါဝင်ခဲ့သော အရေအတွက်မှာလည်း ၂၀၁၅ ခုနှစ်နှင့် ယှဉ်လျှင် နှစ်ဆနီးပါး တက်လာခဲ့ပေသည်။ ဤအပိုင်းတွင် မြေယာသိမ်းဆည်းမှုပိုင်းနှင့် ပြန်လည်နေရာချထားပေးခြင်းနှင့်ဆိုင်သည့် မူဝါဒပိုင်းဆိုင်ရာတို့ ပါဝင်ပေသည် (မေးခွန်း ၃၂ နှင့် ၃၃)။ ဤကဏ္ဍသည် မီဒီယာနှင့် အများပြည်သူလူထု စိတ်ပါဝင်စား အာရုံစိုက်ခံရသော အပိုင်းဖြစ်သည်သာမက မြန်မာဥပဒေဘောင်ပိုင်းဆိုင်ရာ အားနည်းသော အပိုင်းလည်းဖြစ်သည်။ ကုမ္ပဏီများအနေဖြင့် IFC မှ ချမှတ်ထားသော နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ (အထူးသဖြင့် လုပ်ကိုင်ဆောင်ရွက်မှု စံညွှန်းအမှတ် ၅ ) အတိုင်း လိုက်နာဆောင်ရွက်သည်သာ အကောင်းဆုံး အကြံပေးချက်ဖြစ်သည်။

ယခုနှစ်တွင် ကုမ္ပဏီအတော်များများသည် ၎င်းတို့၏မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သိသာသော တိုးတက်မှုများရှိသည်ကို တွေ့ရှိနိုင်ပါသည်။ အထူးသဖြင့် များစွာသောကုမ္ပဏီများ အနေဖြင့် အများပြည်သူလူထု ရရှိနိုင်သော မကျေနပ်မှုအားတိုင်ကြားနိုင်မည့် ယန္တရားများအား ချပြထားပေးသည်။ သို့သော် အကောင်အထည်ဖော်သည့် အချက်အလက်အပြည့်အစုံအား အများပြည်သူအားလုံးသိအောင်ပြုလုပ်ထားခြင်း မရှိသေးပေ။ MPRL ၏ မကျေနပ်ချက်အား တိုင်ကြားမှုပြုလုပ်နိုင်သည့် ယန္တရားနှင့် အစီရင်ခံခြင်းလုပ်ငန်းစဉ်မှာ အကောင်းဆုံးသော အလေ့အကျင့်အဖြစ် ရှုမြင်နိုင်ပါသည်။[44]

အချို့သောကုမ္ပဏီများအနေဖြင့်လည်း မြေယာ၊ လူ့အခွင့်အရေးနှင့် ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် (HSE)ဆိုင်ရာ မူဝါဒများ ထပ်ဖြည့်လာကြပါသည်။ ထပ်မံ၍ ပြောရမည်ဆိုလျှင် ဤမူဝါဒများအား အကောင်အထည်ဖော်ခြင်း အချက်အလက်များ ပါရှိနေခြင်း မရှိပေ။ ဥပမာအားဖြင့်

44 http://www.mprlexp.com/index.php/csr-says-a-grievance-mechanism-is-important-to-build-a-partnership-between-stakeholders and http://www.myanmar-responsiblebusiness.org/news/workshop-developing-effective-grievance-mechanism.html

ကုမ္ပဏီအချို့အနေဖြင့် လူ့အခွင့်အရေးပိုင်းဆိုင်ရာ (စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုကြောင့် လူ့အခွင့်အရေးဆိုင်ရာနှင့် လူမှု၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း) due diligence အတိုင်းလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားသော်လည်း ထိုအရာနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်အချက်အလက် အနည်းငယ်သာ ဖော်ပြထားသည် သို့ဖြစ်ပါသောကြောင့် ကုလသမ္မဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများတွင် အကြံပြုထားသည့် သိထားသော လူ့အခွင့်အရေးဆိုင်ရာများ ကိုယ်တိုင်လည်း ကျင့်သုံးမည်။ အများသိအောင်လည်း ပြသမည်ဆိုသည့် အပိုင်းတွင် အားနည်းနေပါသည်။ မက်(စ်)မြန်မာတွင်မူ ကောင်းမွန်သည့် အလေ့အကျင့်အား တွေ့မြင်နိုင်သည်။ ၎င်းတို့သည် ကုမ္ပဏီ၏ မြေယာသိမ်းဆည်းခြင်းနှင့် ပတ်သက်သည့် မူဝါဒ အကောင်အထည်ဖော်ခြင်းပိုင်းဆိုင်ရာနှင့်အတူ သီလဝါဆိပ်ကမ်းတွင် လျော်ကြေးပေးခြင်းပိုင်းဆိုင်ရာ အချက်အလက်များ ဖော်ပြထားပေသည်။[45]

သို့သော်လည်း ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်(HSE)နှင့် လူ့အခွင့်အရေးပိုင်းဆိုင်ရာ အစီရင်ခံရာတွင် အမြင့်ဆုံးအဆင့်ရရှိသော ကုမ္ပဏီများ၏ အမှတ်များသည် ၂၀၁၅ ခုနှစ်နှင့် ယှဉ်ပါက သိသာထင်ရှားစွာ မြင့်တက်လာခြင်း မဟုတ်ပေ။ ဤအပိုင်း၏ တစ်ဝက်နီးပါးသော မေးခွန်းများ၏ စံတိုင်းတာချက်မှာ ၂၀၁၆ ခုနှစ်တွင် မြင့်တက်လာခြင်းသာ ဖြစ်ပေသည်။ အမှတ် ၁ ရစေရန် တကယ့်လက်တွေ့ အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သည်တွင် အချက်အလက်များ ပိုမို လိုအပ်လာသည်။ ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် (HSE)နှင့် လူ့အခွင့်အရေးပိုင်းဆိုင်ရာ မူဝါဒများ အကောင်အထည်ဖော်ခြင်းဆိုင်ရာအား အစီရင်ခံရာတွင် လက်တွေ့ကိစ္စရပ်များနှင့် ကိန်းဂဏန်းအချက်အလက်များဖြင့် ဖော်ပြစေခြင်းသည် အကောင်းဆုံး အပြည်ပြည်ဆိုင်ရာ လုပ်ငန်းများအတွက်ပင် စိန်ခေါ်မှုတစ်ရပ် ဖြစ်စေသည်။ ထို့အတွက်ကြောင့် ဤအပိုင်းတွင် ကုမ္ပဏီအနည်းငယ်သာ အမှတ်အများဆုံးရရှိခြင်းမှာ မထူးဆန်းပေ။

45 http://www.maxmyanmargroup.com/index.php/news-room/latest-news

## အကြံပြုချက်များ

### မြန်မာကုမ္ပဏီများသို့

- အလုပ်သမားများနှင့် ပါဝင်ပတ်သက်ဆက်နွှယ်သူများတို့ဖြင့် ပြောဆိုဆက်သွယ်ရာတွင် ၎င်းတို့၏ဝဘ်ဆိုဒ်တွင် ကုမ္ပဏီလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ (အထူးသဖြင့် ပွင့်သစ်စမေးခွန်း ၃၅ ခုလုံးပါလျှင် ပိုမိုကောင်းမွန်မည်ဖြစ်သည်။) အား မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားရန်။
    - o အများပြည်သူသို့ အစီရင်ခံစာတွင် လုပ်ငန်း၏ခံယူချက်၊ ရည်မှန်းချက်နှင့် စံတန်ဖိုးထားမှုများကို ထည့်သွင်းနိုင်သည်။ နေ့စဉ် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် အဆိုပါလုပ်ငန်း၏ ခံယူချက်၊ ရည်မှန်းချက်နှင့် စံတန်ဖိုးထားမှုတို့နှင့် မည်သို့ချိတ်ဆက်၍ ရနိုင်ကြောင်းနှင့် ၎င်းတို့၏ ငွေကြေးဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်း မဟုတ်သည့် ဖြစ်နိုင်ချေရှိသည့် ဘေးအန္တရာယ်များအား မည်သို့ဖော်ထုတ်နေကြောင်းနှင့်လျော့ပါးအောင် မည်သို့ပြုလုပ်နေကြောင်းတို့ကို ထည့်သွင်းရန်။
- (Global Reporting Initiative – GRI) ကဲ့သို့ အသိမှတ်ပြုသည့် ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံခြင်းမူဘောင်များအား လက်ခံကျင့်သုံးရန်။
- နှစ်စဉ် ဒါရိုက်တာများ၏ အစီရင်ခံစာအား စုဆောင်းသည့်အခါ (အကယ်၍ အတည်ပြုဖြစ်ပါက ကုမ္ပဏီများ ဥပဒေအရ လိုအပ်ချက်တစ်ရပ်အနေဖြင့် ဖြစ်လာမည် ဖြစ်သည်) အတွင်းနှင့် ပြင်ပ ပါဝင်ပတ်သက်ဆက်နွှယ်သူများအားလုံးနှင့် ထိတွေ့ဆက်ဆံမှုပြုလုပ်ကာ" ဖြစ်နိုင်ချေရှိသော ပတ်ဝန်းကျင် လူမှုနှင့်အခြားသော လုပ်ငန်းပိုင်းဆိုင်ရာထိခိုက်မှု အကဲဖြတ်ဆန်းစစ်ချက်" ပြုလုပ်သည့်အခါ ကုမ္ပဏီအတွက် ဖြစ်နိုင်ချေရှိသည့် အန္တရာယ်များအား ဖော်ထုတ်ခြင်းပြုလုပ်ရန် ။
- အဖွဲ့ဝင်မဖြစ်သေးပါက UN Global Compact တွင် ပါဝင်ရန်ဖြစ်သည်။ ပြဌာန်းထားသည့် အစီရင်ခံခြင်းလမ်းညွှန်ချက်များအား အသုံးချကာ တိုးတက်မှုအခြေအနေနှင့် ပတ်သက်သည့် သတင်းဆက်သွယ်ပေးပို့ချက်အား ပြီးမြောက်အောင်လုပ်ဆောင်ရန်နှင့် ကုမ္ပဏီ၏ ဝဘ်ဆိုဒ်မှနေတစ်ဆင့် ထိုအစီရင်ခံချက်များအား အလွယ်တကူ ဖတ်ရှုလေ့လာနိုင်အောင် သေချာစွာပြုလုပ်ထားရန် ။
- အဓိကကျသော ကိစ္စရပ်များ အပါအဝင် သင်တန်းများ(ဝန်ထမ်းများအပြင် ဒါရိုက်တာများကိုပါ ပါဝင်စေပြီး) ပြုလုပ်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်း အစီအစဉ် တည်ထောင်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် စီးပွားရေးဂုဏ်သိက္ခာတွင် အမြင့်ဆုံးရရှိအောင် ဦးဆောင်ပြခြင်းတို့ ပြုလုပ်ပြီး မည်သို့အကောင်အထည်ဖော်သည်ကိုလည်း ဝက်ဆိုဒ်တွင် ဖော်ပြရန်။
    - o Transparency Internationalက လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးအတွက် စီးပွားရေးလုပ်ငန်း အခြေခံမူများ (အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ)ကို လမ်းညွှန်ပေးထားပြီး မြန်မာဘာသာပြန်ကို MCRB ဝက်ဆိုဒ်တွင် ရရှိနိုင်ပါသည်။
- အခြားသော စီးပွားရေးလုပ်ငန်းစုများနှင့် အတူတကွ စုပေါင်းအင်အားဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းကို လက်တွေ့အကောင်အထည်ဖော်ရန်၊ ဥပမာအားဖြင့် အများပြည်သူနှင့်ဆိုင်သော တင်ဒါလုပ်ငန်းစဉ်များ သို့မဟုတ် အကောက်ခွန်ရှင်းလင်းရေး ကိစ္စများတွင်။
- အလုပ်သမားအရေးအတွက်အပါအဝင် ကုမ္ပဏီအုပ်စုခွဲများ၊ ပတ်သက်ဆက်နွှယ်နေသည့် လုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းစုများနှင့် ပတ်သက်သည့် အချက်အလက်များကို သတင်းထုတ်ပြန်ရန် ။

- သင့်လျော်သည့် အခါမျိုးတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် သက်ရောက်မှု ဆန်းစစ်ချက်များ ထုတ်ပြန်ရန်နှင့် မြန်မာအစိုးရထံ တင်ပြပြီးဖြစ်သော ပြင်ပစာရင်းစစ် စစ်ဆေးပြီးသည့် ဘဏ္ဍာရေးစာရင်း အချက်အလက်များအား ထုတ်ပြန်ရန်။ ပတ်ဝန်းကျင်ထိခိုက်မှုများအား လေ့လာဆန်းစစ်ခြင်း (EIA) ပြုလုပ်ရာတွင် အရည်ချင်းရှိသည့် အတိုင်ပင်ခံပုဂ္ဂိုလ်များနှင့်သာ ဆောင်ရွက်ရန်နှင့် ဆန်းစစ်ချက်မှ ရရှိသောအချက်အလက်များ၊ ပတ်သက်နေသော အကြံဉာဏ်များနှင့် ဖွင့်လှစ်ချပြချက်များအား သေချာ အောင်ပြုလုပ်ရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုများအား လေ့လာဆန်းစစ်ခြင်း (EIA) ပြုလုပ်ရာတွင် လိုအပ်သော လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်မှုရှိရန်။
- အခြားသော ကျန်းမာရေးနှင့် လုံခြုံမှုပိုင်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် အကောင်ထည်ဖော်မှုပိုင်း ဆိုင်ရာအချက်အလက်များအား ထုတ်ပြန်ရန်၊ လူ့အခွင့်အရေး (စီးပွားရေးလုပ်ငန်းများ အနေဖြင့် မိမိတို့၏လုပ်ငန်းလည်ပတ်မှုကြောင့် လူ့အခွင့်အရေးဆိုင်ရာနှင့် လူမှု၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း) လုပ်ဆောင်ချက်များနှင့်မကျေနပ်မှုများကိုတိုင်ကြားရာတွင်ဖြေရှင်းသည့်ယန္တရားအတိုင်းလုပ်ကိုင်ဆောင်ရွက်သည့် အသေးစိတ်အချက်များ ထုတ်ပြန်ရန်။
- ကုမ္ပဏီအနေဖြင့် ကျောက်စိမ်းကဏ္ဍတွင် ပါဝင်ပတ်သက်နေခဲ့မှုရှိလျှင် ဖွင့်လှစ်ထုတ်ပြခြင်း သို့မဟုတ် အခြားသော စွန့်စားရမှုများသော ကဏ္ဍများဖြစ်သည့် သတ္တုတွင်း ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့နှင့် ရေအားလျှပ်စစ်ကဏ္ဍများတွင် ပါဝင်ပါကလည်း ဖော်ထုတ်ပြောပြရန်။
- ကျောက်မျက်ရတနာနှင့် ကျောက်စိမ်း၊ သတ္တုတူးဖော်မှုနှင့် ကူးသန်းရောင်းဝယ်မှု ပြုလုပ်သော ကုမ္ပဏီများအနေဖြင့် EITI ၏ စံချိန်စံညွှန်းနှင့်အညီ အချက်အလက်များအား ဖွင့်လှစ်ချပြရန်။ ဉပမာအားဖြင့် ၎င်းတို့လက်ကိုင်ရရှိထားသော သတ္တုတူးဖော်ခွင့် လိုင်စင်များ၊ အစိုးရအားပေးဆောင်သော အခွန်ငွေပမာဏနှင့် အခြားသော ပေးဆောင်ရသည့်အရာများ၊ ၎င်းတို့၏ ထုတ်လုပ်မှုအဆင့် ပမာဏများ၊ ၎င်းတို့၏စာချုပ်တွင် ပါဝင်သော အချက်အလက်များနှင့် ၎င်းတို့၏ အဓိက အကြီးမားဆုံးပိုင်ရှင်များမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြရန်။
- သက်ဆိုင်သည့် ဝန်ထမ်းများ အနေဖြင့် MCRB မှ ပို့ချသော သင်တန်းများ တက်ရောက်မှု ရှိ၊ မရှိသည်များအား သေချာအောင်ပြုလုပ်ခြင်းနှင့် www.mcrb.org.mmမှ အချက်အလက်များအား အသုံးချခြင်း။

## မြန်မာအစိုးရသို့

- မြန်မာကုမ္ပဏီများ အက်ဥပဒေအသစ် လက်တွေ့ဖော်ဆောင်သည့်အချိန်ရောက်ပါက "အက်ဥပဒေပါ အကြောင်းအရာများ"၊ အပိုဒ် ၂၆၁(ခ) အောက်တွင်ပါသော ဒါရိုက်တာများ အစီရင်ခံစာတွင် ဘဏ္ဍာရေးမဟုတ်သော စွန့်စားရသည့်ကိစ္စများ ပါထည့်သွင်းတင်ပြစေခြင်း၊ အဂတိလိုက်စားမှု အချက်အလက်များ၊ မြေယာအသုံးချသည့် အချက်လက်များ၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်များနှင့် အလုပ်သမားနှင့် လူ့အခွင့်အရေး ဆိုင်ရာအချက်အလက်များ ပါဝင်တင်ပြစေခြင်း။[46] ကုမ္ပဏီများအား အထက်ပါကိစ္စတို့နှင့်ပတ်သက်ပြီး ဖြစ်နိုင်သည့် အန္တရာယ်များအား အကဲဖြတ်ဆန်းစစ်ခြင်းအား အားပေးမှုပြုလုပ်ရန်။
- ရန်ကုန်စတော့အိတ်ချိန်းတွင် ပါဝင်သည့် ကုမ္ပဏီများလည်း အလားတူ ဖွင့်လှစ်ချပြခြင်းအား လိုအပ်ချက်အနေဖြင့် ပြုလုပ်ရန်အတွက် ထုတ်ပြန်ကြေညာချက် ၂/၂၀၁၅ အားပြင်ဆင်ရန်။
- ဒါရိုက်တာများနှင့် ရှယ်ယာပိုင်ဆိုင်မှုများနှင့် တင်ပြထားသော အစီရင်ခံစာနှင့် စာရင်းများပါ ရှာဖွေနိုင်သည်အထိ DICA ၏ အွန်လိုင်းပေါ်တွင် ရှာဖွေနိုင်သည့် မှတ်ပုံတင်စာရင်းသွင်းထားသော ကုမ္ပဏီများ၏ သတင်းအချက်အလက်များကို တိုးချဲ့ဖော်ပြရန် ။
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် လုပ်ကိုင်ခွင့် လက်ခံရရှိပြီးသော ကုမ္ပဏီများအတွက် လုပ်ဆောင်ရန်လိုအပ်သည်မှာ -

o ကုမ္ပဏီ၏ ဘဏ္ဍာရေးနှစ် တစ်နှစ်အပြီးတွင် ၆ လအတွင်း ၎င်းတို့၏ နှစ်စဉ် ရေရှည်တည်တံ့မှုပိုင်းဆိုင်ရာနှင့်ပတ်သက်သော အစီရင်ခံချက်အား မြန်မာဘာသာဖြင့်သာမက လိုအပ်သည့်နေရာတွင် အခြားသော ဘာသာစကားဖြင့်လည်း ထုတ်ပြန်ရန်။ ထိုအစီရင်ခံချက်တွင် ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် မည်သို့တာဝန်ရှိစွာဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေသည်ကို ဖော်ပြရန် (လမ်းညွှန်ချက်အား အထက်တွင်ကြည့်ရှုပါရန်။) ထိုအစီရင်ခံစာသည် ကုမ္ပဏီ၏ဝဘ်ဆိုဒ်ပေါ်တွင် ထုတ်ပြန်ထားရမည်ဖြစ်ပြီး အစီရင်ခံစာဝဘ်လင့်အားလည်း DICA သို့ အကြောင်းကြားရန် ။

o MICထံမှ ခွင့်ပြုချက် လက်ခံရရှိပြီးပါက ၆ လ အတွင်း သက်ရောက်မှုခံရမည့် ပါဝင်ပတ်သက်ဆက်နွယ်သူများနှင့်ပူးပေါင်းကာ ထိရောက်မှုရှိသည့် မကျေနပ်ချက်များအား တိုင်ကြားမှုပြုလုပ်နိုင်မည့် ယန္တရားအား အကောင်ထည်ဖော်ရန်။ ဤအကြောင်းအရာအား DICA နှင့် အခြားသက်ဆိုင်သည့် ဝန်ကြီးဌာနအား တာဝန်ရှိသည့်အရာရှိမှ နာမည်နှင့် ဆက်သွယ်ရန် အချက်အလက်များနှင့်တကွ ပေးပို့အကြောင်းကြားရန်။ ဤတိုင်ကြားမှုယန္တရားအား ကုမ္ပဏီ၏ဝဘ်ဆိုဒ်ပေါ်တွင် ထုတ်ပြန်ကြေငြာထားရန်နှင့် ကုမ္ပဏီ၏ လုပ်ငန်းစဉ်များကြောင့် သက်ရောက်မှုရှိမည့် မည်သူမဆို သိရှိရန်လည်း ပြုလုပ်ပေးထားရန်။ နှစ်စဉ် ရေရှည်တည်တံ့မှုပိုင်းဆိုင်ရာ နှင့်ပတ်သက်သော အစီရင်ခံချက်တွင်လည်း ထိုမကျေနပ်ချက်များအား တိုင်ကြားမှုပြုလုပ်နိုင်မည့် လုပ်ငန်းစဉ်ယန္တရား အကောင်အထည်ဖော်ခြင်းကို အတိုချုံး အစီရင်ခံချက် ထည့်သွင်းရန်။

---

46 ယခုလို လိုအပ်ချက်မျိုးအား ပုံဖော်သည့်အခါတွင် မြန်မာအစိုးရအနေဖြင့် ယူကေကုမ္ပဏီများ အက်တွင် ပါဝင်သော နည်းလမ်းကျစွာ အစီရင်ခံခြင်း လိုအပ်ချက်များအား ကြည့်ရှုနိုင်ပါသည်။ တိတိကျကျပြောဆိုရမည် ဆိုလျှင်ဖြင့် ပုဒ်မ ၄၁၄၁ (က) ထဲတွင် ပါဝင်သော အဓိက အချက်များဖြစ်သည့် The Companies Act 2006 (Strategic Report and Directors' Report) Regulations 2013. အီးယူ ၏ ပုဒ်မ ၁၉က (ငွေရေးကြေးရေး မဟုတ်သော စာတမ်း) Directive 2014/95/EU on disclosure of non-financial and diversity information by certain large undertakings and groups ထိုအရာသည် အလုပ်သမား ၅၀၀ ထက်ပိုသော လုပ်ငန်းကြီးများ အပေါ်လည်း အကျိုးသက်ရောက်မှုရှိသည်။ ထို့ကြောင့် ကုမ္ပဏီကြီးများ အနေဖြင့် ၎င်းတို့၏ စီမံခန့်ခွဲမှု အစီရင်ခံစာတွင် ငွေရေးကြေးရေး မဟုတ်သောစာတမ်း။ ထိုစာတမ်းတွင်ကုမ္ပဏီကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်သည့် နားလည်ရန်လိုအပ်သည့် အချက်အလက်သတင်းများ လုပ်ဆောင်မှုစွမ်းရည်၊ အခြေအနေနှင့် ထိုလုပ်ငန်းကြောင့် သက်ရောက်မှုများအား အနည်းဆုံးဖြစ်နိုင်သည့် အချက်များ၊ သဘာဝပတ်ဝန်းကျင်၊ လူမှုအသိုင်းအဝန်းနှင့် အလုပ်သမားအခြေအနေများ၊ လူ့အခွင့်အရေးနှင့် အညီ လုပ်ဆောင်သည့်အချက်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းနှင့် လာဘ်ပေးလာဘ်ယူမှု ကိစ္စရပ်များ။

- ထိုထဲတွင်လည်း ဘဏ္ဍာရေးမဟုတ်သော အချက်များ၊ အများပြည်သူဆိုင် တင်ဒါနှင့် ဝယ်ယူရေး လုပ်ငန်းစဉ်များတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း၏ လုပ်ဆောင်ချက်များ အတိုင်းပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ပုံတို့ကိုလည်း ထည့်သွင်းရန် ။

- EITI ၏ စံသတ်မှတ်ချက် ၃.၁၂ ခ လိုအပ်ချက် အတိုင်းဖြစ်မြောက်ရန်အတွက် (ထိုအရာမှာ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက်ပစ္စည်းများအား ရှာဖွေတူးဖော်ခြင်းနှင့် ၎င်းတို့အပေါ်တွင် စီးပွားဖြစ် အမြတ်ထုတ်ခြင်းတို့တွင် အစိုးရ၏စာချုပ်ပိုင်းဆိုင်ရာနှင့် လိုင်စင်များအား ဖွင့်ဟချပြခြင်းအား EITI အစီရင်ခံစာတွင် ထည့်သွင်းရသည်။ ) ရေနံ၊ ဂတ်(စ်)နှင့် တွင်းထွက်ပစ္စည်းများအပေါ်တွင် စီးပွားဖြစ် အမြတ်ထုတ်ခြင်းတို့အတွက် စာချုပ်ပါသဘောတူညီချက်ပါ သတ်မှတ်ထားသည့်အချက်များအား ဖွင့်ဟ ထုတ်ပြောခြင်းခြေလှမ်းအား အစပြုရန် ။ (၃.၁၂ (က)တွင်လည်း တိုက်တွန်းအားပေးထားသည်။)

**လွှတ်တော်သို့**

- မြန်မာကုမ္ပဏီများ အက်ဥပဒေမူကြမ်းနှင့် မြန်မာရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းအား ပြင်ဆင်ချက်ပြုလုပ်သည့်အခါတွင် အထက်ဖော်ပြပါ အကြံပြုချက်များအား ထည့်သွင်းစဉ်းစားရန် ။
- အများပြည်သူနှင့်သက်ဆိုင်သည့် တင်ဒါခေါ်ယူသည့်အပိုင်းနှင့် ဝယ်ယူရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ပြီး ပွင့်လင်းမြင်သာမှုရှိအောင် တိုက်တွန်းရန်နှင့် မေးခွန်းထုတ်ဖွယ်ရာ ဖြစ်နေသော ဆုံးဖြတ်ချက်များအား အများပြည်သူသိရှိအောင် မီးမောင်းထိုးပြခြင်းများ ပြုလုပ်ရန်ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံသူ အသိုင်းအဝန်းများထံသို့**

- မြန်မာကုမ္ပဏီများက တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဖြစ်စေရန် ပြုမူဆောင်ရွက်ရာတွင် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ သို့မဟုတ် ကျော်လွန်၍ဖြစ်စေ လုပ်ဆောင်မှု ရှိ၊ မရှိအား သေချာအောင်ဆက်သွယ်ပြောဆိုပြုလုပ်ရန်နှင့်ထိုကုမ္ပဏီများအနေဖြင့်၎င်းတို့၏လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် ဆက်နွယ်နေသော ဘေးအန္တရာယ်များနှင့် သက်ရောက်မှုများအား ၎င်းတို့၏ ကန်ထရိုက်တာများနှင့် ကုန်သွယ်မှုကွင်းဆက်နှင့် ပတ်သက်သည်များကို မည်သို့ ကိုင်တွယ်ဖြေရှင်းပုံတို့အား အားသွန်ခွန်စိုက်စွာဖြင့် အစီရင်ခံခြင်း ပြုလုပ်စေရန်။
- ကုမ္ပဏီများအား (တတိယအဖွဲ့စည်းတစ်ခုခုမှ စစ်ဆေးပြီးသည့်) ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ ထုတ်ပြန်ရန်အတွက် ဖိအားပေးရန်။

## မီဒီယာ အပါအဝင် မြန်မာအရပ်ဘက် လူ့အဖွဲ့အစည်းများသို့

- ကုမ္ပဏီများမှထုတ်ပြန်သော သတင်းအချက်လက်များအား အသုံးချပြီး ထိုအရာများဖြင့် ၎င်းတို့အား တာဝန်ခံခိုင်းရန်၊ ကုမ္ပဏီများက လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် ပတ်ဝန်းကျင်နှင့် အလုပ်သမားအခွင့်အရေး ပိုင်ဆိုင်ရာတို့တွင် ပြုလုပ်မည်ဟု ပြည်သူလူထုအား ကတိကဝတ်ပြုသည်များကို လေ့လာစောင့်ကြည့်ရန်။ ကတိကဝတ်ပျက်ကွက်သည့် ကုမ္ပဏီများထံသို့ ထိုကိစ္စရပ်များနှင့် ပတ်သက်ပြီး ထောက်ပြရန်။
- ပတ်ဝန်းကျင် ထိခိုက်မှုများအား လေ့လာဆန်းစစ်ချက် (EIA) နှင့် ပတ်သက်သည့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲများတွင် ပါဝင်ခြင်းနှင့် ကုမ္ပဏီမှပြုလုပ်သည့် ပါဝင်ပတ်သက်ဆက်နွယ်သူများ စေ့စပ်ဆွေးနွေးပွဲအား တက်ရောက်ရန်။

## နောက်ဆက်တွဲ

## မြန်မာ့စီးပွားရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု- သုတေသနမေးခွန်းလွှာ

### အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ်

**၁။** အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းလုပ်ငန်းကို ကုမ္ပဏီက လူသိရှင်ကြား ထုတ်ပြန်ထားမှုရှိပါသလား။

၁ မှတ် - အဂတိလိုက်စားမှုကို လုံးဝခွင့်မပြုခြင်း၊ (သို့မဟုတ်) ယင်းနှင့်တူညီသော ရှင်းလင်းသည့်ထုတ်ပြန်ချက် တစ်ခုရှိလျှင်။ (ဥပမာ - အဂတိလိုက်စားမှု လုပ်ဆောင်မှုတိုင်းကို ကြိုတင်ကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်း )

၀.၅ မှတ် - အဂတိလိုက်စားမှု တိုက်ဖျက်ရေး ယေဘုယျထုတ်ပြန်ချက် မရှိဘဲပြည်သူ့ကဏ္ဍ/ အစိုးရဆိုင်ရာ အဂတိလိုက်စားမှုကိုသာ ရည်ညွှန်းခြင်း။

တိုက်ရိုက်ထုတ်ပြန်မှုနည်းလျှင် အားလျော့သည်။ ကုမ္ပဏီသည် UNGC တွင် အဖွဲ့ဝင် ဖြစ်ပြီး အခြေခံမှု (၁၀) ကို ဖော်ဆောင်ကြောင်း ရှင်းလင်းစွာဖော်ပြထားလျှင်။

သုည - သက်ဆိုင်သောမူဝါဒများရှိလျှင်ပင် ရှင်းလင်းသောလုပ်ဆောင်မှု၊ ထုတ်ပြန်ချက် မရှိလျှင်။

ကုမ္ပဏီသည် UNGC တွင် အဖွဲ့ဝင်ဖြစ်ပြီး အခြေခံမှု (၁၀)ကို ဖော်ဆောင်ကြောင်း ရှင်းလင်းစွာ မဖော်ပြနိုင်လျှင်။

**၂။** အဂတိလိုက်စားမှု ဥပဒေများအပါအဝင် သက်ဆိုင်ရာဥပဒေအားလုံးအား လိုက်နာဆောင်ရွက်မှုကို ကုမ္ပဏီက လူသိရှင်ကြားထုတ်ပြထားမှုရှိပါသလား။

၁ မှတ် - ကုမ္ပဏီလုပ်ငန်းလည်ပတ်ရာတွင် ဥပဒေအားလုံးအတွက် ယင်းသို့သော လိုက်နာဆောင်ရွက်မှုမျိုး ရှင်းလင်းစွာ ဖော်ပြထားခြင်းရှိလျှင်။

၎င်းတို့က ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပင်လျှင် ဥပဒေအားလုံးကို လိုက်နာသည်ဟူသော ဖော်ပြချက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေလည်းပါဝင်သည်ဟု မှတ်ယူရမည်။

သုည - ဥပဒေများကို လိုက်နာသည်ဟု ရှင်းလင်းသော ဖော်ပြမှုမရှိခြင်း သို့မဟုတ် ဥပဒေများကိုလိုက်နာသည့် ဖော်ပြချက်တွင် အဂတိလိုက်စားမှုဥပဒေကို ဖယ်ထုတ်ထားခြင်း သို့မဟုတ် ထုတ်ပယ်ထားခြင်း ရှိလျှင်။

**၃။** အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကုမ္ပဏီခေါင်းဆောင်မှုပိုင်းက (ဘုတ်အဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှု၏ ထိပ်ပိုင်းတာဝန်ရှိသူများ) အထောက်အပံ့ပေးမှု ရှိပါသလား။

၁ မှတ်- ကုမ္ပဏီခေါင်းဆောင်ပိုင်း (စီမံခန့်ခွဲရေး သို့မဟုတ် ဘုတ်အဖွဲ့၏ ထိပ်ပိုင်းအဖွဲ့ဝင်) က ကုမ္ပဏီ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်မှုကို အထူးတလည် ဖော်ပြထားသည့် ကိုယ်တိုင်ထုတ်ပြန်မှု တစ်ခုရှိလျှင်။

ကုမ္ပဏီခေါင်းဆောင်ပိုင်း (စီမံခန့်ခွဲရေး သို့မဟုတ် ဘုတ်အဖွဲ့၏ ထိပ်ပိုင်းအဖွဲ့ဝင် ) က ကုမ္ပဏီ၏ ကျင့်ဝတ် သို့မဟုတ် အလားတူကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများပါဝင်သည့် ကျင့်ဝတ်ကိုထောက်ခံသည့် ကိုယ်တိုင်စာတစ်စောင် ထုတ်ပြန်ထားလျှင်။

သုည - အကယ်၍ ကုမ္ပဏီခေါင်းဆောင်ပိုင်း၏ ဖော်ပြချက်သည် အဂတိလိုက်စားကို သီးခြားရည်ညွှန်းခြင်းမရှိလျှင် သို့မဟုတ် ဝန်ထမ်းကျင့်ဝတ်တစ်ခုထဲတွင် ထည့်သွင်းထားခြင်းမရှိလျှင်။ ထုတ်ပြန်ချက်ကို သင့်လျော်သည့်သူက ထုတ်ပြန်ခြင်းမဟုတ်လျှင်။ ယင်းသို့သော ထုတ်ပြန်ချက်မျိုး မရှိလျှင်-

**၄။** ကုမ္ပဏီ၏ လိုက်နာရန်ကျင့်ဝတ်များ/အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူဝါဒများကို ဝန်ထမ်းအားလုံးနှင့် ဒါရိုက်တာများအပေါ် ရှင်းလင်းစွာကျင့်သုံးပါသလား။ (ဒါရိုက်တာ = ဒါရိုက်တာအဖွဲ့ = ကြီးကြပ်ရေးဘုတ်အဖွဲ့)

၁ မှတ် - ကျင့်ဝတ်များ ၊ မူဝါဒများကို ဝန်ထမ်းအားလုံးအပြင် ကုမ္ပဏီရာထူးကြီးငယ် မခွဲခြားဘဲ ဒါရိုက်တာများ အားလုံးလိုက်နာမည်ဟု ရှင်းလင်းစွာဖော်ပြထားလျှင်။ လုပ်ငန်းလည်ပတ်သည့် မည်သည့်နိုင်ငံမဆို ခြွင်းချက်ထားခြင်း မရှိစေရ။ မူဝါဒမှာလဲ မြန်မာဘာသာဖြင့် ပုံနှိပ်ထားခြင်း ရှိရမည်။

၀.၅ မှတ် - မူဝါဒသည် ဝန်ထမ်းအားလုံးကျင့်သုံးရန် ဖြစ်သော်လည်း ဒါရိုက်တာများနှင့်ပါ သက်ဆိုင်ကြောင်း အတိအလင်း ဖော်ပြထားခြင်းမရှိလျှင်၊ သီးသန့်ဝန်ထမ်းအုပ်စုတစ်စု (ဥပမာ - မန်နေဂျာများသာ သက်ဆိုင်သည်ဆိုလျှင်)

သုည - ကျင့်ဝတ်သည် ဝန်ထမ်းအားလုံးနှင့် ဒါရိုက်တာများအားလုံးအတွက် သက်ဆိုင်ကြောင်းရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိလျှင်။

**၅။** ကုမ္ပဏီ၏ လိုက်နာရန်ကျင့်ဝတ်များ/အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများကို ဝန်ထမ်းမဟုတ်သော်လည်း ကုမ္ပဏီ၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူ သို့မဟုတ် ကုမ္ပဏီကိုကိုယ်စားပြုသူ (ဥပမာ- အေးဂျင့်များ၊ အကြံပေးများ၊ ကိုယ်စားလှယ်တော်များသို့မဟုတ် ကြားပွဲစားများ)အပေါ် ရှင်းလင်းစွာကျင့်သုံးပါသလား။

၁ မှတ် - ယင်းသို့သော ပုဂ္ဂိုလ်များက မူဝါဒကိုမဖြစ်မနေ လိုက်နာကျင့်သုံးရမည်ဟု ဖော်ပြထားလျှင်။

သုည - မူဝါဒကို လိုက်နာကျင့်သုံးရန် ယင်းသို့သော ပုဂ္ဂိုလ်များအား တိုက်တွန်းထားရုံသာ ဆိုလျှင်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများသည် ယင်းပုဂ္ဂိုလ်များနှင့် မသက်ဆိုင်လျှင် သို့မဟုတ် မူဝါဒကိုလိုက်နာခြင်း လိုအပ်ချက်မှ ၎င်းတို့ကို သီးခြားဖယ်ထုတ်ထားလျှင်။

**၆။** ကုမ္ပဏီ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်ကို ကန်ထရိုက်စာချုပ်အရ ကုန်စည်နှင့်ဝန်ဆောင်မှုများ ပေးသွင်းသည့် မိမိကုမ္ပဏီထိန်းချုပ်မှု အောက်တွင်မရှိသည့် လူပုဂ္ဂိုလ်များ၊ သို့မဟုတ် လုပ်ငန်းများ (ဥပမာ- ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ ပစ္စည်းပေးသွင်းသူများ) အပေါ် ကျင့်သုံးပါသလား။

၁ မှတ် - အောက်ပါအချက်သုံးချက်စလုံး ပြည့်စုံလျှင်-

(၁) ယင်းသို့သော ပုဂ္ဂိုလ်များ / အဖွဲ့များသည် ကုမ္ပဏီ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပရိုဂရမ်၊ ကုမ္ပဏီကထုတ်ထားသည့် ယင်းနှင့်အလားတူ သို့မဟုတ် ပစ္စည်းသွင်းသူများ ကျင့်ဝတ်ကို လိုက်နာကျင့်သုံးရန် လိုအပ်သည်။

(၂) ယင်းသို့သော ပုဂ္ဂိုလ်များ / အဖွဲ့များအပေါ် ကုမ္ပဏီက အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး due diligence (စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုကြောင့် လူ့အခွင့်အရေးဆိုင်ရာနှင့် လူမှု၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်း၊ ထိခိုက်နိုင်သည့် အကြောင်းအခြင်းအရာများကို ကြိုတင်ကာကွယ်တားဆီးရန် အစီအမံများ ဆောင်ရွက်ခြင်းအစရှိသည့် သင့်မြတ်လျော်ကန် အောင်ဆောင်ရွက်မှုများ) ကျင့်သုံးခြင်းနှင့်

(၃) ယင်းသို့သော ပုဂ္ဂိုလ်များ / အဖွဲ့အစည်းများကို ကုမ္ပဏီက စောင့်ကြည့်ကြပ်မတ်ခြင်း။

၀.၅ မှတ် - ယင်းသို့သော ပုဂ္ဂိုလ်များ/အဖွဲ့များကို မူဝါဒအားလိုက်နာကျင့်သုံးရန် အားပေးရုံသာ အဆင့်ရှိခြင်း သို့မဟုတ် အထက်ပါ ၃ ချက်မှ ၁ ချက်သို့မဟုတ် ၂ ချက်သာ ပြည့်စုံခြင်း။

သုည - ယင်းသို့သော ပုဂ္ဂိုလ်များ / အဖွဲ့အစည်းများကို ရည်ညွှန်းထားခြင်း မရှိခြင်း။ သို့မဟုတ် ၄င်းတို့သည် ကုမ္ပဏီ၏ မူဝါဒ၊ သို့မဟုတ် အလားတူကိစ္စကို လိုက်နာကျင့်သုံးရန် သီးသီးသန့်သန့် မလိုအပ်ခြင်း။

**၇။** ကုမ္ပဏီဝန်ထမ်းများနှင့် ဒါရိုက်တာများအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးသင်တန်း အစီအစဉ် ကုမ္ပဏီတွင် ရှိပါသလား။ (ဒါရိုက်တာ = ဒါရိုက်တာအဖွဲ့ = ကြီးကြပ်ရေးဘုတ်အဖွဲ့)

၁ မှတ် - ဝန်ထမ်းများနှင့် ဒါရိုက်တာများအတွက် ပြုလုပ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး သင်တန်းရှိကြောင်း ပရိုဂရမ်တစ်ခုခုကို အများသိအောင်ထုတ်ပြန်ထားလျှင်။ ကုမ္ပဏီမှ သင်တန်းပေးပြီးသော ဝန်ထမ်းများနှင့် ဒါရိုက်တာများအတွက် အချိုးအစားအပေါ် မူတည်ကာ အချက်အလက်များကို ထောက်ပံ့ပေးခြင်း။

၀.၅ မှတ် - ကုမ္ပဏီမှ ပြုလုပ်သည့်ယင်းသို့သော သင်တန်းအစီအစဉ်တစ်ခုကို ကုမ္ပဏီက အများသိအောင်ထုတ်ပြန်ထားပြီး ယင်းသင်တန်းသည် ဝန်ထမ်းများနှင့် ဒါရိုက်တာများ အတွက် ဖြစ်လျှင်၊ ဝန်ထမ်းများနှင့် ဒါရိုက်တာများအတွက် ကျင့်ဝတ်ဆိုင်ရာ / ဂုဏ်သိက္ခာဆိုင်ရာ ကိစ္စရပ်အားလုံးနှင့် ပတ်သက်သော သင်တန်းပရိုဂရမ်တစ်ခုအကြောင်း ထုတ်ပြန်မှုရှိလျှင်၊ ယင်းသင်တန်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒများပါဝင်သည်ဟု ကျွန်ုပ်တို့ ယူဆနိုင်လျှင်။

သုည - ယင်းသို့သော သင်တန်း အစီအစဉ်တစ်ခုနှင့် ပတ်သက်သော ထုတ်ပြန်ထားချက်မျိုး မရှိလျှင်။

၈။ လက်ဆောင်ပစ္စည်းများ၊ ဧည့်ခံမှုများနှင့် အသုံးစားရိတ်များအပေါ် မူဝါဒတစ်ခု ကုမ္ပဏီတွင် ရှိပါသလား။

၁ မှတ်- ပေးရန်ကမ်းလှမ်းခြင်း၊ လက်ဆောင်ပေးခြင်းနှင့် လက်ခံခြင်း၊ ဧည့်ခံမှု သို့မဟုတ် အပိုအသုံးစားရိတ် စသည်တို့အပေါ် စည်းကြပ်ထားသည့် မူဝါဒတစ်ခုကုမ္ပဏီမှာ ရှိလျှင်၊ မူဝါဒသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်။ ၎င်းသည် မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေထားခြင်း ရှိရမည်။

(၁) ထိုသို့ပစ္စည်းများ ပေးရန်ကမ်းလှမ်းခြင်း သို့မဟုတ် ပေးခြင်းနှစ်မျိုးစလုံး

(၂) ထိုသို့ပစ္စည်းများလက်ခံခြင်း

(၃) လက်ဆောင်ပစ္စည်းများ၊ ဧည့်ဝတ်ပြုခြင်းများ သို့မဟုတ် အပိုအသုံးစရိတ်များအတွက် ပမာဏအတိုင်းအတာ အတိအလင်းရှိခြင်း (စာသားဖြင့်သော်လည်းကောင်း ၊ ကိန်းဂဏာန်း ပမာဏဖြင့်သော်လည်းကောင်း)ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းအပြင် ဤကဲ့သို့လက်ဆောင်ပစ္စည်း၊ ဧည့်ခံမှုများ မဖြစ်မနေလက်ခံရရှိလျှင် လုပ်ဆောင်ရမည့် နည်းလမ်းများ ၊ တိုင်ကြားရန် လိုအပ်ချက်စသည့် လုပ်ငန်းစဉ်များ အတိအကျရှိလျှင် )

၀.၅ မှတ် - အထက်ပါအချက်များအားလုံး မဟုတ်သော်လည်း အချက်အချို့ပါလျှင်။

သုည - ယင်းသို့သော မူဝါဒကို ကုမ္ပဏီက အများသိအောင် ထုတ်ပြန်ထားခြင်း မရှိလျှင်။

သတိပြုရန် - ဝန်ထမ်းများအတွက် လမ်းညွှန်အတိအကျကို အများသိအောင် ထုတ်ပြန်ရန် မလိုပေ၊ ယင်းသို့သော လမ်းညွှန်ချက်ရှိပြီး အထက်ပါ အချက်အလက်အားလုံးနှင့် ကိုက်ညီကြောင်း အတိအလင်း ဖော်ပြထားလျှင်။ )

၉။ လုပ်ငန်းအဆင်ပြေအောင် ငွေပေးရခြင်းကိုရှင်းလင်းစွာ တားမြစ်သည့် မူဝါဒတစ်ခုရှိပါသလား။

လုပ်ငန်းအဆင်ပြေအောင် အပိုငွေပေးရခြင်းဆိုသည်မှာ လုပ်ငန်းအဆင်ပြေအောင် သို့မဟုတ် ပုံမှန် အစိုးရလုပ်ငန်းတစ်ခု၏ လုပ်ဆောင်မှုကိုရရှိရန် အရာရှိတစ်ဦးဦး၊ နိုင်ငံရေးပါတီနှင့် ပါတီအရာရှိကို ပေးခြင်းဖြစ်သည်။

သတိပြုရန် - လုပ်ငန်းအဆင်ပြေအောင် အပိုငွေပေးခြင်းသည် နိုင်ငံအများစုတွင် တရားမဝင်ဖြစ်သော်လည်း US Foreign Corrupt Practices Act ကဲ့သို့ အချို့နိုင်ငံများ၏ နိုင်ငံခြားလာဘ်ပေးမှု ဥပဒေများတွင် တားမြစ်ထားခြင်း မရှိပေ။ သို့သော် ကုမ္ပဏီလုပ်ငန်း လည်ပတ်သည့်နိုင်ငံများ အားလုံးတွင် တားမြစ်ရန် ကျွန်ုပ်တို့မျှော်လင့်ထားသည်။

၁ မှတ်- ယင်းသို့သော ပေးခြင်းမျိုးကို အားမပေးရုံသာမက ရှင်းလင်းတိကျသော တားမြစ်မှု တစ်ခုရှိလျှင်။ (အသက်နှင့်ခန္ဓာကို ခြိမ်းခြောက်သည့် အခြေအနေမျိုးတွင်ပေးရသည်ကို ခြွင်းချက်အဖြစ် အသိအမှတ်ပြုထားရှိသည်) ယင်းသည် မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေထားခြင်း ရှိရမည်။

သုည- ယင်းသို့သော ပေးခြင်းမျိုးကို ကုမ္ပဏီတွင် အားမပေးရုံ အဆင့်သာဆိုလျှင်။ (ဥပမာ - မန်နေဂျာက အတည်ပြုပြီးလျှင် ခွင့်ပြုခြင်းမျိုး )

ယင်းသို့သော ပေးခြင်းမျိုးကို ပြည်တွင်းဥပဒေအရ ခွင့်ပြုထားသည့်အတွက် ခွင့်ပြုလျှင်။

လုပ်ငန်းအဆင်ပြေအောင် အပိုငွေပေးရခြင်း အကြောင်းနှင့်ပတ်သက်၍ မည်သည့် ဖော်ပြချက်မှမရှိခြင်း၊ သို့မဟုတ် အထူးခွင့်ပြုထားလျှင်။

**၁၀။** ဝန်ထမ်းများနှင့် အခြားသူများက စိုးရိမ်ပူပန်မှုများနှင့် ချိုးဖောက်မှုများအစီရင်ခံခြင်းကို ဒဏ်ပြန်မခံရဘဲ ပြုလုပ်နိုင်သည့် လုပ်ငန်းအစီအစဉ်ရှိပါသလား။

| | |
|---|---|
| ၁ မှတ်- | ချိုးဖောက်မှုများကိုထုတ်ဖော်ပြောဆိုခြင်း၊ သို့မဟုတ် တင်ပြခြင်း (ဖော်ကောင်လုပ်ခြင်း) အတွက် မည်သည့်ဝန်ထမ်းမှာ ရာထူးချခြင်း၊ အပြစ်ပေးခြင်း၊ သို့မဟုတ် အခြားသော ဒဏ်ခတ်ခြင်းများ မရှိစေရဟူသော မူဝါဒကို ထုတ်ပြန်ထားလျှင်။ |
| သုည - | ယင်းသို့သော ဒဏ်ခတ်ခြင်းမျိုးကို တားမြစ်သည့် ရှင်းလင်းတိကျသော မူဝါဒမရှိလျှင်။ |

**၁၁။** အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများ၏ သံသယဖြစ်ဖွယ် ချိုးဖောက်မှုများကို ဝန်ထမ်းများက တင်ပြနိုင်မည့် လမ်းကြောင်းတစ်ခု ကုမ္ပဏီတွင်ရှိပါသလား။ ယင်းလမ်းကြောင်းသည် လျှို့ဝှက်နှင့်/ သို့မဟုတ် အမည်မဖော်ဘဲတင်ပြခြင်း (ဖော်ကောင်လုပ်ခြင်း) ပြုလုပ်နိုင်ပါသလား။

| | |
|---|---|
| ၁ မှတ်- | ယင်းသို့သော လမ်းကြောင်းတစ်ခုကို အပြည့်အဝလျှို့ဝှက်စွာနှင့်/ သို့မဟုတ် အမည်မဖော်ဘဲ တင်ပြနိုင်သည့် ပုံစံတစ်ခုဖြင့် အများသိအောင်ထားပြီး နောက်ဆက်တွဲ ဖော်ထုတ်မှုများအတွက် တစ်ခုခုလိုအပ်လာလျှင် ဖော်ထုတ်သူနှင့် နှစ်လမ်းသွား ဆက်ဆံရေးထားရှိလျှင် ကုမ္ပဏီမှလည်း တိုင်ကြားချက်နှင့်ပတ်သက်၍ အကြိမ်အရေအတွက် ၊ အမျိုးအစားနှင့်ပုံစံများအား ပုံမှန် အစီရင်ခံချက်များ ပြုလုပ်ခြင်း။ |
| ၀.၅ မှတ် - | အကယ်၍ ယင်းလမ်းကြောင်းသည် အများသိသာမြင်နိုင်သည်နှင့်အညီ လျှို့ဝှက်နှင့် / သို့မဟုတ် အမည်မဖော်ဘဲ တင်ပြခြင်း၊ ယင်းသို့သော လမ်းကြောင်းမျိုးရှိပြီး နောက်ဆက်တွဲ ဖော်ထုတ်မှုများအတွက် တစ်ခုခုလိုအပ်လာလျှင် ဖော်ထုတ်သူနှင့် နှစ်လမ်းသွားဆက်ဆံရေး ထားရှိလျှင်။ |
| သုည- | ယင်းသို့သော လမ်းကြောင်းမျိုးမရှိခြင်း သို့မဟုတ် လမ်းကြောင်းသည် တင်ပြရာတွင် လျှို့ဝှက်စွာလည်း မထားနိုင်၊ အမည်မဖော်ဘဲလည်း မပြုလုပ်နိုင်လျှင်။ |

**၁၂။** လုပ်ငန်းအစီအစဉ်၏ ရေရှည်တည်တံ့မှု၊ အရည်အသွေးပြည့်ဝမှုနှင့် ထိရောက်မှု၊ သင့်လျော်သလို တိုးတက်မှုများ အကောင်အထည်ဖော်မှုတို့ကို ပြန်လည်သုံးသပ်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်၏ပုံမှန် စောင့်ကြပ်ကွပ်ကဲမှုကို ကုမ္ပဏီက လုပ်ဆောင်ပါသလား။

"လုပ်ငန်းတစ်ခုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်၏ စဉ်ဆက်မပြတ်တိုးတက်မှုကို အထောက်အပံ့ပြုသည့် ကုမ္ပဏီတွင် အခြားလုပ်ငန်းစဉ်များနှင့် တုံ့ပြန်အကြံပြုနိုင်သည့် ယန္တယားတစ်ခု ထူထောင်သင့်သည်။ ကုမ္ပဏီ၏ ထိပ်တန်းအဆင့်မန်နေဂျာများသည် အဆိုပါ အဂတိလိုက်စားမှု လုပ်ငန်းအစီအစဉ်ကို ကွပ်ကဲပြီး လုပ်ငန်း အစီအစဉ်၏ သင့်တော်မှု၊ အရည်အသွေးပြည့်ဝမှုနှင့် ထိရောက်မှုတို့ကို ကာလအပိုင်းအခြား တစ်ခုစီအလိုက် ပြန်လည်သုံးသပ်သင့်ကာ သင့်လျော်သလို တိုးတက်အောင် ဆောင်ရွက်သင့်သည်။" (TI ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် စီးပွားရေးလုပ်ငန်း၏ စည်းမျဉ်းများ )

၁ မှတ်- အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းကို ပုံမှန်သို့မဟုတ် စဉ်ဆက်မပြတ် စောင့်ကြည့်ကွပ်ကဲခြင်းနှင့် သက်ဆိုင်သော သတင်းအချက်အလက်ကို ထုတ်ပြန်ခြင်း၊ ပြန်လည်သုံးသပ် လုပ်ငန်းစဉ်အပေါ် အသေးစိတ်သုံးသပ်ချက်၊ ဆန်းစစ်သုံးသပ်ခြင်း၏ အဓိကအချက်များ၊ အဓိက စုံစမ်းတွေ့ရှိချက်များ အစရှိသည်တို့ ပါဝင်သည်။

၀.၅ မှတ် - အကယ်၍ ပုံမှန်/စဉ်ဆက်မပြတ် စောင့်ကြည့်ကွပ်ကဲမှုများနှင့်ပတ်သတ်သည့် သတင်းအချက်အလက်များတွင် စောင့်ကြည့်ကွပ်ကဲမှုများ၏ ရလဒ်များပါ ပါဝင်ပါလျှင်။

သုည - အချို့သော စောင့်ကြည့်ကွပ်ကဲမှုများရှိသော်လည်း ပုံမှန်သို့မဟုတ် စဉ်ဆက်မပြတ် လုပ်ငန်းစဉ် မဟုတ်ခြင်း၊ ပရိုဂရမ်၏ သင့်လျော်မှု၊ အရည်အသွေးပြည့်ဝမှု၊ ထိရောက်မှုတို့ကို သုံးသပ်ထားသည့် အသေးစိတ်ဖော်ပြချက်များမရှိဘဲ လိုက်နာဆောင်ရွက်မှုနှင့် ပတ်သက်သည့် စောင့်ကြည့်ကွပ်ကဲမှုတစ်ခုတည်းကိုသာ ကျင့်သုံးလျှင်။

အဆိုပါ ပရိုဂရမ်မျိုးရှိကြောင်းမျှသာ ဖော်ပြထားလျှင်။

စောင့်ကြည့်ကွပ်ကဲမှုကို လူသိရှင်ကြား ဖော်ပြမထားလျှင်။

**၁၃။** ဤသို့သော ပါဝင်ပက်သက်မှုကို တားမြစ်သည့် သို့မဟုတ် မတားမြစ်ဟု နိုင်ငံရေးအရ ပါဝင်ပတ်သက်မှုနှင့်ဆိုင်သည့် မူဝါဒတစ်ခု ကုမ္ပဏီတွင်ရှိပါသလား။ ယင်းသို့သော ပါဝင်မှုများကို လူသိရှင်ကြား ထုတ်ဖော်ပြောဆို ထားပါသလား။

"နိုင်ငံရေးတွင်ပါဝင်မှု"ဆိုသည်မှာ နိုင်ငံရေးပါတီတစ်ခု၊ အကြောင်းကိစ္စ သို့မဟုတ် ကိုယ်စားလှယ်လောင်းအတွက် ငွေအား၊ သို့မဟုတ် လူအားဖြင့် ထောက်ခံခြင်း။ တိုက်ရိုက်နှင့် သွယ်ဝိုက်ပါဝင်ခြင်း နှစ်မျိုးစလုံးဖြစ်သည်။ ဥပမာ ကုမ္ပဏီတစ်ခု၏ အသင်းအဖွဲ့များမှ တစ်ဆင့်ဖြစ်လျှင်လည်း ထည့်သွင်းစဉ်းစားမည် ဖြစ်သည်။

သတိပြုရန် - နိုင်ငံရေးတွင် ပါဝင်မှုကို ကုမ္ပဏီက တားမြစ်ရန်မလိုအပ်သော်လည်း ယင်းနယ်ပယ်တွင် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါသည်။ ပါဝင်မှုအား အားလုံးသို့မဟုတ် ယင်းသို့အား တားမြစ်ခြင်း အားလုံးကို လူသိရှင်ကြားထုတ်ဖော်ထားခြင်းဖြင့် ယင်းသို့သော ပွင့်လင်းမြင်သာမှုကို ရရှိနိုင်သည်။

၁ မှတ် - နိုင်ငံရေးတွင် ပါဝင်မှုများကို တားမြစ်ထားခြင်း သို့မဟုတ် အများသိအောင် ထုတ်ပြန်ထားခြင်းများ ပြုလုပ်လျှင်။ (လုပ်ငန်းလည်ပတ်ရာ နိုင်ငံအားလုံးတွင်)။ ၎င်းသည်လည်း မြန်မာဘာသာနှင့် ပုံနှိပ်ထုတ်ဝေထားခြင်း ရှိရမည်။

သုည - နိုင်ငံရေးတွင် ပါဝင်မှုကို စည်းမျဉ်းချမှတ်ထားသော်လည်း တားမြစ်ခြင်း သို့မဟုတ် ဖော်ထုတ်ခြင်း မပြုလျှင်။ (ဥပမာ - ယင်းသို့သော ပါဝင်မှုများအတွက် ကုမ္ပဏီတွင်း အထူးအတည်ပြုပေးသည့် လုပ်ငန်းစဉ်နှင့် ကုမ္ပဏီတွင်း အစီရင်ခံရသည့်တစ်ခုရှိသော်လည်း အမှန်တကယ်ပေးရခြင်းကို အများသိအောင် ထုတ်ပြန်မှုမပြုခြင်း။

နိုင်ငံရေးတွင် ပါဝင်မှုကို နိုင်ငံတစ်နိုင်ငံအတွက်သာ ဖော်ထုတ်ခြင်း။ ဥပမာ - ကုမ္ပဏီ၏ မိခင်နိုင်ငံအတွက်သာ။ ကုမ္ပဏီ၏မူဝါဒသည် ဝန်ထမ်းများ၏ ပါဝင်မှုကိုသာ ရည်ညွှန်းပြီး ကုမ္ပဏီ၏ပါဝင်မှုကို ထည့်သွင်းခြင်းမရှိလျှင်။

နိုင်ငံရေးတွင် ပါဝင်မှုကို စည်းကမ်းချမှတ်မထားခြင်းနှင့် / သို့မဟုတ် မဖော်ထုတ်ခြင်း။

**အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု**

**၁၄။** ကုမ္ပဏီသည် မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲများအားလုံးကို ဖော်ပြထားပါသလား။

၁ မှတ် - ယင်းလုပ်ငန်းခွဲအားလုံး၏ စာရင်းအပြည့်အစုံဖော်ပြထားလျှင်။

၀.၅ မှတ် - အဓိကလုပ်ငန်းခွဲများကိုသာ ဖော်ပြထားလျှင်။

သုည - မပြည့်စုံသော လုပ်ငန်းခွဲစာရင်းကို ဖော်ပြထားလျှင်/ယင်းလုပ်ငန်းခွဲစာရင်းများ မရှိလျှင်။

**၁၅။** မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီတွင် ပိုင်ဆိုင်သည့် ရာခိုင်နှုန်းကို ကုမ္ပဏီက ဖော်ပြထားပါသလား။

ရမှတ် - မေးခွန်း ၁၄ အတွက် လမ်းညွှန်ချက်ကို ကြည့်ပါ။

**၁၆။** မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် မှတ်ပုံတင်ထားသည့် နိုင်ငံများကိုကုမ္ပဏီက ဖော်ပြထားပါသလား။

ရမှတ် - မေးခွန်း ၁၄ အတွက် လမ်းညွှန်ချက်ကို ကြည့်ပါ။

**၁၇။** မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံများကို ကုမ္ပဏီက ဖော်ပြထားပါသလား။

ရမှတ် - မေးခွန်း ၁၄ အတွက် လမ်းညွှန်ချက်ကို ကြည့်ပါ။

**၁၈။** ကုမ္ပဏီသည် မိမိစာရင်းတွင်အပြည့်အဝမပါဝင်သည့် လုပ်ငန်းခွဲများအားလုံးကို ဖော်ပြထားပါသလား။

မေးခွန်းနံပါတ် ၁၈ နှင့် ၂၀ အတွက်မှ မိမိစာရင်းတွင် အပြည့်အဝမပါဝင်သော ကုမ္ပဏီများတွင် ရောင်းရင်းကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများ၊ equityဖြင့် စာရင်းသွင်းသည့်လုပ်ငန်းများကဲ့သို့ မိမိစာရင်းတွင် အပြည့်အဝမပါဝင်သော လုပ်ငန်းများပါဝင်သည်။

၁ မှတ် - ယင်းသို့သော ကုမ္ပဏီစာရင်း အပြည့်အစုံရှိလျှင်။

၀.၅ မှတ် - မိခင် ကုမ္ပဏီက ပိုင်ဆိုင်သည်ဟု လူသိများသော ကုမ္ပဏီခွဲများကိုသာ ဖော်ပြခြင်း။

သုည - ယင်းသို့သော ကုမ္ပဏီစာရင်း အပြည့်အစုံ မရှိလျှင်။

ပြည်တွင်းလုပ်ငန်းများစာရင်း၊ သို့မဟုတ် အခြားမပြည့်စုံသော သတင်းအချက်အလက် တစ်ခုသာ ဖော်ပြထားလျှင်။

N/A - ကုမ္ပဏီတွင် မိမိစာရင်းတွင် အပြည့်အဝမပါဝင်သော လုပ်ငန်းတစ်ခုခုမှ မရှိလျှင်။ (မေးခွန်းကို အမှတ်ပေးရာတွင် ထည့်သွင်းတွက်ချက်မည် မဟုတ်ပေ။)

**၁၉။** မိမိစာရင်းတွင် အပြည့်အဝမပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီတွင် ပိုင်ဆိုင်သည့်ရာခိုင်နှုန်းကို ကုမ္ပဏီက ဖော်ပြထားပါသလား။

ရမှတ် - မေးခွန်း ၁၈ အတွက် လမ်းညွှန်ချက်ကို ကြည့်ပါ။

N/A - ကုမ္ပဏီတွင် မိမိစာရင်းတွင် အပြည့်အဝ မပါဝင်သော လုပ်ငန်းတစ်ခုခုမှ မရှိလျှင်။ (မေးခွန်းကို အမှတ်ပေးရာတွင် ထည့်သွင်းတွက်ချက်မည် မဟုတ်ပေ။)

**၂၀။** မိမိစာရင်းတွင် အပြည့်အဝမပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် မှတ်ပုံတင်ထားသည့် နိုင်ငံများနှင့် လုပ်ငန်းလည်ပတ်သည့် နိုင်ငံကို ကုမ္ပဏီက ဖော်ပြထားပါသလား။

၁ မှတ် - ယင်းသို့သော ကုမ္ပဏီစာရင်း အပြည့်အစုံရှိလျှင်။

၀.၅ မှတ် - မိခင် ကုမ္ပဏီက ပိုင်ဆိုင်သည်ဟု လူသိများသော ကုမ္ပဏီခွဲများကိုသာ ဖော်ပြခြင်း။

သုည- ယင်းသို့သော ကုမ္ပဏီစာရင်းအပြည့်အစုံမရှိလျှင်။

ပြည်တွင်းလုပ်ငန်းများစာရင်း သို့မဟုတ် အခြားမပြည့်စုံသော သတင်းအချက်အလက် တစ်ခုသာ ဖော်ပြထားလျှင်။

N/A - ကုမ္ပဏီတွင် မိမိစာရင်းတွင် အပြည့်အဝမပါဝင်သော လုပ်ငန်းတစ်ခုခုမှ မရှိလျှင်။ (မေးခွန်းကို အမှတ်ပေးရာတွင် ထည့်သွင်းတွက်ချက်မည်မဟုတ်ပေ။)

**၂၁။** ကုမ္ပဏီသည် ၎င်း၏ အမှုဆောင် စီမံခန့်ခွဲမှု ကော်မတီတွင် ပါဝင်သော ဒါရိုက်တာများနှင့် အဖွဲ့ဝင်များ၏ နာမည်ကို ဖော်ပြခြင်းရှိပါသလား။

၁ မှတ် - ကုမ္ပဏီသည် ၎င်း၏ အမှုဆောင် စီမံခန့်ခွဲမှု ကော်မတီတွင် ပါဝင်သော ဒါရိုက်တာများနှင့် အဖွဲ့ဝင်များ ဖော်ပြခြင်း ရှိရုံသာမက တခြားသော ကုမ္ပဏီတွင် ဒါရိုက်တာ ဖြစ်နေသောလူများအား ဖော်ပြထားခြင်း။

၀. ၅ မှတ် - ကုမ္ပဏီသည် ၎င်း၏ အမှုဆောင်စီမံခန့်ခွဲမှုကော်မတီတွင် ပါဝင်သော အချို့သော ဒါရိုက်တာများနှင့် အဖွဲ့ဝင်များအား ဖော်ပြခြင်း။

သုည - ကုမ္ပဏီသည် ၎င်း၏ အမှုဆောင်စီမံခန့်ခွဲမှု ကော်မတီတွင် ပါဝင်သော အချို့သော ဒါရိုက်တာများနှင့် အဖွဲ့ဝင်များအား ဖော်ပြထားခြင်းမရှိခြင်း။

**၂၂။** ကုမ္ပဏီ၏ မူလပိုင်ရှင် (တစ်နည်းအားဖြင့်ကုမ္ပဏီ၏ စီးပွားရေးကို၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်ခြင်း၊ သို့မဟုတ် ထိန်းချုပ်ခြင်းပြုလုပ်သော သက်ရှိထင်ရှားလူ) ၏ အမည်အားလုံးကို ဖော်ပြထားပါသလား။

၁ မှတ်- ၎င်းတို့၏ အကျိုးအမြတ် ခံစားခွင့်ရှိသည့် ပိုင်ရှင်များကို ကုမ္ပဏီက ထုတ်ပြန်လျှင်။ အကြီးဆုံး ရှယ်ယာရှင်၏ပိုင်ဆိုင်မှု ရာခိုင်နှုန်း အပါအဝင် ဖော်ပြခြင်းရှိလျှင်။

၀.၅ မှတ် - အကျိုးအမြတ် ခံစားခွင့်ရှိသည့် ပိုင်ရှင်အချို့ကို ကုမ္ပဏီက ထုတ်ပြန်လျှင်။

သုည- အကျိုးအမြတ်ခံစားခွင့်ရှိသည့် ပိုင်ရှင်အမည်များကို ကုမ္ပဏီက လုံးဝမထုတ်ပြန်လျှင်။

၂၃။ ကုမ္ပဏီသည် မိမိ၏အဖွဲ့အစည်းအရွယ်အစား (ဉပမာ- ဝန်ထမ်းအရေအတွက်ကို) ဖော်ပြထားပါသလား။

| | |
|---|---|
| ၁ မှတ်- | ကုမ္ပဏီအုပ်စုအဆင့်ရှိ ဝန်ထမ်းအရေအတွက်ကို ကုမ္ပဏီကထုတ်ပြန်လျှင် ကျား/မ အရေအတွက် အပါအဝင် ဖော်ပြထားခြင်း ရှိလျှင်။ |
| ၀.၅ မှတ် - | အချို့သော ကုမ္ပဏီခွဲများ၏ ဝန်ထမ်းအရေအတွက်ကို ကုမ္ပဏီက ထုတ်ပြန်ထားလျှင် |
| သုည- | ကုမ္ပဏီက ၎င်း၏ ဝန်ထမ်းအရေအတွက်ကို မထုတ်ပြန်လျှင် |

၂၄။ ယုံကြည်စိတ်ချရသည့် ပြင်ပစာရင်းစစ်ဝင်ပြီးသော ဘဏ္ဍာရေးဆိုင်ရာတင်ပြမှုကို ကုမ္ပဏီက ပြုလုပ်ပါသလား။

| | |
|---|---|
| ၁ မှတ်- | စာရင်းစစ်ဝင်ပြီးသော ဘဏ္ဍာရေးအစီရင်ခံစာကို ကုမ္ပဏီက ထုတ်ပြန်ထားလျှင်။ |
| သုည- | စာရင်းစစ်ဝင်ပြီးသော ဘဏ္ဍာရေးအစီရင်ခံစာကို ကုမ္ပဏီက ထုတ်ပြန်မှုမရှိလျှင်။ |

၂၅။ အစိုးရကို အခွန်အကောက်နှင့် အခြားမည်သည်တို့ကို ပေးကမ်းကြောင်းကုမ္ပဏီက ဖော်ပြထားပါသလား။

| | |
|---|---|
| ၁ မှတ်- | ကုမ္ပဏီက အခွန်နှင့် အခြားပေးဆောင်မှုများအားလုံး၏ ကိန်းဂဏန်းအပြည့်အစုံကို ဖော်ပြလျှင်။ |
| ၀.၅ မှတ်- | အစိုးရသို့ပေးဆောင်ရသည့် အခွန်၊ သို့မဟုတ် အခြားပေးဆောင်မှု အစိတ်အပိုင်း တချို့ကို ထုတ်ပြန်လျှင်။ |
| သုည- | အစိုးရသို့ ပေးဆောင်ရသည့် အခွန် သို့မဟုတ် အခြားပေးဆောင်မှုများနှင့် ပတ်သက်ပြီး တစ်ခုမှ မထုတ်ပြန်လျှင်။ |

**လူ့အခွင့်အရေး၊ မြေယာ၊ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု သဘာဝပတ်ဝန်းကျင် သက်ရောက်မှု**

၂၆။ ကုမ္ပဏီသည် ၎င်းတို့နှင့် ပါဝင်ပတ်သက်နေသော လူများ မည်သူဖြစ်သည်၊ ထိုသူများနှင့် မည်ကဲ့သို့ ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်နေသည် စသည့် အချက်အလက်များကို ရှင်းလင်းတင်ပြ၍ စုံစမ်းလိုသူများအတွက် ဆက်သွယ်ရန် ပုဂ္ဂိုလ်၊ လိပ်စာစသည်များကို ထုတ်ပြန်ထားပါသလား။

| | |
|---|---|
| ၁ မှတ် - | ကုမ္ပဏီတွင် ၎င်း၏ အဓိက အတွင်း/ပြင်ပ ပါဝင်ပတ်သတ်နေသောသူများအား သတ်မှတ်ထားပြီး ကုမ္ပဏီသည် ၎င်းတို့နှင့် ပါဝင်ပတ်သက်နေသောလူများနှင့် အပြန်အလှန် ဆက်သွယ်ချိတ်ဆက်ရန် မည်ကဲ့သို့ စီစဉ်လုပ်ဆောင်သည်ကို တင်ပြ၍ စုံစမ်းလိုသူများ အတွက် ရှင်းလင်းပြောပြနိုင်သည့် လူတစ်ဦးတစ်ယောက် ထားရှိပြီး ထိုသူကို မည်ကဲ့သို့ ဆက်သွယ်နိုင်သည်ကို ထုတ်ပြန်ထားလျှင်။ |
| ၀.၅ မှတ် - | ရှင်းလင်းပြောပြနိုင်သည့် လူတစ်ဦးတစ်ယောက်ထားရှိပြီး ထိုသူကို မည်ကဲ့သို့ ဆက်သွယ်နိုင်သည်ကို ထုတ်ပြန်ထားသော်လည်း ကုမ္ပဏီသည် ၎င်းတို့နှင့် ပါဝင်ပတ်သက်နေသောလူများနှင့် အပြန်အလှန် ဆက်သွယ်ချိတ်ဆက်ရန် မည်ကဲ့သို့ စီစဉ်လုပ်ဆောင်သည်ကို တင်ပြထားခြင်းမရှိလျှင်။ |

သုည - စုံစမ်းလိုသူများအတွက် ရှင်းလင်းပြောပြနိုင်သည့် လူတစ်ဦးတစ်ယောက် လုံးဝ မထားရှိလျှင်။ အထက်ဖော်ပြပါ အချက်များ တစ်ချက်မျှ မရှိလျှင်။

**၂၇။** ကုမ္ပဏီတွင် မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများ၏ သက်ရောက်ခြင်း ခံရနိုင်သော လူအများ၏ အခွင့်အရေးများကို အသိအမှတ်ပြု လေးစားလိုက်နာရန် ကတိပြုခြင်း၊ မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများကြောင့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ပေါ်နိုင်သော အခြေအနေများကို ဖော်ပြခြင်း အပါအဝင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ညီသော လူ့အခွင့်အရေး လေးစားလိုက်နာရန် လူသိရှင်ကြား ကတိတာဝန်ခံသည့်မူဝါဒ ရှိပါသလား။

၁ မှတ် - ကုမ္ပဏီတွင် International Bill of Human Rights၊ the UN Guiding Principles on Business and Human Rights (သို့မဟုတ်) ILO အခြေခံမှု များနှင့် IFC စံနှုန်းများကဲ့သို့သော နိုင်တကာစံချိန်စံညွှန်းများနှင့်ညီသော လူ့အခွင့်အရေး လေးစားလိုက်နာရန် ကတိတာဝန်ခံသည့် မူဝါဒတစ်ခု (မူဝါဒတစ်ခုအနေနှင့် ဖြစ်စေ၊ ကုမ္ပဏီမူဝါဒ၏ တစ်စိတ်တစ်ဒေသအနေနှင့်ဖြစ်စေ) ထုတ်ပြန်ထားရှိလျှင်။

၀.၅ မှတ် - ကုမ္ပဏီတွင် ရေးသားထုတ်ပြန်ထားသော လူ့အခွင့်အရေးမူဝါဒ (သို့မဟုတ်) လူ့အခွင့်အရေးလေးစား လိုက်နာပါမည့် အကြောင်းဖော်ပြချက် ထားရှိသော်လည်း မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများကြောင့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ပေါ်နိုင်သော အခြေအနေများကို ထုတ်ပြန်မထားလျှင်

သုည - ကုမ္ပဏီတွင် လူ့အခွင့်အရေး လေးစားလိုက်နာခြင်း မူဝါဒ (သို့မဟုတ်) ၎င်းနှင့် သက်ဆိုင်သော လုပ်ဆောင်မှုတစ်ခုခု လူသိရှင်ကြား ထုတ်ပြန်ထားခြင်း မရှိလျှင်။

**၂၈။** ကုမ္ပဏီတွင် လူ့အခွင့်အရေး လေးစားလိုက်နာရန် လူသိရှင်ကြား သန္နိဋ္ဌာန်ထားပြီး ထို ကတိတာဝန်ခံချက်ကိုအကောင်အထည်ဖော်သည့်လုပ်ဆောင်ချက်များကိုကုမ္ပဏီက ထုတ်ပြန်ထားပါသလား။

၁ မှတ် - ကုမ္ပဏီတွင် လူ့အခွင့်အရေး လေးစားလိုက်နာရန် လူသိရှင်ကြား သန္နိဋ္ဌာန်ထားပြီး ကုန်ပစ္စည်းထောက်ပံ့သူများ၊ contractors များ အပါအဝင် ထိုကတိတာဝန်ခံချက်ကို အကောင်အထည်ဖော်ထားသည့် လုပ်ဆောင်ချက်များကို ကုမ္ပဏီက ထုတ်ပြန်ထားလျှင်။

၀.၅ မှတ် - ကုမ္ပဏီတွင် လူ့အခွင့်အရေး လေးစားလိုက်နာရန် ကတိတာဝန်ခံသော်လည်း ထိုကတိတာဝန်ခံချက်ကို အကောင်အထည်ဖော်သည့် လုပ်ဆောင်ချက်များကို ကုမ္ပဏီက မထုတ်ပြန်ထားလျှင် (အပြန်အလှန်အားဖြင့်)

သုည - ကုမ္ပဏီတွင် လူ့အခွင့်အရေး လေးစားလိုက်နာခြင်း မူဝါဒရှိကြောင်း မည်သည့် အထောက်အထားမျှ မတွေ့ ရလျှင်။

**၂၉။** ကုမ္ပဏီတွင် အောက်ပါတို့နှင့်လျော်ညီသော ဝန်ထမ်းမူဝါဒတစ်ခု ရှိပါသလား။

- မိမိ၏ဝန်ထမ်းများအတွက် တရားမျှတပြီး အတန်အသင့်ကောင်းမွန်သော လစာ။
- လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်းအပေးအယူလုပ်ခြင်း
- ဝန်ထမ်းခေါ်ယူမှုနှင့် ရာထူးတိုးခြင်း၊ နေ့စဉ် လုပ်ငန်းခွင် အစရှိသည်တို့တွင် ခွဲခြားဆက်ဆံမှု မပြုရေးမူဝါဒ။
- အတင်းအဓမ္မခိုင်းစေမှု မရှိခြင်း။
- ကလေးလုပ်သား မထားရှိခြင်း။

၁ မှတ် - အထက်ပါအချက်များအနက် အနည်းဆုံး(၄)ချက်ကို ခြုံမိသည့် ဝန်ထမ်းရေးရာ မူဝါဒများ ထုတ်ပြန်ထားရှိလျှင်။ မြန်မာဘာသာဖြင့်လည်း ရှိရမည်။

၀.၅ မှတ် - အထက်ပါအချက်များအနက် (၂)ချက် (သို့မဟုတ်) (၃) ချက်ကို ခြုံမိသည့် ဝန်ထမ်းရေးရာမူဝါဒတစ်ခု ကုမ္ပဏီတွင်ရှိလျှင်။

သုည - အဆိုပါ ဝန်ထမ်းရေးရာမူဝါဒကို ဝက်ဘ်ဆိုက်တွင် မထုတ်ပြန်လျှင်။

**၃၀။** ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ကုမ္ပဏီတွင် ရှိပါသလား။ မူဝါဒများ မည်ကဲ့သို့လုပ်ဆောင်ကြောင်း အများပြည်သူသို့ တင်ပြမှု ကုမ္ပဏီက လုပ်ပါသလား။

၁ မှတ် - ကုမ္ပဏီတွင် ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ထုတ်ပြန်ထားပြီး ၎င်းတို့မှာ နိုင်ငံတကာ အဖွဲ့အစည်းများ၏ စံချိန်စံညွှန်းနှင့်အညီ အသိမှတ်ပြုထားပြီး ၎င်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ရှိ၊ မရှိကို ထုတ်ပြန်ထားလျှင်။

၀.၅ မှတ် - ကုမ္ပဏီတွင် ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ရှိသော်လည်း ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိလျှင် (သို့မဟုတ်) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းရှိသည်ဟု ထုတ်ပြန်ထားသော်လည်း ထိုမူဝါဒများ မရှိလျှင်။

သုည - ယင်းသို့သော ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ကိုသော်လည်းကောင်း၊ ၎င်းတို့ကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်း ရှိ၊ မရှိကို သော်လည်းကောင်း လုံးဝ မထုတ်ပြန်ထားလျှင် (သက်သေ အထောက်အထားမရှိလျှင်)။

**၃၁။** ကုမ္ပဏီသည် မိမိတို့လုပ်ငန်းခွင်ရှိ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် မတော်တဆ ထိခိုက် (ဒဏ်ရာရ)မှု ကိန်းဂဏန်း အချက်အလက်ကို ထုတ်ပြန်မှုမျိုး ပြုလုပ်ပါသလား။

၁ မှတ် - ကုမ္ပဏီသည် မိမိတို့လုပ်ငန်းခွင်ရှိ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု မတော်တဆထိခိုက် (ဒဏ်ရာရ)သော ကိန်းဂဏန်းအချက်အလက် အပြည့်အစုံကို ဝဘ်ဆိုဒ်တွင် ထုတ်ပြန်ထားလျှင်။

| | |
|---|---|
| ၀.၅ မှတ်- | ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု မတော်တဆထိခိုက် (ဒဏ်ရာရ)သော ကိန်းဂဏန်း အချက်အလက်အချို့ (သို့မဟုတ်) အနည်းအကျဉ်းကို ထုတ်ပြန်ထားလျှင်။ |
| သုည - | ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု မတော်တဆထိခိုက် (ဒဏ်ရာရ)သော ကိန်းဂဏန်း အချက်အလက်များကို လုံးဝ မထုတ်ပြန်ထားလျှင်။ |

**၃၂။** မိမိတို့လုပ်ငန်းများ တည်ရှိရာ မြေယာများ အပါအဝင်ကုမ္ပဏီ၏ မြေယာပိုင်ဆိုင်မှုများကို မည်ကဲ့သို့ရရှိ၍ မည်ကဲ့သို့အသုံးချ စီမံခန့်ခွဲရမည်ဟု သတ်မှတ်ချက် (သို့မဟုတ်) မူဝါဒများ လုပ်ငန်းစဉ်များ ရှိပါသလား။ ရှိခဲ့လျှင်ထို မူဝါဒများကို မည်ကဲ့သို့ အကောင်အထည်ဖော်ကြောင်း ထုတ်ပြန်ပါသလား။

| | |
|---|---|
| ၁ မှတ် - | ကုမ္ပဏီ၏ မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဖော်ပြပါမူဝါဒများ ထားရှိ၍ မည်ကဲ့သို့ အကောင်အထည်ဖော်ကြောင်း ထုတ်ပြန်ထားပြီး မြေယာပိုင်ဆိုင်မှုများကို စာရင်းပြုစုထုတ်ပြန်ထားလျှင်။ |
| ၀.၅ မှတ် - | ယင်းကဲ့သို့ မူဝါဒ၊ လုပ်ငန်းစဉ်မရှိသော်လည်း ကုမ္ပဏီက မြေယာများကို မည်ကဲ့သို့ ရရှိသည်။ အငှားချခဲ့သည်။ အသုံးချသည် စီမံခန့်ခွဲသည်ကို တစ်စိတ်တစ်ပိုင်း ဖြစ်စေ ရှင်းပြလျှင်။ (အပြန်အလှန်အားဖြင့်) |
| သုည - | ဖော်ပြပါမူဝါဒများ ချမှတ်ခြင်းဖြစ်စေ၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်စေ၊ မရှိလျှင်။ |

**၃၃။** ကုမ္ပဏီတွင် မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများကြောင့် နေရာရွှေ့ပြောင်းချထားခြင်း (သို့မဟုတ်) ပြန်လည်နေရာချထားခြင်းနှင့် ပတ်သက်သော မူဝါဒတစ်ခု ရှိပါသလား။ ရှိခဲ့လျှင် ထိုမူဝါဒကို မည်ကဲ့သို့ အကောင်အထည်ဖော်သည်ဟု ထုတ်ပြန်ခြင်း ရှိပါသလား၊

| | |
|---|---|
| ၁ မှတ် - | ကုမ္ပဏီတွင် ရွှေ့ပြောင်းခံလူအများ၏ အသက်မွေးဝမ်းကျောင်းကို မူလအခြေအနေ အတိုင်း ပြန်လည်ရောက်ရှိစေရန် လုပ်ဆောင်မည်ဟု ကတိကဝတ်ပြုခြင်းအပါအဝင် နိုင်ငံတကာ စံချိန်စံညွှန်း (ဥပမာ- IFC Performance Standard 5) နှင့် ကိုက်ညီသော မူဝါဒတစ်ခုရှိပြီး ထိုမူဝါဒကို မည်ကဲ့သို့ အကောင်အထည်ဖော်သည်ဟု ထုတ်ပြန်ခြင်း ရှိလျှင်။ |
| ၀.၅ မှတ် - | ယင်းသို့သော မူဝါဒမရှိသော်လည်း ပြောင်းရွှေ့ခြင်းနှင့် ပြန်လည်နေရာချထားခြင်းနှင့် ပတ်သက်သော အချက်များကို အများပြည်သူသို့ တင်ပြမှုလုပ်ငန်းစဉ်ကုမ္ပဏီတွင် ရှိလျှင်။ (အပြန်အလှန်အားဖြင့်) |
| သုည - | ပြောင်းရွှေ့ခြင်းနှင့် ပြန်လည်နေရာချထားခြင်းနှင့် ပတ်သက်သော မူဝါဒ (သို့မဟုတ်) သတင်းအချက်အလက်များ လုံးဝမတွေ့ ရလျှင်။ |

**၃၄။** ကုမ္ပဏီသည် မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် (သို့မဟုတ်) လိုအပ်သည်ဟုခံယူသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ သက်ရောက်မှုအပေါ် ဆန်းစစ်မှုများ ဆောင်ရွက်ပြီး စီမံခန့်ခွဲရေးအစီအစဉ်များကို ထုတ်ပြန်မှုမျိုး ပြုလုပ်ပါသလား။ ထုတ်ပြန်မှုပြုခဲ့လျှင် ထိုလေ့လာဆန်းစစ်မှု

များနှင့် စီမံခန့်ခွဲရေးအစီအစဉ်များသည် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှု အချက်အလက်များကို ထည့်သွင်းစဉ်းစားပါသလား။

၁ မှတ် - ကုမ္ပဏီသည် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှု အချက်အလက်များကို ထည့်သွင်းစဉ်းစားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ သက်ရောက်မှုအပေါ် လေ့လာဆန်းစစ်မှုများနှင့် စီမံခန့်ခွဲရေးအစီအစဉ်များ အားလုံးကို ထုတ်ပြန်ထားလျှင်။

၀.၅ မှတ် - အပြည့်အစုံမဟုတ်သော်လည်း အချို့သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ သက်ရောက်မှုအပေါ် လေ့လာဆန်းစစ်မှုများနှင့် စီမံခန့်ခွဲရေးအစီအစဉ်များကို ထုတ်ပြန်ထားလျှင် နှင့်/သို့မဟုတ် ယင်းထုတ်ပြန်ချက်များသည် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှု အချက်အလက်များကို လျော်ညီအောင် ထည့်သွင်းစဉ်းစားထားခြင်း မရှိလျှင်။

သုည - သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝသက်ရောက်မှုအပေါ် လေ့လာဆန်းစစ်မှုများနှင့် စီမံခန့်ခွဲရေး အစီအစဉ်များကို လုံးဝ မထုတ်ပြန်ထားလျှင်။

**၃၅။** ကုမ္ပဏီတွင် ဝန်ထမ်းများ၊ ဒေသတွင်းရှိလူများက ကုမ္ပဏီကို မကျေနပ်ချက်များ တိုင်ကြားရန်နှင့် နစ်နာချက်များဖြေရှင်းရန် လူသိရှင်ကြား ထုတ်ပြန်ထားသော လုပ်ငန်းစဉ် ရှိပါသလား။

၁ မှတ် - ဝန်ထမ်းများနှင့် ဒေသခံ ရပ်ရွာ ၂ ခုစလုံး၏ နစ်နာမှုများ (သို့) တိုင်ကြားချက်များ ဖြေရှင်းသည့် လုပ်ငန်းစဉ်တစ်ရပ်ရှိပြီး လုပ်ငန်းစဉ်နှင့် မည်ကဲ့သို့ အကောင်အထည်ဖော်သည်ကိုလည်း ဝန်ထမ်းများနှင့် ရပ်ရွာနှစ်ခုလုံးသိအောင် လူသိရှင်ကြား ထုတ်ပြန်ထားလျှင် (မြန်မာဘာသာဖြင့်လည်း ရှိရမည်)။ တိုင်းကြားမှု အမျိုးအစားများ အချက်အလက်များနှင့်ပတ်သက်ပြီး ဖြေရှင်းပြီး မပြီးဆိုသည်ကိုလည်း အကျဉ်းချုပ်ဖော်ပြထားရမည်။

၀.၅ မှတ် - ဝန်ထမ်းများနှင့် ဒေသခံ ရပ်ရွာ ၂ ခုစလုံး၏ နစ်နာမှုများနှင့် တိုင်ကြားချက်များ ဖြေရှင်းသည့်လုပ်ငန်းစဉ် တစ်ရပ်ရှိသော်လည်း ယင်းလုပ်ငန်းစဉ်နှင့် မည်ကဲ့သို့ အကောင်အထည်ဖော်သည်ကို ဝန်ထမ်းများနှင့် ရပ်ရွာနှစ်ခုလုံးသိအောင် လူသိရှင်ကြား ထုတ်ပြန်ထားခြင်း မရှိလျှင်။

သုည - ယင်းသို့သော တိုင်ကြားခြင်းနှင့် နစ်နာမှုများဖြေရှင်းသည့် လုပ်ငန်းစဉ်၏ အထောက်အထားများ လုံးဝ ထုတ်ပြန်ထားခြင်း မရှိလျှင်။

## နောက်ဆက်တွဲ (၂)

### မီဒီယာဖော်ပြချက်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း အကြံပြုချက်များအနှစ်ချုပ်

MCRB သည် လေ့လာဆန်းစစ်ခဲ့သော ကုမ္ပဏီ ၁၀၀ ၏ ကျန်းမာရေး၊ လုံခြုံရေး၊ သဘာဝ ပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် ပါဝင်ပတ်သက်ဆက်နွှယ်သူများ စေ့စပ်ဆွေးနွေးခြင်း ကိစ္စရပ်များနှင့် ပတ်သက်သော ဝေဖန်သုံးသပ်ချက်များ ပါဝင်သည့် ဇူလိုင် ၂၀၁၅ နှင့် ဇူလိုင် ၂၀၁၆ အကြား ကာလအတွင်း ဖော်ပြသည့် မြန်မာနှင့် အင်္ဂလိပ်ဘာသာ အွန်လိုင်း သတင်းအရင်းအမြစ်များကို လေ့လာခဲ့သည်။

အောက်ပါ သတင်းဖော်ပြချက်များသည် မီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် အများပြည်သူ လူထု ဝေဖန်ချက်များသည် အလုံးစုံပြီးပြည့်စုံသော ဖော်ပြချက်များ မဟုတ်ပေ။ ထိုအကြောင်းအရာ များသည် ပွင့်သစ်စ အစီရင်ခံချက်တွင် ပါဝင်သော အကြောင်းအရာအချက်များနှင့် ဆက်နွှယ်နေသော အကြောင်းအရာများ ဖြစ်သည့်အပြင် အင်တာနက်ပေါ်တွင် ရှာဖွေရလွယ်ကူသော အချက်များပင် ဖြစ်ပေ သည်။ အခြားသော သတင်းဖော်ပြချက်များ လည်းရှိနိုင်ပါသေးသည်။ အွန်လိုင်းပေါ်တွင် မပါဝင်သော သတင်းများ၊ ကုမ္ပဏီ၏ နာမည်ဖြင့် ဖော်ပြထားခြင်းမရှိသော သတင်းများ သို့မဟုတ် တိုင်ကြားချက်များ ရှိနေဆဲ သို့သော် ပြီးခဲ့သော နှစ်အတွင်းတွင် သတင်းဖော်ပြချက်မရှိခဲ့သေးသည့် သတင်းများလည်း ရှိနိုင်ပါသည်။ သိပ်မကြာမီ လများအတွင်းမှာပင် မြန်မာပြည်တွင်း မီဒီယာအချို့ အနေဖြင့် ကုမ္ပဏီကြီးများ ၏ အချက်ချာကျ အရေးကြီးသော စီးပွားရေးလုပ်ငန်း အလေ့အကျင့်လုပ်ဆောင်ချက်များအား ထုတ်ပြန် ခွင့်ရရှိလာကြသည်ဟု ခံစားရလာကြပေသည်။

ကုမ္ပဏီ၏ ဝဘ်ဆိုဒ်ပေါ်တွင် မူဝါဒများအား ရေးဆွဲကာ အကောင်အထည်ဖော်ပြုလုပ်မည် ဆို သော်လည်း ယခု ဤသတင်း ဖော်ပြချက်များတွင် ပါဝင်သော စွပ်စွဲချက်များ မှန်ကန်မှု ရှိ၊ မရှိ အား MCRB အနေဖြင့် အတည်ပြုနိုင်ရန် စစ်ဆေးခြင်း မပြုလုပ်နိုင်သေးပေ။ အတော်များများသော ကိစ္စရပ်များတွင် ထို မီဒီယာသတင်းထုတ်ပြန်ချက်များအား ကုမ္ပဏီအနေဖြင့် ပြန်လည်တုန့်ပြန်မှု ရှိ၊ မရှိ သို့မဟုတ် ပြေ လည်သွားခြင်း ရှိ၊ မရှိအား MCRB အနေဖြင့် ဖော်ထုတ်နိုင်ခြင်းလည်း မရှိပေ။ လက်ရှိ တည်ရှိနေသော ကုမ္ပဏီ၏ ဝဘ်ဆိုဒ်အား ကြည့်ရှုကာ ၎င်းတို့အနေဖြင့် ပြန်လည်ဖြေရှင်းထားခြင်း ရှိ၊ မရှိအား လေ့လာ ဆန်းစစ်ခဲ့ကြပေသည်။ MCRB က လုပ်ဆောင်နိုင်သည်မှာ သတင်းအကျဉ်းချုပ်အား ထိုကုမ္ပဏီထံသို့ ပေးပို့ကာ ၎င်းတို့၏ ထင်မြင်သုံးသပ်ဖြေရှင်းချက်အား တောင်းခံခြင်း ဖြစ်သည်။ ကုမ္ပဏီများ အနေဖြင့် လည်း ၎င်းတို့၏ အရေးကြီးသော အကြောင်းအရာအချက်အလက်နှင့် ပတ်သက်သည့် သတင်းအချက် အလက်များနှင့် မှန်ကန်မှုမရှိသော သတင်းထုတ်ပြန်ချက်များနှင့် ပတ်သက်သည့် ပြင်ဆင်ချက်များကို လည်း ဝဘ်ဆိုဒ်ပေါ်မှတဆင့် ဖော်ပြရန် တိုက်တွန်းခဲ့ပါသည်။ မက်(စ်) မြန်မာ ကုမ္ပဏီသည် ထိုသို့ပြုလုပ် သော တစ်ခုတည်းသော ကုမ္ပဏီဖြစ်သည်။ MCRB အနေဖြင့်လည်း ယခုအစီရင်ခံစာတွင် ပါဝင်သော အကြောင်းအရာများနှင့် ဆက်နွှယ်သော ကုမ္ပဏီ၏ အလေ့အကျင့်များအပေါ် တုံ့ပြန်သုံးသပ်ချက်များ အား ပေးပို့ရန် အရပ်ဘက်လူ့အဖွဲ့အစည်းများထံသို့ ဖိတ်ခေါ်လိုက်ပါသည်။

### မြန်မာ့စီးပွားရေး ဦးပိုင် လီမီတက်

ဇန်နဝါရီလ၊ မင်္ဂလာဒုံမြို့နယ်တွင် ငါးလုပ်ငန်းနှင့် မွေးမြူရေးဝန်ကြီးဌာန ပိုင်မြေနေရာမှ အိမ်ခြေ ၄၇၈ မှ မိသားစုများသည် ရွှေ့ပြောင်းခြင်း ခံခဲ့ကြရပြီး အိမ်များသည် ဖျက်စီးခံခဲ့ကြရသည်။ ထိုမြေသည် မြန်မာ့စီးပွားရေးဦးပိုင်လီမီတက်ထံသို့ ငှားရမ်းထားခြင်း ဖြစ်သည်။ မီဒီယာ သတင်းထုတ်ပြန်ချက်အရ ၂၀၁၄ တွင် နေထိုင်သူတစ်ဦးမှာ မြေကို ဝယ်ယူခဲ့ကြောင်း သတင်းရရှိထားခဲ့ပါသည်။[47]

47 Hundreds of families evicted from Mingaladon, Myanmar Times, 27 January 2016

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်မှ လက်ပံတောင်း ကြေးနီစီမံကိန်းမှာ ၂၀၁၆ တွင် ပြန်လည်လုပ်ကိုင်လာပြီး ဆန္ဒပြမှုများနှင့် ဆက်လက်၍ ကြုံတွေ့ရဆဲဖြစ်သည်။ ထိုစီမံကိန်းတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမီတက်က ရှယ်ယာအများဆုံး ပိုင်ဆိုင်ထားသည်။ ထိုစီမံကိန်းနှင့် ပတ်သက်ပြီး ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများနှင့် မြေယာသိမ်းဆည်းမှုများကို ဒေသခံများက ဆန္ဒပြမှုများစွာ ပြုလုပ်ခဲ့ကြပြီး ဖမ်းဆီးခံရမှုများလည်း ရှိခဲ့ကြသည်။[48]

## မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်း

မကွေးတိုင်းဒေသ၊ အောင်လံမြို့နယ် ကျောက်ဆွဲရိုးရွာအနီးတွင် သံမဏိစက်ရုံ တည်ဆောက်ရန်အတွက် ၁၉၉၇ ခုနှစ်တွင် မြေ ဧက ၄၀၀ ကျော် သိမ်းဆည်းခြင်းခံရသော စွဲချက်ဖြင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းထံမှ ဒေသခံများက လျော်ကြေးရရှိရန် ဆက်လက်တောင်းခံဆဲ ဖြစ်သည်။[49]

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် လင်းစတောင်း MEC ဂက်(စ်) စက်ရုံပေါက်ကွဲမှုတွင် အလုပ်သမား ၃ ယောက် ဒဏ်ရာရရှိခဲ့သည်။ ထိုစက်ရုံသည် လူနေရပ်ကွက်တွင် တည်ရှိပြီး ထိုနားတစ်ဝိုက်နေထိုင်သော အိမ်နီးနားချင်းများအနေဖြင့် စက်ရုံ၏ လုံခြုံစိတ်ချရမှု အပေါ်တွင် စိုးရိမ်စိတ်မကင်း ဖြစ်နေကြသည်။[50]

## International Group of Entrepreneurs (IGE)

IGE နှင့် တရုတ်တို့မှ ပူးတွဲ အကောင်အထည်ဖော်လျှက်ရှိသော မိုင်းတုန် ရေအားလျှပ်စစ်စီမံကိန်းသည် ထိုဝန်းကျင်ဇရိယာအတွင်း နေထိုင်နေသော တိုင်းရင်းသားများက  ဆန့်ကျင်နေကြပြီး ၎င်းတို့၏ EIA လုပ်ဆောင်ချက်မှာလဲ ဆန္ဒပြခြင်းကို ခံနေရပါသည်။ [51]

## မက်(စ်) မြန်မာ

မွန်ပြည်နယ် ဘီးလင်းမြို့ရှိ လယ်သမား အယောက် ၂၀ က ၎င်းတို့၏ လယ်မြေများထံမှ စွန့်ခွာရန် မက်(စ်)မြန်မာထံမှ ဖိအားပေးခြင်းခံခဲ့ရသည်ဟု စွပ်စွဲပြောဆိုချက်အပေါ် အဆိုပါ ရွှေရောင်ပြရာဘာစိုက်ပျိုးမြေအတွက် နစ်နာကြေး သင့်တင့်လျောက်ပတ်စွာ ပေးအပ်ပြီးပြီဟု မက်(စ်)မြန်မာက တုန့်ပြန်ချက် ပြောကြားခဲ့သည်။ [52]

.

## ဒေါင်

MCRB မှ စီစဉ်ဆောင်ရွက်ခဲ့သော ခရီးသွားလုပ်ငန်းနှင့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော ကဏ္ဍပေါင်းစုံမှ ပါဝင်ပတ်သက်ဆက်နွယ်သူများ အလုပ်ရုံဆွေးနွေးပွဲတွင် ဒေသခံပတ်သက်ဆက်နွယ်သူများက ၎င်းတို့ဒေသမှ ဒေသခံနေထိုင်သူများထံမှ မြေများကို စစ်တပ်ကသိမ်းယူထားပြီး ထိုမြေပေါ်တွင်

48 Farmers protest resumption of letpdaung coppermine, Irrawaddy, 5 May 2016

49 Compensation claimed for MEC Steel Mill Land grab, Irrawaddy (in Burmese), 20 May 2016

50 Police charge junior engineer over fire at MEC Gas Factory, Myanmar Times, 24 August 2015

51 Thanlwin dam projects unjust: civil society, Myanmar Times, 9 July 2015

52 At a southern plantation, laments for lost land, Irrawaddy, 24 May 2016.  Max Myanmar ၏ တုန့်ပြန်မှုကို ၎င်းတို့၏ Newsroom တွင် တွေ့နိုင်ပါသည်။ future strategy for the rubber plantation at Shwe Yaung Pya.

ဒေင် ပေလီဟိုတယ် တည်ဆောက်ခြင်းနှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုအား ဖော်ထုတ်ပြောဆိုခဲ့ကြပါသည်။ ပုဂံ ရေးဟောင်းယဉ်ကျေးမှု ဇုန်အတွင်းမှာလည်း ထိုသို့ပင်ဖြစ်သည်။

### ဇေကမ္ဘာ

၂၀၁၀ တွင် ဖြစ်ခဲ့သော မြေယာအငြင်းပွားမှုကိစ္စရပ် ဆက်စပ်သောအားဖြင့် ဧပြီလတွင် မင်္ဂလာဒုံမြို့နယ်ရှိ ဘုန်းကြီးကျောင်း၏ တစ်စိတ်တစ်ဒေသအား ဖျက်စီးမှုဖြင့် ဇေကမ္ဘာသည် စွပ်စွဲခြင်း ခံထားရပေသည်။ ဇေကမ္ဘာ၏ စက်မှုဇုန်အသစ် တည်ဆောက်ခြင်းအတွက် မြေယာသိမ်းဆည်းခြင်းမှ စတင်ကာ ဇေကမ္ဘာနှင့် ဒေသခံနေထိုင်သူများအကြား သဘောမတူညီမှုများမှ စတင်ကာ ပဋိပက္ခဖြစ်ပွားလာခြင်းဖြစ်သည်။[53]

### ယုဇန

ဖားကန့်မြို့နယ်အတွင်းရှိ လယ်သမားများ၏ လယ်မြေများကို ၂၀၀၇ တွင် ယုဇနကုမ္ပဏီက သိမ်းယူခဲ့ပြီး မြန်မာအစိုးရ က လယ်သမားများအား ပြန်လည်နေရာချထားရေးတွင် ကြားဝင် ဝင်ရောက်ဖြန်ဖြေပေးရန် ကချင်ပြည်နယ်မှ ရွာသူရွာသား အယောက် ၈၀၀၀ သည် သမ္မတ ဦးထင်ကျော်ထံသို့ အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့သည်။[54] ထို အိတ်ဖွင့်ပေးစာထဲတွင် ပါရှိသည်မှာ ရွာ ၉ ရွာ သည် ပြန်လည် နေရာရွှေ့ထားခြင်းခံခဲ့ရပြီးနောက် ၄ ရွာမှာ ထိုဧရိယာအတွင်း စိုက်ပျိုးထုတ်လုပ်မြေ ချဲ့ထွင်နိုင်ရန်အတွက် ဖျက်စီးခြင်းခံခဲ့ရကြောင်း ပါရှိသည်။

### ကောင်းမြန်မာအောင် အုပ်စု (ကေအမ်အေ)

၂၀၀၉ ခုနှစ် ကျွန်းပင်စိုက်ပျိုးမှု မတိုင်ခင်တွင် ကောင်းမြန်မာအောင် ကုမ္ပဏီအုပ်စုအနေဖြင့် မြေဧကပေါင်း ထောင်ချီအား သိမ်ဆည်းမှု ပြုလုပ်ခဲ့သည်ဟု ပဲခူးတိုင်းဒေသ၊ တောင်ငူရှိ လယ်သမား အယောက် ၂၀ က စွပ်စွဲခဲ့သည်။ တရားစွဲဆိုရန် တိုင်ကြားထားသော အချို့သော လယ်သမားများအနေဖြင့် ကုမ္ပဏီ၏ မြေယာအသုံးချမှုအပေါ် ဆက်လက်ဆန္ဒပြလျက်ရှိပြီး ပိုင်နက်ကျူးကျော်မှုနှင့် အသရေဖျက်မှုဖြင့် အရေးယူခြင်းခံထားရပေသည်။[55]

### Capital Diamond Star

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် Capital Diamond Star ပိုင် ပရီမီယာကော်ဖီအား အလုပ်သမားဥပဒေ ချိုးဖောက်မှုဖြင့် တရားစွဲဆိုထားပါသည်။ အချိန်ပိုလုပ်ခလစာဖြတ်ပိုင်းနှင့် နားရက်များနှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြနေသော အလုပ်သမား ၃၀၀ နီးပါးထံမှ တိုင်စာများအား ဝန်ကြီးဌာနအနေဖြင့် အတည်ပြုစစ်ဆေးခဲ့ပါသည်။ ကုမ္ပဏီမှ မပေးရသေးသောအချိန်ပိုကြေးများ ပြန်လည်ပေးအပ်ပြီးသောအခါမှာ အဆိုပါကိစ္စရပ်မှာ ပြေလည်သွားပြီ ဖြစ်ပါသည်။[56]

53 Zaykabar company accused of destroying monastery, Myanmar Times (Burmese), 27 April 2016
54 Kachin Farmers urge government to address Yuzana land confiscation, Irrawaddy 11 May 2016
55 Toungoo farmers restate claims of landgrabbing against well-known businessman, Irrawaddy, 12 February 2016
56 Premier Coffee pays back overtime, lawsuit dismissed, Myanmar Times, 26 July 2016



Myanmar Centre for Responsible Business

**ADDRESS:**
15 Shan Yeiktha Street,
Sanchaung, Yangon, Myanmar

**P.** +95 1 510069
**E.** info@myanmar-responsiblebusiness.org
www.mcrb.org.mm
www.myanmar-responsiblebusiness.org